# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၈၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ စနေနေ့။


**ဒို့တာဝန်အရေး (၃) ပါး**

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## SEA Games အားကစားပြိုင်ပွဲ အမျိုးအစားအသီးသီးမှာ ပါဝင်ယှဉ်ပြိုင်နေကြတဲ့ အမိနိုင်ငံရဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာ အားကစားမောင်မယ်တွေအားလုံးကို တစ်နိုင်ငံလုံး ပြည်သူလူထုတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်အားပေးလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များသို့ သဝဏ်လွှာပေးပို့-

စာမျက်နှာ (၃)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mme Li Xiaolin နှင့်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အနာဂတ်လူငယ်ပညာတော်သင်များလဲလှယ်ခြင်း၊ အရည်အသွေးမြင့်မားရေးဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E.Mme Li Xiaolin နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေး အဆင့်မြှင့်တင်ထားမှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များအဖြစ် ယဉ်ကျေးမှုဖလှယ်ခြင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းခြင်းများပါရှိပြီး အသင်းလှုပ်ရှားမှုများကိုလည်း အများအပြား ဆောင်ရွက်နိုင်ခဲ့မှု၊ အနာဂတ်လူငယ်ပညာတော်သင်များ လဲလှယ်ခြင်း၊ အရည်အသွေးမြင့်မားရေးဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို ပိုမို ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်းထား**

တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းကို နိုင်ငံပေါင်း ၁၈၇ နိုင်ငံတွင် အသင်းအဖွဲ့ပေါင်း ၅၀၀ ကျော်ဖွဲ့စည်းထားရှိပြီး ၂၀၁၄ ခုနှစ် မေလတွင် အသင်း၏ သက်တမ်းမှာ နှစ် ၆၀ ပြည့်မြောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ယနေ့ မာတိကာ**


ရုရှားက ယူကရိန်းကို ညီအစ်ကိုအဖြစ် ကူညီမည် စာ-၄

ကွန်ပျူတာ၊ အင်တာနက် နည်းပညာ အခမဲ့ သင်တန်းဖွင့် စာ-၁၀

နိုင်ငံခြားသားခရီးသွားများ ဆိုင်ကယ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ် စာ-၁၁


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကြိုးစားအားထုတ်မှု၏ရလဒ်

ကြိုးစားအားထုတ်မှုတစ်ခုသည် အဆုံး၌အောင်မြင်ရမည်ဖြစ်သော်လည်း တစ်ခါတစ်ရံလွဲချော်မှုတစ်ခုခုကြောင့် မအောင်မြင်သည်လည်းရှိတတ်ပါသည်။ သို့သော် ကြိုးစားအားထုတ်မှုတိုင်းသည် အချည်းအနှီးမဖြစ်ပါ။ ကြိုးစားအားထုတ်မှုနှင့် ထိုက်တန်သော ရလဒ်ကောင်းတစ်ခုတော့ရတတ်ပါသည်။ မကြိုးစားဘဲမအောင်မြင်ခြင်းထက် ကြိုးစား၍ မအောင်မြင်ခြင်းက သာလွန်ပါသည်။ နောက်တစ်ကြိမ် ကြိုးစားမှုတွင် ကြိုးစားသူသည် အောင်မြင်ရန်အနီးဆုံးနေရာ၌ ရှိပါသည်။

ကြိုးစား၍မအောင်မြင်သောသူနှင့် မကြိုးစား၍မအောင်မြင်သောသူတို့သည် အမှန်ပင်ခြားနားသည်။ ကြိုးစား၍မအောင်မြင်သောသူသည် လွဲချော်အားနည်းချက်များကို အသေအချာပြုပြင်လိုက်မည်ဆိုလျှင် သေချာပေါက်အောင်မြင်ရန်သာရှိပါသည်။ မကြိုးစားသူကား ထိုသို့မဟုတ်ပါ။ မကြိုးစားသူသည် အောက်ဆုံးအဆင့်မှ စတင်ရမည်ဖြစ်၍ အောင်မြင်မှုတစ်ခုရရှိရန် အရှိန်အဟုန်ပြင်းစွာ အားထုတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကြိုးစားမှုတိုင်းသည် အလဟဿအချည်းအနှီးမဖြစ်ပါ။ ကြိုးစားမှုနှင့်ထိုက်တန်သော တုံ့ပြန်မှုသည် ရှိစမြဲဖြစ်ပါသည်။

ယခုဆီးဂိမ်းပြိုင်ပွဲကြီးတွင် အောင်မြင်သူများရှိကြသကဲ့သို့ မအောင်မြင်သူများလည်းရှိသည်။ တစ်နည်းဆိုလျှင် ကျွန်ုပ်တို့နိုင်ငံအတွက် ဆုတံဆိပ်များ မဆွတ်ခူးပေးနိုင်သူများလည်း ရှိတန်ရာ၏။ သို့သော် ဆုမရခဲ့သဖြင့် စိတ်ပျက်အားငယ်ဖွယ်ရာမရှိပါ။ နောင်လာလတ္တံ့သောပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရန် ဆက်လက်ကြိုးစားအားထုတ်ဖို့သာရှိ၏။ ကြိုးစားခဲ့မှုမှန်သမျှသည် သဲထဲရေသွန်သကဲ့သို့ အချည်းအနှီးဖြစ်သွားခဲ့ခြင်းမဟုတ်ပါ။ ယခုရရှိထားသည့်အနေအထားမှ စံချိန်များ တဖြည်းဖြည်းတက်လာအောင် ကြိုးစားရန်သာလိုသည်။ နောင်ပြိုင်ပွဲများအတွက် အကောင်းဆုံးပြင်ဆင်ထားကြရမည်သာဖြစ်၏။

ထိုနည်းလည်းကောင်းပင် ကျွန်ုပ်တို့အနေဖြင့် မည်သည့်ကြိုးစားအားထုတ်မှုမျိုးမဆို ပထမတစ်ကြိမ် ကြိုးစားအားထုတ်၍ မအောင်မြင်ခဲ့သော် စိတ်ပျက် အားမလျှော့သင့်ပါ။ ဆက်လက်ကြိုးစားအားထုတ်ခြင်းဖြင့် အောင်မြင်မှုရရှိလာမည်ဖြစ်ပါသည်။ ကြိုးစားအားထုတ်လုပ်ကိုင်သူတိုင်းသည် မကြိုးစားသူများထက် သာလွန်စမြဲဖြစ်သည်။ အနည်းဆုံးအတွေ့အကြုံအလေ့အကျင့်များ ရရှိနိုင်ပါသည်။

သို့သော် အချို့သောသူများသည်ကား ငါ၏ကြိုးစားမှုသည် အရာမထင်၊ ကြိုးစားမှုသည် အကျိုးမရှိဟုမှတ်ယူကာ စိတ်ပျက်အားလျှော့တတ်သည်။ အမှန်အားဖြင့် ထိုသို့အားလျှော့ခြင်းကား မဖြစ်သင့်ပါ။ အားနည်းချက်များကို အကောင်းဆုံးပြုပြင်ပြီးနောက် တစ်ဖန်ကြိုးစားအားထုတ်သင့်၏။ ချောတိုင်ထိပ်ကအောင်လံကို ရယူလိုသူများသည် အောင်လံကိုတစ်ကြိမ်တည်းနှင့် ရကြသည်မဟုတ်ပါ။ အကြိမ်ကြိမ် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်ကြရပါသည်။ ကြိုးစားအားထုတ်မှု၏ အဆုံးအစွန်၌ အောင်မြင်မှုရှိသည်ကား အမှန်ပင်ဖြစ်ပါသည်။ ။

## ပြည်တွင်းသတင်း

# ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးစိမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများသို့ ပံ့ပိုးပေးမည့်အသေးစားချေးငွေနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့်ရေလုပ်ငန်းသုံးစက်ကိရိယာများ၊ ခရိုင်အလိုက် အသင်းသားတောင်သူများ အခြေအနေနှင့် ဒုတိယဝန်ကြီး ဦးသန်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကိုးသိန်းအားကစားကွင်း၌ ကျင်းပမည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားအတွက် စင်မြင့်ဆောက်လုပ်ထားမှု၊ ပရိသတ်များနေရာချထားရန်စီစဉ်မှု၊ အရစ်ကျပံ့ပိုးပေးမည့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးစက်ကိရိယာများ၊ ပြခန်းများ၊ ခင်းကျင်းပြသရန် စီစဉ်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် ပုသိမ်မြို့ သမဝါယမသင်တန်းကျောင်းသို့ သွားရောက်ပြီး လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် ကွန်ပျူတာသင်တန်းနှင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ရက်တိုသင်တန်းတို့မှ သင်တန်းသားများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက အနာဂတ်သမဝါယမလုပ်ငန်းတွင် အသေးစားငွေစုငွေချေး (Microfinanec) လုပ်ငန်းကို အခြေခံပြီး သမဝါယမအသင်းများ အဆင့်မြှင့်တင်ရန် ကြိုးစားလျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်၏ အဓိကလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကို သမားရိုးကျလက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ပြောင်းလဲနိုင်အောင် ကြိုးစားကြရန်လိုကြောင်း၊ ကျေးရွာသမဝါယမအသင်း၊ မြို့နယ်သမဝါယမအသင်းစုများကို ကျေးရွာအသေးစား ငွေရေးကြေးရေးအဖွဲ့ဖြစ်လာအောင် အသေးစားချေးငွေလုပ်ငန်းဖြင့် အခြေခံဆောင်ရွက်ရန်လိုကြောင်း၊ အခြေခံအသင်းနှင့် မြို့နယ်အသင်းစုများက အသင်းသားများလိုအပ်သည့် ပစ္စည်းများကို ပံ့ပိုးသည့်ဌာနဖြစ်လာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ အခြေခံအသင်းနှင့် မြို့နယ်အသင်းစုများက အသင်းသားများလိုအပ်သော နည်းပညာနှင့် သတင်းအချက်အလက်ပြန့်ပွားရေးဌာနအဖြစ် ဆောင်ရွက်နိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်ပစ္စည်းအရည်အသွေးစစ်ဆေးခွဲခြားခြင်း၊ ထုပ်ပိုးခြင်း၊ ဈေးကွက်တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်နိုင်သောအဆင့်များဖြစ်အောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ထိုလုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအမှုဆောင်များ၊ သမဝါယမဝန်ထမ်းများ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုအတွက် ဆောင်ရန်၊ ရှောင်ရန်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသားရှစ်ဦးအား ပြန်လည်လွှဲပြောင်းလက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ ချင်းရိုင်ရာအမျိုးသားစောင့်ရှောက်ရေးဂေဟာရှိ လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသားရှစ်ဦးကို နေရပ်လိပ်စာများ အတည်ပြုပြီးပါက မြန်မာနိုင်ငံသို့ အမြန်ပြန်လည် လွှဲပြောင်းလက်ခံပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းကို ဒီဇင်ဘာ ၁၇ ရက်က တာချီလိတ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်ရုံး၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးအဖွဲ့(BCATIP) အစည်းအဝေးမှ သိရှိရသည်။

**ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ၁၃ ဦး၏ ထွက်ဆိုချက်များကို ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးပို့သွားရန်၊ နှစ်နိုင်ငံလူပွဲစားများ သတင်းရရှိပါက လက်ဦးမှုရရှိရေးအတွက် E-mail ဖြင့် ဆက်သွယ်ဆောင်ရွက်သွားကြရန်နှင့် BCATIP အဖွဲ့ဝင်များ လာရောက်ပူးပေါင်း စစ်ဆေးအတည်ပြုဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ တာချီလိတ်လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဋ္ဌ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်းဦးဆောင်သည့် အဖွဲ့ဝင် ၁၉ ဦးနှင့်ထိုင်းနိုင်ငံမှ Mr.Preedar Kunarmar (Chief of Social Development and Human Security Office of Chiangrai) ဦးဆောင်သည့် အဖွဲ့ဝင် ၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လပြည့်ဝန်း**



# ပရဟိတကျောင်းသို့ တရုတ်သံရုံးက ကျပ်သိန်း ၁၂၀၀ နှင့် ဆန်အိတ်များလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်းတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဆုတောင်းပြည့်တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသို့ ငွေကျပ်သိန်း ၁၂၀၀ နှင့် ဆန်အိတ် ၁၅၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် တရုတ်နိုင်ငံသံအမတ်ကြီး H.E .Mr. Yang Houlan က ပရဟိတကျောင်း ကျောင်းအုပ်ကြီး ဆရာတော်ဦးနန္ဒဝံသအား အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ပရဟိတကျောင်း၌ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၇၀၀ ကျော်ရှိ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မိဘမဲ့ကလေးများဖြစ်ကြသည်။ တရုတ်နိုင်ငံသံရုံးမှလှူဒါန်းငွေများကို ကလေးများ စာသင်ကြားရန်အတွက် သုံးထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

## ခရမ်းကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ခရမ်းအထက-၁၊ အထက-၂ (မြို့မ) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်။ အသက်(၆၀)ပြည့် ပင်စင်ယူပြီးသော ဆရာ ဆရာမကြီးများ ပူဇော်ခံကြွရောက်ကြပါရန်နှင့် တပည့်ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** - သာသနာ့ဗိမာန်တော်-သကျမာရဇိန်သွန်းဘုရားကြီး၊ ခရမ်းမြို့

**ကျင်းပမည့်နေရက်** - ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉း၃၀နာရီ

**ဆက်သွယ်လှူဒါန်းလိုပါလျှင်**

| | | | |
|---|---|---|---|
| ၁။ ဦးစိန်သန်းအောင် | ဖုန်း-၀၉-၄၂၀၁၇၄၈၂၁ | ၉။ ဦးလမင်း | ဖုန်း-၀၉-၅၁၇၆၅၇၄ |
| ၂။ ဦးသက်ထွန်းဦး | ဖုန်း-၀၉-၄၉၂၃၂၄၂၈ | ၁၀။ ဦးသက်နောင်ဝင်း | ဖုန်း-၀၉-၇၃၀၅၀၂၂၂ |
| ၃။ ဦးကျော်ထက်လင်း | ဖုန်း-၀၉-၈၆၄၆၁၁၉ | ၁၁။ ဦးလှမျိုးဆက် | ဖုန်း-၀၉-၈၆၄၅၄၁၄ |
| ၄။ ဦးမြင့်သက်ဦး | ဖုန်း-၀၉-၄၄၈၀၁၈၉၁၀ | ၁၂။ ဒေါ်မြင့်သက်ခိုင် | ဖုန်း-၀၉-၅၁၆၃၁၀၉ |
| ၅။ ဦးမောင်တီး | ဖုန်း-၀၉-၄၅၀၀၁၅၃၃၆ | ၁၃။ ဒေါ်ယဉ်ယဉ်သန်း | ဖုန်း-၀၉-၅၁၉၀၈၀၃ |
| ၆။ ဦးမိုးကျော်ခိုင် | ဖုန်း-၀၉-၈၆၄၅၇၀၁ | ၁၄။ ဦးဇော်မျိုးအောင် (နေပြည်တော်) | ဖုန်း-၀၉-၄၉၂၂၀၀၅၉ |
| ၇။ ဒေါ်အေးယုမာ | ဖုန်း-၀၉-၄၂၀၂၃၀၈၀၁ | | |
| ၈။ ဦးဇော်လင်း | ဖုန်း-၀၉-၅၅၀၂၀၁၃ | ၁၅။ ဦးတင်မျိုးနိုင် (နေပြည်တော်) | ဖုန်း-၀၉-၅၀၄၇၇၃၆ |

ရပ်နီးရပ်ဝေးမှတပည့်များ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် ၀၄၀၁၂၂၀၀၁၁၇၄၂ (ရွှေဘုံသာဘဏ်ခွဲ) သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်စက်ဆန်း မထသ ကားဂိတ်မှ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပြည်ခိုင်ဖြိုးကားဂိတ်မှ ၂၉ ရက် နံနက် ၇ နာရီတွင်လည်းကောင်း ကားများ ခရမ်းမြို့သို့ ထွက်မည်ဖြစ်ပါသည်။




# ''မြန်မာ'' ဆိုတဲ့ နိုင်ငံ့ဂုဏ်၊ ''မြန်မာ'' ဆိုတဲ့ အမျိုးသားရေးသိက္ခာကိုအစွမ်းကုန်မြှင့်တင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များသို့ ပေးပို့သောသဝဏ်လွှာ-

**အမိနိုင်ငံတော်ကို ကိုယ်စားပြုသော အားကစားပြိုင်ပွဲဝင် မောင်တို့ မယ်တို့-**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ ယနေ့အချိန်အခါမှာ ပြိုင်ပွဲဝင် အားကစားမောင်မယ်များဟာ လှေခွက်ချည်းကျန် အလံမလှဲသော စိတ်ဓာတ်ကို ရင်ဝယ်ပိုက်လျက် ကြိုးစားယှဉ်ပြိုင်နေကြတာကို မျက်ဝါးထင်ထင် မြင်နေရသလို ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်နဲ့ တစ်ခဲနက် အားပေးကြလျက်ရှိပါတယ်။ အမျိုးမျိုးသော အားကစားပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေကို ရယူနိုင်ခဲ့တာဟာ မောင်တို့မယ်တို့ရဲ့ အနှစ်နှစ် အလလ အပင်ပန်းခံကြိုးစားအားထုတ်ခဲ့မှုတွေရဲ့ ရလဒ်တွေပဲဖြစ်ပါတယ်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲမှာဆိုရင် တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်တွေကို ထမ်းပိုးထားခဲ့တဲ့ သမီးငယ်တွေဟာ အမိနိုင်ငံရဲ့ သမီးကောင်းရတနာများပီပီ တတ်နိုင်သမျှဆိုတာထက် သာလွန်တဲ့ကြိုးစားအားထုတ်မှုနဲ့ မြန်မာနိုင်ငံသားတွေရဲ့ အနိုင်မခံအရှုံးမပေးတဲ့စိတ်ဓာတ်၊ အိမ်ရှင်နိုင်ငံရဲ့ သန့်ရှင်းမျှတတဲ့ အားကစားစိတ်ဓာတ်၊ အသင်းလိုက် စည်းလုံးညီညွတ်မှု၊ မခိုမကပ်တမ်း ကြိုးစားအားထုတ်မှုတို့ကို စံနမူနာ အတုယူဖွယ်ရာ လက်တွေ့ပြသခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများကိုယ်စား ချီးကျူး ဂုဏ်ပြုလိုက်ပါတယ်။

ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆု၊ ကြေးတံဆိပ်ဆုတွေ အသီးသီးရယူနိုင်ခဲ့ကြတဲ့ အားကစားမောင်မယ်တွေအတွက် ဂုဏ်ယူဝင့်ကြွားနိုင်ပြီဖြစ်သလို ဆုတံဆိပ်မရရှိခဲ့ကြပေမယ့်လည်း အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ကြပြီး ကံအကြောင်းမလှလို့ ဆုတံဆိပ်တွေနဲ့ လွဲချော်ခဲ့ကြရတဲ့ မောင်မယ်တွေအတွက်လည်း ဂုဏ်ယူအားပေးလျက်ရှိပါတယ်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းဆိုရင်လည်း ရွှေတံဆိပ်ဆုကို မရရှိနိုင်ခဲ့ပေမယ့် ပြည်သူတွေပေးတဲ့ ချန်ပီယံဆုကို ရရှိခဲ့ကြပြီဖြစ်ပါတယ်။ အလားတူပါပဲ SEA Games အားကစားပြိုင်ပွဲ အမျိုးအစားအသီးသီးမှာ ပါဝင်ယှဉ်ပြိုင်နေကြတဲ့ အမိနိုင်ငံရဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာ အားကစားမောင်မယ်တွေအားလုံးကို တစ်နိုင်ငံလုံး ပြည်သူလူထုတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် အားပေးလျက်ရှိနေကြပါတယ်။ နိုင်ငံရဲ့ သမိုင်းနဲ့ SEA Games ပြိုင်ပွဲသမိုင်းမှာ ဂုဏ်ယူဖွယ်ရာ မှတ်တမ်းသစ်တွေ ရေးထိုးနိုင်ခဲ့ကြပြီဖြစ်တဲ့ အားကစားမောင်မယ်အားလုံးအတွက် ပြည်သူအားလုံးရဲ့ကိုယ်စား နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်သမ္မတအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ဆက်လက် ယှဉ်ပြိုင်ကြရမယ့် အားကစားပြိုင်ပွဲအသီးသီးမှာလည်း "မြန်မာ" ဆိုတဲ့ နိုင်ငံ့ဂုဏ်၊ "မြန်မာ"ဆိုတဲ့ အမျိုးသားရေးသိက္ခာကို အစွမ်းကုန်မြှင့်တင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားကြမယ် ဆိုတာကိုလည်း အပြည့်အဝ ယုံကြည်ပါတယ်။ ကိုယ်စီတာဝန်ကျေပွန်ခဲ့ကြပြီဖြစ်တဲ့ အားကစားမောင်မယ်များအားလုံး ရှေ့ဆက်ပြီးလည်း နိုင်ငံ့ပုံရိပ်နဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို ဂုဏ်ယူဝင့်ကြွားနိုင်အောင် ဆက်လက်ကြိုးပမ်းမြှင့်တင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Samdech Akka Moha Ponhea Chakrei Heng Samrin၏ ဖိတ်ကြားချက်အရ လေကြောင်းခရီးစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သတင်း၊ မီဒီယာနှင့် နိုင်ငံခြားရေးရာကော်မရှင် ဥက္ကဋ္ဌ H.E.Mr. Chheang Vun နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချို့ထွန်းအောင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ဆီးဂိမ်းပြိုင်ပွဲများ ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုပေးနေ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ယမန်နေ့နံနက် ၈ နာရီက လယ်ဝေးမြို့ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအဖွဲ့အား တွေ့ဆုံပြီး ပြိုင်ပွဲမှ အတွေ့အကြုံများကိုယူ၍ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ကြရန်မှာကြားပြီး စာသင်ခန်း၊ အိပ်ဆောင်၊ ဆေးသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါအဖွဲ့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ကျန်းမာရေးဌာနများမှ ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၂၀ တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၈-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ 'မွေလက်ဝှေ့ပြိုင်ပွဲ မြန်မာမှ စောဒါပိုးနှင့် စိုးလွင်ဦးဆီမီးဖိုင်နယ်တက် 'အစား **'မွေလက်ဝှေ့ပြိုင်ပွဲ မြန်မာမှ စောဒါပိုးနှင့် စိုးလင်းဦး ဆီမီးဖိုင်နယ်တက်'**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာတည်း**

✳ *ကျောဖုံးမှ*

ခဲ့ရာ ဂိုးဝင်ခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြန်သည်။ ပထမပိုင်းပွဲချိန်အပြီးတွင် မြန်မာအမျိုးသမီးအသင်းက သုံးဂိုးပြတ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း မြန်မာအသင်း ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်မှူးများ အဝင်အထွက်နောက်ကျနေမှုကြောင့် ဂိုးမသွင်းနိုင်ဘဲဖြစ်နေခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် မလေးရှားတို့ အပိုင်ဂိုးသွင်းခွင့်ရရှိသော်လည်း မလေးရှားတိုက်စစ်မှူး ဆန္ဒစောမှုကြောင့် အရာမထင်ဖြစ်ခဲ့သည်။

မြန်မာအသင်း မလေးရှားတိုက်စစ်ကိုဟန့်တားရင်း ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၆၉ မိနစ်တွင် မြန်မာမှ ရီရီဦးက မလေးရှား ဂိုးဧရိယာအတွင်း ဘောလုံးကို ဆွဲယူလာပြီး သွင်းယူခဲ့သဖြင့် မြန်မာတို့ စတုတ္ထဂိုးရရှိခဲ့ပြန်သည်။ မြန်မာအသင်း ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၈၃ မိနစ်တွင် စန်းစန်းထွေးက ညာခြမ်းမှ အမြောက်ကန်သွင်းယူခဲ့ရာ မလေးရှားဂိုးသမားကာကွယ်ခဲ့သော်လည်း ဂိုးဝင်သွားသဖြင့် မြန်မာတို့ပဥ္စမဂိုးရရှိခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၉၁ မိနစ်တွင် မြန်မာအသင်းမှ သန်းသန်းထွေး ဖြတ်ပေးလိုက်သည့် ဘောလုံးကို မြင့်မြင့်အေးက ပိတ်သွင်းယူခဲ့သဖြင့် မြန်မာတို့ ခြောက်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိကာ တတိယနေရာ ရရှိခဲ့ခြင်း ဖြစ်သည်။



နိုင်ငံတကာသတင်း

## ထိုင်းဆန္ဒပြခေါင်းဆောင်များ၏ ငွေစာရင်းများအား ရပ်ဆိုင်းမည်

ဗန်ကောက် ဒီဇင်ဘာ ၂၀

ထိုင်းအထူးစုံစမ်းစစ်ဆေးရေးဌာနက အစိုးရဆန့်ကျင် ဆန္ဒပြခေါင်းဆောင် ၁၈ ဦး၏ ဘဏ်ငွေစာရင်းများကို ရပ်ဆိုင်းထားလိမ့်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက်တွင် ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲဆိုထားမှုအားသိရှိစေရန် ပြည်သူ့ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကော်မတီ (ပီဒီအာစီ) အထွေထွေအတွင်းရေးမှူး ဆူသက်သောင်ဆူဗန်အပါအဝင် ခေါင်းဆောင် ၁၇ ဦးကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင် သတင်းပို့ရန်ဆင့်ခေါ်ထားကြောင်း အထူးစုံစမ်းစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် တာရစ်ပန်ဒစ်သ်၏ ပြောကြားချက်ကို သည်နေးရှင်း သတင်းစာက ကိုးကားဖော်ပြသည်။

ဆန္ဒပြခေါင်းဆောင်များ၏ အမှုကိစ္စများပြီးပြတ်သွားသည့်တိုင်အောင် ယင်းတို့၏ဘဏ်ငွေစာရင်းအားလုံးကို ရပ်ဆိုင်းရန်မသေချာသော်လည်း ပီဒီအာစီ၏ငွေစာရင်းနှစ်ခုကိုမူ ရပ်ဆိုင်းလိမ့်မည်ဖြစ်ကြောင်း တာရစ်က ဆက်လက်ပြောကြားသည်။

စုံစမ်းစစ်ဆေးမှုကို အထောက်အကူပြုရန်အတွက် ခြောက်လတာကာလအတွင်း ငွေစာရင်းများ၏ အပိုသုံးစွဲမှုအသေးစိတ်ကို လွှဲပြောင်းပေးရန် ဘဏ်များကို တိုက်တွန်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ဆန္ဒပြပွဲများကို ဘဏ္ဍာငွေကြေး ဆက်လက်ထောက်ပံ့ပေးနေသူများသည် တရားစွဲဆိုခံရဖွယ်ရှိကြောင်း တာရစ်က ပြောကြားခဲ့သည်။ (ဆင်ဟွာ)



ကျဆုံးစစ်သည်သုံးဦးအတွက် ဂုဏ်ပြုပန်းခွေ လာချစဉ်

## ဆူဒန်တောင်ပိုင်းတွင် အိန္ဒိယလူမျိုး ကုလသမဂ္ဂစစ်သည်သုံးဦး ကျဆုံး

ဂျူဘာ ဒီဇင်ဘာ ၂၀

ဆူဒန်တောင်ပိုင်းရှိ ကုလသမဂ္ဂခြံဝင်းတစ်ခုကို တိုက်ခိုက်ခံရမှုကြောင့် အိန္ဒိယလူမျိုး ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်သည်သုံးဦးကျဆုံးခဲ့ရကြောင်း ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီး အာဆိုကေမူကာဂျီကပြောကြားသည်။

ဆူဒန်နိုင်ငံတွင် လူများစုဖြစ်သော ဒင်ကာလူမျိုးစုအသိုင်းအဝိုင်းမှ အရပ်သားများကို ပစ်မှတ်ထား၍ ဒုတိယအများဆုံးလူမျိုးစုဖြစ်သော နျူယာလူမျိုးသူပုန်များက ယမန်နေ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သမ္မတဆယ်လ်ဗာကီယာက ဒုတိယသမ္မတဟောင်းရီအက်မက်ချာသည် အာဏာသိမ်းရန်ကြံစည်နေကြောင်း စွပ်စွဲရာမှ အစပြု၍ ဆူဒန်တောင်ပိုင်းတွင် မငြိမ်မသက်မှုများဖြစ်ပွားလာခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းတွင် လူ ၅၀၀ ခန့်သေဆုံးခဲ့ရသည်။

အဆိုပါ အဓိကရုဏ်းမှာ ဆူဒန်တောင်ပိုင်းမြို့တော်ဂျူဘာ၌ စတင်ခဲ့ပြီးနောက်ပိုင်းတွင် ပျံ့နှံ့သွားခဲ့သည်။ ယင်းကိစ္စသည် နျူယာလူမျိုး ဒုတိယသမ္မတဟောင်း မစ္စတာ မက်ချာကိုထောက်ခံသည့် တပ်ဖွဲ့ဝင်တစ်စုကြောင့်ဖြစ်ကြောင်း ဒင်ကာလူမျိုးသမ္မတ မစ္စတာကီယာက စွပ်စွဲပြောကြားခဲ့သည်။ အင်အားသုံး၍ အာဏာသိမ်းရန် ကြံစည်သည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍ ဒုတိယသမ္မတ ဟောင်းမစ္စတာမက်ချာက ငြင်းဆိုထားသည်။ (ဘီဘီစီ)

## ရုရှားက ယူကရိန်းကို ညီအစ်ကိုနိုင်ငံအဖြစ် ကူညီမည်

မော်စကို ဒီဇင်ဘာ ၂၀

အခက်အခဲများ ရင်ဆိုင်နေရသော ယူကရိန်းကို ညီအစ်ကိုနိုင်ငံအဖြစ် ရှုမြင်ကြောင်း၊ ယူကရိန်းအား ချေးငွေများထုတ်ချေးခြင်းနှင့် ဓာတ်ငွေ့ဈေးနှုန်းလျှော့ချပေးရေးအတွက် ရုရှားက ဆုံးဖြတ်လိုက်ကြောင်း ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသော နှစ်ပတ်လည်သတင်းစာရှင်းလင်းပွဲတွင် သမ္မတပူတင်က ပြောကြားခဲ့သည်။

မိမိတို့သည် ရင်းနှီးသော ဆွေမျိုးများဖြစ်ကြပြီး ယူကရိန်းပြည်သူများအား ထောက်ခံကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။

ယူကရိန်းပြည်သူများ လွတ်လပ်လိုပါက ယင်းအတွက် ပေးဆပ်ရမည်ဖြစ်သော်လည်း ၎င်းတို့အား မည်သူမျှ ပိတ်ဆို့ထားနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

ရုရှားက ယူကရိန်းစီးပွားရေးအတွက် အကုန်အကျခံပြီး ထောက်ပံ့ခဲ့ခြင်း မဟုတ်ကြောင်း ပူတင်က ထောက်ပြခဲ့သည်။ ယူကရိန်းသည် ဥရောပသမဂ္ဂနှင့် နည်းပညာဆိုင်ရာစံများလက်မှတ်ရေးထိုးခဲ့လျှင် ရုရှားတွင် ယင်း၏ ဈေးကွက်လုံးဝပျောက်ဆုံးသွားလိမ့်မည်ဖြစ်သည်။ ယူကရိန်းအနေဖြင့် ထိုသို့ဆောင်ရွက်ရန် အချိန်များစွာရရှိထားပြီး ဥရောပသမဂ္ဂစံနှုန်းများအတွက် ဒေါ်လာဘီလီယံရာပေါင်းများစွာ ရရှိမည်ဖြစ်သည်။

ရုရှားသည် ယူကရိန်း၏ ဥရောပသမဂ္ဂနှင့် ဆက်ဆံမှုကို မဆန့်ကျင်သော်လည်း ယူကရိန်းက မိမိ၏နယ်စပ်ကို ဥရောပကုန်စည်များအတွက် ဖွင့်လှစ်ပေးလိုက်လျှင် ရုရှားက မိမိ၏ ဈေးကွက်ကို ကာကွယ်ရလိမ့်မည်ဖြစ်ကြောင်း ပူတင်က ထပ်မံပြောကြားခဲ့သည်။ (ဆင်ဟွာ)

## အင်ဒိုနီးရှားနှင့် မလေးရှားတို့ သူလျှိုလုပ်ငန်း ဆန့်ကျင်ရန် အာဆီယံကို တိုက်တွန်းမည်

ဂျကာတာ ဒီဇင်ဘာ ၂၀

အင်ဒိုနီးရှားနှင့် မလေးရှားတို့သည် သူလျှိုလုပ်ငန်းလုပ်ဆောင်မှုကို ကန့်ကွက်ရန် သဘောတူညီခဲ့ကြပြီး ဒေသတွင်း မိတ်ဆွေနိုင်ငံများကိုလည်း ၎င်းတို့ကဲ့သို့ လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။ ဩစတြေးလျက အင်ဒိုနီးရှား၏ ဆက်သွယ်မှုလမ်းကြောင်းများကို တရားမဝင်ခိုးယူနားထောင်မှုသည် ယင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးကို ဆိုးရွားစေခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုနှင့် မလေးရှားဝန်ကြီးချုပ် နာဂျစ်တို့သည် နန်းတော်၌ တွေ့ဆုံခဲ့ပြီး လာမည့်နှစ် မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အဆိုပါကိစ္စရပ်များကို တင်သွင်းရန်သဘောတူညီခဲ့ကြသည်။ တွေ့ဆုံပွဲပြီးနောက် ပူးတွဲကြေညာချက်ထုတ်ပြန်ရာတွင် သူလျှိုလုပ်ငန်းများကို ညီညွတ်စွာဆန့်ကျင်ရေး အာဆီယံနိုင်ငံများအား တိုက်တွန်းရန် မိမိတို့သဘောတူခဲ့ကြောင်း ယူဒိုယိုနိုက ပြောကြားသည်။ နှစ်ဖက်ယုံကြည်မှုနှင့် လေးစားမှုတို့သည် နိုင်ငံတကာဆက်ဆံရေးတွင် အရေးကြီးကြောင်း၊ သူလျှိုလုပ်ငန်းများကို ဆန့်ကျင်ရန် အာဆီယံနိုင်ငံများအကြား ထိပ်သီးအစည်းအဝေးတွင် သဘောတူညီချက်တစ်ခုရရှိနိုင်ရန် မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့အတူ မလေးရှားဝန်ကြီးချုပ်က အင်ဒိုနီးရှား၏ သူလျှိုလုပ်ငန်းကန့်ကွက်မှုကို ထောက်ခံကြောင်းနှင့် ယင်း၏အဆိုပြုချက်ကို ထောက်ခံကြောင်းဆိုသည်။ လာမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် သူလျှိုလုပ်ငန်းနှင့်ပတ်သက်၍ အာရုံစိုက်ရန် အင်ဒိုနီးရှားသမ္မတနှင့် သဘောတူခဲ့ကြောင်း၊ ၎င်းကို ခိုင်မာစွာ ထောက်ခံကြောင်း ဆက်လက်ပြောကြားသည်။ (ဆင်ဟွာ)

## လန်ဒန်ရှိ သမိုင်းဝင်ဇာတ်ရုံမျက်နှာကြက်ပြို၍ လူ ၇၀ ကျော်ဒဏ်ရာရ

လန်ဒန် ဒီဇင်ဘာ ၂၀

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ သမိုင်းဝင် အပိုလိုဇာတ်ရုံကြီးတွင် ပြဇာတ်တစ်ပုဒ်တင်ဆက်ပြသနေစဉ် မျက်နှာကြက်အစိတ်အပိုင်း ပြိုကျမှုကြောင့် ၇၆ ဦး ဒဏ်ရာ ရရှိသွားရာ ခုနစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။



အဆိုပါ ဇာတ်ရုံတွင် ခွေးတစ်ကောင်၏ အကာလည ဖြစ်ရပ်ဆန်းအမည်ရှိပြဇာတ်ကို ပြသလျက်ရှိရာ ပရိသတ်များ ရုံပြည့်ရုံလျှံရှိနေခဲ့ကြောင်း၊ ပြိုကျမလာမီ ည ၈ နာရီကျော်ခန့်တွင် မျက်နှာကြက် အက်ကွဲသံတစ်ခုကို ကြားရကြောင်း မျက်မြင် တွေ့ရှိခဲ့သူများက ပြောကြားသည်။ အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ ဇာတ်ရုံပိုင်ရှင်က တုန်လှုပ်ချောက်ချားဖွယ်၊ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်ဖြစ်ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြောကြားသည်။ (ဘီဘီစီ)













ပြည်တွင်းသတင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော ကမ်ပိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ပွဲရ ကမ်ပိုနှင့် ဟော်ကီအားကစားသမားများအား စိတ်ဓာတ်မြှင့်တင်အားပေး

ရန်ကုန် ဒီဇင်ဘာ ၂၀

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်ဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် ငွေဆောင်(ပုသိမ်)တို့တွင်ကျင်းပလျက်ရှိရာ ရန်ကုန်ဇုန်၌ကျင်းပလျက်ရှိသော ကမ်ပိုပြိုင်ပွဲ၊ ဟော်ကီပြိုင်ပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။**

ရန်ကုန်(ဇုန်)၌ ကမ်ပိုအားကစားပွဲစဉ်များကို သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ယနေ့နံနက် ၉ နာရီက ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် အမျိုးသား ၅၀ ကီလို၊ ၅၅ ကီလိုနှင့် ၆၀ ကီလိုတန်း"အတိုက်"ပြိုင်ပွဲများ၊ အမျိုးသား အမျိုးသမီးရှစ်ယောက်တွဲ အသင်းလိုက် "အပြ" ပြိုင်ပွဲများနှင့် အခြေခံအမျိုးသားနှစ်ယောက်တွဲ"အပြ" ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

**ချီးမြှင့်ပေးအပ်**

အမျိုးသား ၅၀ ကီလိုတန်း"အတိုက်"ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သန်းဝင်းက ပထမရွှေတံဆိပ်ဆု၊ တီမောလက်စ်တေနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့က ပူးတွဲတတိယကြေးတံဆိပ်ဆုရရှိပြီး ဆုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ချီးမြှင့်ပေးအပ်သည်။

အမျိုးသား ၆၀ ကီလိုတန်း "အတိုက်" ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ကျော်လင်းဦးက ပထမရွှေတံဆိပ်ဆု၊ လာအိုနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် အင်ဒိုနီးရှားနှင့်ဗီယက်နမ်နိုင်ငံတို့က ပူးတွဲတတိယကြေးတံဆိပ်ဆုရရှိပြီး ဆုများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ချီးမြှင့်ပေးအပ်သည်။

**ပါဝင်ယှဉ်ပြိုင်**

အမျိုးသမီးရှစ်ယောက်တွဲအသင်းလိုက် "အပြ" ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် မြန်မာနိုင်ငံက တတိယကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို အင်ဒိုနီးရှားနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. KUSUMO က ဆုများချီးမြှင့်ခဲ့ပြီး ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တင်တင်ဦး၊ အေးအေးအောင်၊ ယဉ်မြင့်ဦး၊ ညိုမီလှိုင်၊ ဟေလီစိုးလင်းတန်၊ ထက်ထက်ဦး၊ မေသက်ဇော်နှင့် နန်းခမ်းထွန်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားရှစ်ယောက်တွဲအသင်းလိုက် "အပြ" ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ တီမောလက်စ်တေနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် လာအိုနိုင်ငံက တတိယ ကြေးတံဆိပ်ဆုများ ရရှိကြပြီး ဆုများကို ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ (ဂျပန်) Mr. Arai က ဆုများချီးမြှင့်ခဲ့သည်။

အမျိုးသား ၆၅ ကီလို "အတိုက်" ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ လာအိုနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့်တီမောလက်စ်တေနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံက တတိယကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို တီမောလက်စ်တေနိုင်ငံအားကစားဝန်ကြီး Mr. Miguel Marques Gomcalves က ဆုများချီးမြှင့်ခဲ့သည်။

အခြေခံအမျိုးသား နှစ်ယောက်တွဲ "အပြ" ပြိုင်ပွဲတွင် တီမောလက်စ်တေနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် မြန်မာနိုင်ငံက တတိယကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို တီမောလက်စ်တေနိုင်ငံ အားကစားဝန်ကြီး Mr. Miguel Marques Gomcalves က ဆုများချီးမြှင့်ခဲ့သည်။

**ဟော်ကီပြိုင်ပွဲ**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား/အမျိုးသမီးဟော်ကီပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီခွဲက သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသမီးပွဲစဉ်တွင် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသမီးပွဲစဉ် တတိယနေရာလုပွဲတွင် မြန်မာနိုင်ငံက စင်ကာပူနိုင်ငံကို တစ်ဂိုး-ဂိုးမရှိဖြင့် တတိယကြေးတံဆိပ်ကို ရရှိသွားပြီး အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားနိုင်ငံက ခြောက်ဂိုး-တစ်ဂိုးဖြင့် ပထမရွှေတံဆိပ်ဆုရရှိပြီး ထိုင်းနိုင်ငံက ဒုတိယငွေတံဆိပ်ဆုကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီး အတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်ပြည်တွင်းထုတ်ကုန်များ ကုန်စည်ပြပွဲလှည့်လည်ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်း၌ တပ်မတော်ခန်းမတွင် ခင်းကျင်းပြသလျက်ရှိသော နိုင်ငံတကာအဆင့်မီ TRI Star Tyre နှင့် အရည်အသွေးပြည့်ဝသော အဆင့်မြင့် ပြည်တွင်းထုတ်ကုန် ကုန်စည်ပြပွဲသို့ လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် အဆင့်မီ စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး ခန်းမအတွင်းတွင် Mobile Money Service လက်တွေ့အသုံးချပုံ တင်ဆက်မှုအား ကြည့်ရှုသည်။



ဆက်လက်ပြီး ကုန်စည်ပြပွဲ ပြခန်းအရောင်းဆိုင်များအားလှည့်လည်ကြည့်ရှု၍ ယခုထက်ပို၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများအား နိုင်ငံတကာ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် နိုင်ငံအနှံ့ ထိရောက်စွာဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစားလုပ်ဆောင်သွားရန် အားပေးစကားပြောကြားကာ တာယာစက်ရုံ (ရွာမ)၏ Profile ပြခန်းတွင် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ အမှတ်တရဂုဏ်ပြုလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် TRI Star Tyre ပြခန်းများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ထုတ်လုပ်သောကုန်ပစ္စည်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သောကုန်ပစ္စည်းများ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးနှင့် ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ ပြခန်းများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ဆက်စပ်လျက်ရှိသည့် ကုမ္ပဏီကြီးများမှ ပြခန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သည့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ MECTEL Mobile Money စသည့် လုပ်ငန်းများလည်း ခင်းကျင်းပြသလျက်ရှိရာ ပြခန်းစုစုပေါင်း ၁၂၇ ခန်း ခင်းကျင်းပြသလျက်ရှိသည်။

ကုန်စည်ပြပွဲတွင် နေ့စဉ် အနုပညာရှင်များ၊ အဆိုတော်များ၊ မော်ဒယ်များ၊ မျက်လှည့်ပညာရှင်များဖြင့်ဖျော်ဖြေခြင်း၊ ကံစမ်းမဲအစီအစဉ်များနှင့် ပြပွဲကာလအတွင်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ခန်းမတွင် ခင်းကျင်းပြသလျက်ရှိသော အဆင့်မြင့်ပြည်တွင်း ထုတ်ကုန် ကုန်စည်ပြပွဲကို လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ယနေ့မှစ၍ လူငယ်အရာရှိများ ဖြစ်လာပြီဖြစ်၍ မိမိ၏ဘဝတက်လမ်းကို မပျောက်ပျက်အောင် ထိန်းသိမ်းနေထိုင်ရန်၊ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ရန်၊ မိဘများကို ကျေးဇူးဆပ်နိုင်ရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့ကို အလုပ်အကျွေးပြုရန် မှာကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့်အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (မြဝတီ)

# ကမ်ပိုအားကစားပြိုင်ပွဲဆက်လက်ကျင်းပ၊ မြန်မာက ရွှေနှစ်ခု၊ ကြေးနှစ်ခုထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၀

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကမ်ပိုအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။**



ယနေ့ပြိုင်ပွဲများသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ တီမောလက်စ်တေနှင့် ဗီယက်နမ်နိုင်ငံများမှ ကမ်ပိုအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ အမျိုးသမီး ရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ အမျိုးသား ၅၀၊ ၅၅၊ ၆၀၊ ၆၅ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ၄၈၊ ၅၁၊ ၅၄ ကီလိုတန်း Randori ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြပြီး ပွဲစဉ်များအပြီးတွင် အမျိုးသား ၅၀ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သန်းဝင်းက ရွှေတံဆိပ်ရရှိပြီး တီမောလက်စ်တေက ငွေ၊ လာအိုနှင့်ကမ္ဘောဒီးယားက ပူးတွဲကြေးရရှိကြသည်။

အမျိုးသား ၆၀ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်လင်းဦးက ရွှေတံဆိပ်ရရှိပြီး လာအိုက ငွေ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားက ပူးတွဲကြေး ရရှိကြသည်။

အမျိုးသမီးရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ ဗီယက်နမ်က ငွေ၊ မြန်မာက ကြေး ရရှိသည်။

အမျိုးသားရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားကရွှေ၊ တီမောလက်စ်တေက ငွေနှင့် လာအိုက ကြေး၊ အမျိုးသား ၆၅ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ လာအိုက ငွေ၊ ကမ္ဘောဒီးယားနှင့်တီမောလက်စ်တေက ပူးတွဲကြေးရရှိကာ အမျိုးသားနှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် တီမောလက်စ်တေက ရွှေ၊ အင်ဒိုနီးရှားက ငွေ၊ မြန်မာနိုင်ငံမှ အောင်နိုင်ထွန်းနှင့် ထွန်းလင်းအောင်က ကြေးတံဆိပ် ရရှိသွားကြသည်။

**ချီးမြှင့်**

ဆုရရှိကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ အာရှကမ်ပိုအားကစားအဖွဲ့ချုပ်၊ အရှေ့တောင်အာရှကမ်ပိုအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကမ်ပိုအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ကမ်ပိုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကမ်ပိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာအားကစားသမားအား ဂုဏ်ပြုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ၂၀၁၃ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူများနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ခဲ့သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၃ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်များ အစီအစဉ်၊ စက်ရုံများနှင့် အဆောက်အအုံများတွင် အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုသော အဆောက်အအုံများပြိုင်ပွဲနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးချရေးစီမံကိန်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသူများ၊ ပြိုင်ပွဲဝင်အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို နေပြည်တော် သင်္ဂဟဟိုတယ်၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲဝင်ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီမှ အဖွဲ့ဝင်များ၊ အထောက်အကူပြုပညာရှင်များ၊ ဆုတံဆိပ်ရရှိခဲ့ကြသည့် အဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး ၂၀၁၃ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် အဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်အဖွဲ့အစည်း ခြောက်ခုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်နှင့် ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးလွန်းသီတို့က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်များကိုယ်စား FAME Pharmaceuticals မှ ဒေါက်တာခင်မောင်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်အဖွဲ့ဝင်များ ၂၀၁၃ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

ပြည်တွင်းသတင်း

# နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး နိုင်ငံတော်နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိ



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၅)မှအောင်စစ်သည်ဆုရ ဗိုလ်လောင်းဟိန်းထက်စံအား ဆုချီးမြှင့်စဉ်။(မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)မှလေ့ကျင့်ရေးထူးချွန်ဆုရဗိုလ်လောင်းသက်နိုင်ဝင်းအားဆုချီးမြှင့်စဉ်။(မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)မှစာပေထူးချွန်ဆုရ ဗိုလ်လောင်းအောင်ကျော်သူအား ဆုချီးမြှင့်စဉ်။(မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်၊ မင်္ဂလာဒုံတပ်နယ်၊ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများ၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၄၅၆၃) ဗိုလ်လောင်းဟိန်းထက်စံ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၄၅၁၆) ဗိုလ်လောင်းသက်နိုင်ဝင်း၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၄၅၈၇)ဗိုလ်လောင်းအောင်ကျော်သူတို့အား ဆုများအသီးသီးချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားကောင်းများ အများအပြားရှိနေရန် အဓိကလိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံတော်အတွက် ထိရောက်သော အထောက်အကူဖြစ်စေရန် စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင်လည်း လက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဟူ၍ နှစ်မျိုးခွဲခြား လုပ်ကိုင်သွားကြရန်လိုကြောင်း၊ လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရောဂါကုသခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်ပြီး ရေရှည်အနေဖြင့် ပညာပေးခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းများနှင့် တပ်မတော်သား မိသားစုအားလုံး လိုက်ပါလုပ်ဆောင်လာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်သာမက တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရာတွင်လည်း ခက်ခဲကြမ်းတမ်းသည့်အခြေအနေမျိုးစုံမှာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်နေရန် အထူးပင် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ရန် အာဟာရပြည့်ပြည့်ဝဝနှင့် မျှမျှတတ စားသုံးရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးမှုနှင့်နေထိုင်မှုပုံစံများဖြစ်ရန်လည်း လိုကြောင်း၊ ခန္ဓာကိုယ် ကြံ့ခိုင်ဖွံ့ဖြိုးရန်အတွက် ကယ်လိုရီများသည် ဆန်အပြင် ပရိုတိန်းဓာတ်ကိုပါ ရရှိစေသည့် ဂျုံကိုလည်း ဖြည့်စွက် စားသုံးသွားရန် လိုသကဲ့သို့ ကြက်ဥ၊ နွားနို့ ငါးစသည့် ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် အစားအသောက်တွေနှင့် သန့်ရှင်းလတ်ဆတ်သည့် အသီးအရွက်တွေကိုပါ စားသောက်နိုင်ရေးစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလိုစားသောက်ကုန်များ ပေါများစေရန်အတွက် တပ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို တတ်နိုင်သမျှဖြစ်ထွန်းအောင်မြင်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိရောက်ရှိ တာဝန်ထမ်းဆောင်ရာ ဒေသများ၌ရှိသည့် ပြည်သူတွေကိုပါ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးမှုနှင့် နေထိုင်မှုပုံစံများဖြစ်ရန် ကျန်းမာရေး အသိပညာပေးခြင်းများ တတ်နိုင်သမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးရန်ဆိုရာတွင် ရဲဘော်တို့အပါအဝင် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ယခုလို တာဝန်ထမ်းဆောင်ရာမှာ တပ်မတော်သားများသာမက တပ်မတော်သားမိသားစုများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို အလေးထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်းတွင်ရှိသည့် ပြည်သူပြည်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပါ စွမ်းဆောင်နိုင်သမျှ ပါဝင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်း စသည်များကို ကိုယ်တိုင်လည်း ရှောင်ကြဉ်ကြပြီး တပ်မတော်သားအားလုံးကိုလည်း ရှောင်ကြဉ်ကြရန် ကျန်းမာရေးရှုထောင့်မှ ပညာပေးစည်းရုံးသွားကြရမည် ဖြစ်ကြောင်း၊ ရောဂါဝေဒနာများ ဖြစ်ပွားလာ၍ ကုသမှုခံယူလာချိန်တွင်လည်း လူနာများကို စေတနာအပြည့်အဝဖြင့် ကုသမှုပေးရမည် ဖြစ်သကဲ့သို့ လူနာများ ဆေးဝါးမှန်မှန်သောက်သုံးစေရေး၊ လိုက်နာကျင့်ကြံရမည့် အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ လိုက်နာစေရေးကိုလည်း စေတနာနှင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်လုံခြုံရေးဆောင်ရွက်ရာတွင် သမားရိုးကျလုံခြုံရေးများကိုသာမက သမားရိုးကျမဟုတ်သည့် လုံခြုံရေးများကိုပါ ဆောင်ရွက်ရန်လိုလာပြီဖြစ်ကြောင်း၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုရာတွင် လူသားလုံခြုံရေး (Human Security ) ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စီးပွားရေးလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံလောက်အောင်စောင့်ရှောက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ လူတစ်ဦးချင်းလုံခြုံမှု၊ လူမှုအဖွဲ့အစည်းလုံခြုံမှုနှင့် နိုင်ငံရေးလုံခြုံမှုစသည့် လုံခြုံမှု အကြောင်းအခြင်းအရာများနှင့်ပြည့်စုံရန်လိုအပ်လာပြီဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် အစားအသောက်ဖူလုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့်ရော၊ နိုင်ငံအနေနှင့်ပါ လေ့လာကြည့်လျှင် လူဦးရေနှင့်အစားအစာထွက်ရှိမှု ပမာဏတွင် လုံလောက်သော်လည်း ကျန်းမာရေးအတွက် စိတ်ချလုံခြုံစွာ စားသုံးနိုင်ရန် အကာအကွယ်ပေးနိုင်မှုအပိုင်းတွင်တော့ လိုအပ်ချက်ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အစားအသောက်များလုံခြုံစိတ်ချရန်အတွက်ဆိုလျှင် ပိုးသတ်ဆေးနှင့် ဓာတုဗေဒဆေးဝါးများကို မလိုအပ်ဘဲ သုံးစွဲစိုက်ပျိုးခြင်း၊ တာရှည်အထားခံအောင် ဓာတုဗေဒဆေးဝါးများ အသုံးပြုခြင်းစသည်များကို ရှောင်ကြဉ်ပြီး သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်သွားကြရန် လိုကြောင်း၊ သဘာဝအတိုင်း အစားအသောက်များ လုံလောက်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ရာသီဥတုဖောက်ပြန်မှုမရှိအောင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းစေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အတတ်နိုင်ဆုံး လုပ်ဆောင်သွားကြရန် ပညာပေး စည်းရုံးသွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး လုံခြုံမှုဆိုရာတွင် အခြေခံအားဖြင့် ရောဂါဘယများကို ကာကွယ်ပေးနိုင်ခြင်းနှင့် ကျန်းမာသောနေထိုင်မှုပုံစံဖြစ်အောင် တည်ဆောက်ပေးကြရန်လိုကြောင်း၊ ကျန်းမာသော နေထိုင်မှုပုံစံဖြစ်အောင် တာဝန်ကျရာ ဒေသအသီးသီးတွင် ပညာပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အပြင် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင် တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်တာဝန်များကောင်းမွန်စွာဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားနှင့်ပြည်သူတွေ၏ လူမှုဘဝ တိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်က ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများသည် စေတနာရှင်များ၏ ကူညီမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်၍ တာဝန်ကျသည့် တပ်များကိုရောက်ရှိသည့်အခါတွင် အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

ယနေ့ခေတ်တွင် သိပ္ပံနှင့် နည်းပညာတိုးတက်မှုနှင့်အတူ တိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်နယ်ပယ်တွင် ရောဂါရှာဖွေရေးစက်များ၊ ကုသရေးစက်များ၊ ဆေးဝါးသစ်များ၊ ကုထုံးသစ်များကို ခေတ်အချိန်အခါနှင့်အညီ သိရှိကိုင်တွယ်အသုံးပြုတတ်ရန် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း၊ ဆေးတပ်မခွဲတစ်ခုလုံးအနေဖြင့် ခေတ်မီဆေးဝါးကုသမှုဆိုင်ရာ သုတေသနပြုမှုများကိုလည်း စိတ်ဝင်တစားဖြင့် အမြဲမပြတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တပ်မတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်အက်ဥပဒေများ၊ နယ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကို သိရှိကြရမည် ဖြစ်သကဲ့သို့ အလေးထား လိုက်နာကြရန်လည်း လိုအပ်ကြောင်း၊ ၎င်းဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အခြေခံအားဖြင့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို စွဲစွဲမြဲမြဲလိုက်နာရန်လိုကြောင်း၊ စစ်သည်တော်ကျင့်ဝတ်ကို ကောင်းစွာစောင့်ထိန်းလိုက်နာနိုင်လျှင် ကျန်သည့် စစ်ဘက်၊ နယ်ဘက်ဥပဒေစည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာပြီးသားဖြစ်၍ စစ်သည်တော်ကျင့်ဝတ် ၆၀ ကိုစွဲမြဲစွာလိုက်နာကြရန် အလေးအနက်မှာကြားလိုကြောင်း၊ ထို့အပြင် တပ်မတော်အရာရှိများ သာမက ဆရာဝန်များပါဖြစ်သည့် ရဲဘော်တို့သည် ကျန်းမာရေးဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များ၊ ဆရာဝန်များ လိုက်နာရမည့်ကျင့်ဝတ်များ၊ ကတိသစ္စာများကို သေချာစွာမှတ်သားလိုက်နာ၍ ဆရာဝန်ကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်ခြင်းဖြင့် မိမိတို့၏ ကုသမှုများသည်လည်း အစွမ်းထက်ပြီး ထိရောက်လာမည်ဖြစ်၍ အလေးထားလိုက်နာလုပ်ဆောင်သွားကြရန် လိုကြောင်း။

တပ်မတော်တွင် စစ်ဘက်ဆရာဝန်အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် တပ်မတော်၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာစစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းများကိုလည်း သိရှိနေရန် လိုအပ်ကြောင်း၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် လုပ်ငန်းသုံးခုမှန်မှန်ကန်ကန် လည်ပတ်နေမှ တပ်များ၏ အုပ်ချုပ်မှုလုပ်ငန်းများသည် ချောမွေ့ပြေပြစ်နေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများ ကောင်းမွန်ပြည့်စုံပြီး အုပ်ချုပ်မှု စွမ်းရည်မြင့်မားနေမှလည်း သက်သာချောင်ချိမှုအပိုင်းများ၊ စိတ်ဓာတ်စည်းကမ်းများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ သို့မှသာ စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကိုပါ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး စွမ်းရည်သုံးရပ်လုံး မြင့်မားလာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ၏ စွမ်းရည်သုံးရပ်ပြည့်ဝမှု၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ စွမ်းရည်သုံးရပ်ပြည့်စုံမှုများမှတစ်ဆင့် တပ်မတော်တစ်ရပ်လုံး စွမ်းရည်သုံးရပ် ပြည့်ဝ



ထက်မြက်နေမှ နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်သည်လည်း မြင့်မားနေမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး နိုင်ငံတော်၏ အန္တရာယ်ရန်စွယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲတိုက်ဖျက်ချေမှုန်းခဲ့သည့် အစဉ်အလာကောင်းများနှင့် ပြည့်စုံနေသည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ကဏ္ဍပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခဲ့သည့် အစဉ်အလာ သာဓကများစွာရှိကြောင်း၊ ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖော်ဆောင်မှုကိုလည်း တပ်မတော်က အလေးထားဆောင်ရွက်ပေးခဲ့သလို တိုင်းရင်းသားပြည်သူလူထုများ၏ ကျန်းမာရေးလုပ်ငန်းများတွင်လည်း အလေးထားကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလိုအစဉ်အလာကောင်းများနှင့် ပြည့်စုံနေသည့် တပ်မတော်၏ အစဉ်အလာများကို ဆက်လက်တောက်ပြောင်နေရန် တပ်မတော်အား (၁၀) ပါးနှင့် ပြည့်စုံနေရန်လည်း ဖြည့်ဆည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်တစ်ရပ်ဖြစ်ပြီး လွတ်လပ်ရေးရပြီးချိန်မှစခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ် အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားများအပေါ် ထားရှိသည့် နိုင်ငံတော်နှင့်တပ်မတော်၏စိတ်ရင်းစေတနာမှန်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မည်ဟုလည်း ယုံကြည်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားများအပေါ် သွေးချင်းညီနောင်များ စိတ်ဓာတ်နှင့်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သည့် ကိစ္စရပ်များတွင် အလေးထားပါဝင်လုပ်ဆောင်သွားကြခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်းဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း၊ စစ်သည်မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူအားထားရသည့် ကျွမ်းကျင်ဆေးပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆရာဝန်ကျင့်ဝတ်များကို လေးစားလိုက်နာစောင့်ထိန်းသွားကြရန်၊ ခေတ်မီဆေးပညာရပ်များကို မျက်ခြည်မပြတ်လေ့လာသင်ယူခြင်းနှင့် သုတေသနပြုခြင်းများကို ဆောင်ရွက်သွားကြရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ညော့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)မှ ထူးချွန်ဆု ရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်စုပေါင်းသုတေသနဓာတ်ခွဲခန်း (Common Research Laboratory) သို့ သွားရောက်၍ သုတေသနစာတမ်းပိုစတာများနှင့် ဘွဲ့လွန်သုတေသန စုပေါင်းဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရေရှည်တည်တံ့ခိုင်မာသည့် စာကြည့်တိုက်များဖြစ်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ထားသော Main Press Center (MPC) ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ရှင်းလင်းပြောကြားရာတွင် ကျေးလက်နေပြည်သူများဖွံ့ဖြိုးတိုးတက်စေရန် အဓိကလိုအပ်သည့် အသိပညာ ဗဟုသုတရရှိရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ကျေးရွာများတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တည်ထောင်ရာ၌ (က)နိုင်ငံတော်၏အား (ခ)ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏အား (ဂ)ဒေသခံပြည်သူများ၏အား (ဃ) စေတနာရှင် အလှူရှင်များ၏အား စသည့်အားလေးအားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ရာတွင် ပထမအဆင့် စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်စာစောင် အနည်းဆုံးစာအုပ် ၁၀၀/၁၅၀ နှုန်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ၂၀၀၄ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ကျေးရွာပေါင်း ၅၅၇၅၅ ရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ပေါက်ခဲ့ပါကြောင်း၊ အဆိုပါစာကြည့်တိုက်များအနက် အချို့သောစာကြည့်တိုက်များသည် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံမရှိခြင်း၊ စာကြည့်တိုက်ရန်ပုံငွေနှင့် စာအုပ်စာစောင်များပြည့်စုံမှုမရှိခြင်း၊ ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ တာဝန်ပေးရန် အခက်အခဲရှိခြင်းတို့ကြောင့် ရေရှည်ခိုင်မာဖြစ်ထွန်းရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်း ကြိုးပမ်းဆောင်ရွက်ရန် မဖြစ်နိုင်သည့်အတွက် စာပေပညာရှင်များ၊ လုပ်ငန်းရှင်များပါဝင်သည့် ဖောင်ဒေးရှင်းတစ်ခုဖွဲ့စည်းတည်ထောင်၍ ကြိုးပမ်းဆောင်ရွက်ရန် စီစဉ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကျေးရွာစာကြည့်တိုက် ၂၅၆ တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၈၀၇ သိန်း၊ စာအုပ်စာစောင်ဝယ်ယူထောက်ပံ့ပေးခြင်းအတွက် ငွေကျပ် ၁၁၁၅ သိန်း၊ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ငွေကျပ် ၃၇၃ သိန်း၊ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းများအတွက် ငွေကျပ် ၆၁ သိန်း စုစုပေါင်းငွေကျပ်သိန်းပေါင်း ၃၃၅၆ သိန်း ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီး စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့် စာအုပ် စာစောင် ၇၉၀၀၀၀ ကိုလည်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ပေးပို့ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြောင်းလဲနေသည့် ခေတ်နှင့်အညီ အကူအညီအထောက်အပံ့များ ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံမှ Shanti Volunteer Association (SVA) နှင့်ပူးပေါင်းပြီး ဆောင်ရွက်မည့် သုံးနှစ်စီမံကိန်း ၂၀၁၄ မှ ၂၀၁၆ တစ်ရပ်ကို ၂၃-၁၁-၂၀၁၃ ရက်နေ့မှာ MoU နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံမှ International Media Support (IMS) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မီဒီယာဖွံ့ဖြိုးရေး သဘောတူညီချက်ကို ၂၃-၁၁-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုး၍လည်းကောင်း၊ အဆိုပါ သဘောတူညီချက်အရ သုံးနှစ်အစီအစဉ်ဖြင့် ၉/၂၀၁၃ လမှ ၈/၂၀၁၅ လအထိဖြစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပြည်သူလူထုအများစု နေထိုင်ရာဖြစ်သော ကျေးလက်ဒေသများတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ အလှူရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ရေရှည်တည်တံ့ခိုင်မာသည့် စာကြည့်တိုက်များဖြစ်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုသို့ဖွင့်လှစ်ပြီး ခိုင်မာပြီးဖြစ်သည့် စာကြည့်တိုက်များကို ပျောက်ပျက်မသွားစေဘဲ ပိုမိုခိုင်မာတောင့်တင်းသော စာကြည့်တိုက်များဖြစ်လာစေရေးမှာ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု အဓိကလိုအပ်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူလူထုတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။



**ပြန်ကြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ထားသော Main Press Center (MPC) ၌ ကျင်းပစဉ်။**
(သတင်းစဉ်)

ထို့နောက် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပုံများနှင့်စပ်လျဉ်း၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်ဝင်းက ရှင်းလင်းပြောကြားရာတွင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်များကို e-Book အသွင်ဖြင့် ဖတ်ရှုနိုင်ရန်အတွက် Scan ဖတ်ခြင်းလုပ်ငန်းကို ၁-၄-၂၀၁၀ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်နှင့် Forever Group Co.,Ltd. မှ e-Book များကိုလည်း လက်ခံရရှိထားပါကြောင်း၊ ယနေ့အထိ e-Book ပြုလုပ်ပြီး (အင်္ဂလိပ် ၁၀၃ အုပ်၊ မြန်မာ ၁၄၁၈၁ အုပ်) စုစုပေါင်း ၁၄၂၈၄ အုပ်ကို စာကြည့်တိုက်အတွင်းရှိ ကွန်ပျူတာ ခြောက်လုံးဖြင့် ဖတ်ရှုနိုင်ရန်ဝန်ဆောင်မှုပေးထားပါကြောင်း၊ e-Book ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် e-Book ၅၀၀၀ ခန့် ထပ်မံတိုးတက်လာမှာဖြစ်ပြီး e-Book ပေါင်း ၂၀၀၀၀ ခန့် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးမောင်ဝင်းက ဆက်လက်ပြောကြားရာတွင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့ရာ ၂၀၁၂ ခုနှစ်အတွက် စာပေဆုရွေးချယ်ချီးမြှင့်နိုင်ရန် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီဖွဲ့စည်းရာတွင် အမှန်တကယ် ဆုရရှိသင့်သည့်သူများကိုသာ ရွေးချယ်နိုင်ရေး၊ ဆုရထိုက်သည့် စာအုပ်များမကျန်ခဲ့စေရေး၊ ဒီမိုကရေစီစနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိအောင်ဝန်ထမ်းများ လုံးဝပါဝင်ခြင်းမရှိစေဘဲ စာပေပညာရှင်ကြီးများ၊ အသိပညာရှင်ကြီးများ၊ အတတ်ပညာရှင်များနှင့် စာနယ်ဇင်းလောကမှအတွေ့အကြုံရှိသည့် ပုံနှိပ်ထုတ်ဝေသူများ ပါနိုင်သမျှပါရှိအောင် ဆောင်ရွက်ခဲ့ရာ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင် ၉၅ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ဆုရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ ဆုရွေးချယ်ရေးညှိနှိုင်းအစည်းအဝေးများ ကျင်းပရာတွင်အဆင်ပြေစွာ ဆောင်ရွက်နိုင်

## ပြည်တွင်းသတင်း

ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများက အုပ်ချုပ်ထောက်ပံ့ရေးလုပ်ငန်းများကိုသာ ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆုရွေးချယ်ရေးကော်မတီက နောက်ဆုံးအတည်ပြုပြီး ဆုရရှိသူများစာရင်းကိုလည်း ယခင်နှစ်များနှင့်မတူဘဲ စာနယ်ဇင်းများကို ဖိတ်ခေါ်၍ သတင်းထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ဆုရွေးချယ်ရေးကိစ္စတွင် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ပတ်သက်ခြင်း လုံးဝမရှိခဲ့ပါကြောင်း။

ဆုနှင်းသဘင်အခမ်းအနားကိုလည်း ယခင်က နေပြည်တော်တွင်ကျင်းပရာမှ ယခုနှစ်တွင် စာပေပညာရှင်များ၊ စာနယ်ဇင်းအသိုင်းအဝိုင်းများ စုံစုံညီညီတက်ရောက်နိုင်ရန်အတွက် စာပေလောကသားများ၏ ဆန္ဒနှင့်အညီ ရန်ကုန်မြို့တွင်ကျင်းပရန် ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံတော်အစိုးရသို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ ဆုနှင်းသဘင်အခမ်းအနားသည် နိုင်ငံတော်ဒုတိယသမ္မတ တက်ရောက်ချီးမြှင့်သော နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ပေးထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် IBC ၏ Central Equipment Room , Master Control Room တို့မှ စက်ပစ္စည်းများ MRTV သို့ ပြောင်းရွှေ့တပ်ဆင်အသုံးပြုခြင်းနှင့် National Races Channel ၏ Bureau များ ဖွင့်လှစ်ထားရှိမှုများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ရှင်းလင်းပြောကြားရာတွင် 27th SEA Games ပြိုင်ပွဲအတွက် ဖွင့်လှစ်ဆောင်ရွက်ခဲ့သော IBC, MPC တို့သည် International Broadcasters, International Press, Local Press တို့ကို အထောက်အကူပြုရန်သာဖြစ်ပါကြောင်း။

IBC ရှိ Central Equipment Room (CER),Master Control Room (MCR) တို့သို့ အားကစားကွင်း/ရုံများ၌ ကျင်းပနေသည့် ပြိုင်ပွဲများကို ရိုက်ကူးထားသော ရိုက်ကူးချက်များသည် Fiber Network မှတစ်ဆင့် ရောက်ရှိလာပါကြောင်း၊ ထိုရိုက်ကူးချက်များကို International Broadcaster Booths များသို့ ထပ်ဆင့်ပေးပို့ရပါကြောင်း၊ ထုတ်လွှင့်ရန် အချို့အစီအစဉ်များကို ပြန်လည်တည်းဖြတ်ရပါကြောင်း၊ International Broadcasting Booths များမှတစ်ဆင့် ပြည်ပရှိ သက်ဆိုင်ရာ ရုပ်သံလွှင့်အဖွဲ့အစည်းတွေကို ပြန်လည်ပေးပို့ပါကြောင်း၊ ၂၃-၁၂-၂၀၁၃ ရက်နေ့တွင် ယင်းလုပ်ငန်းစဉ်များပြီးဆုံးပြီဖြစ်၍ Power Shutdown လုပ်မည်ဖြစ်ပါကြောင်း၊ CER,MCR ရှိ စက်ပစ္စည်းများကို IBC မှတစ်ဆင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနေပြည်တော်တပ်ကုန်းသို့ ပြောင်းရွှေ့တပ်ဆင်မည်ဖြစ်ပါကြောင်း။

ယင်းစက်ပစ္စည်းများကို News Room Control System (NRCS) အသစ်အတွက် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ NRCS အတွက် Design ရေးဆွဲခြင်းကို MRTV, Megalink ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ SEA Games တွင် အသုံးပြုခဲ့သော စက်ပစ္စည်းများသည် တစ်ပွဲတိုး တစ်ခါသုံးမဖြစ်ဘဲ ရေရှည်အကျိုးစီးပွားအတွက်ပါ အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် DVB-T2 Digital စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံလိုင်းသုံးခုအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ တိုင်းရင်းသား ရုပ်သံလိုင်း၏ Bureau များ ဖွင့်လှစ်ထားရှိပါကြောင်း၊ တိုင်းရင်းသား ရုပ်သံလိုင်းတွင် ရုပ်သံအစီအစဉ်များကို တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြင့် လွှင့်ထုတ်နေပါကြောင်း၊ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ပေးနေပါကြောင်း။

အဆိုပါ တိုင်းရင်းသားအစီအစဉ်များ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် Bureau (11)ခုကို တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ၁၇-၁၁-၂၀၁၃ ရက်တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်း Bureau များမှာမြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ရန်ကုန်၊ ပုသိမ်၊ ဖလမ်း၊ မင်းတပ်၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ဟိုပန်တို့ဖြစ်ပါကြောင်း၊ ဗျူရိုတစ်ခုလျှင် ဝန်ထမ်း ၅-၆ ဦးဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ခေါင်းဆောင်၊ စာမူရေးသားသူ၊ ကင်မရာ ဆရာနှင့် တည်းဖြတ်သူတို့ပါဝင်ပါကြောင်း၊ သက်ဆိုင်ရာဒေသအသီးသီးမှ ရုပ်သံအစီအစဉ်များကို ရိုက်ကူး၊ တည်းဖြတ်ကာ တည်းဖြတ်ပြီးအစီအစဉ်များကို အင်တာနက်အသုံးပြုပြီး နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ပေးပို့ပါကြောင်း။

ရိုက်ကူးတည်းဖြတ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကင်မရာ၊ Laptop, Desktop, Android Phone စသည့် လုပ်ငန်းသုံးပစ္စည်းများ တပ်ဆင်ပေးထားပါကြောင်း၊ ဗျူရိုတစ်ခုလျှင် ငွေကျပ် ၂၁၂ သိန်း ၂ သောင်း ၇ ထောင် ၇ ရာ ၅၂ ကျပ် ကျသင့်သော အဆိုပါလုပ်ငန်းသုံးပစ္စည်းများကို တပ်ဆင်ပေးထားပါကြောင်း။

SEA Games ပြီးသွားလျှင် လက်ရှိ SEA Games ၌အသုံးပြုနေသော Flyaway uplink system ခြောက်စုံကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်နှင့် နေပြည်တော်တို့ရှိ ဗျူရိုများတွင် တပ်ဆင်အသုံးပြုစေမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့တပ်ဆင်အသုံးပြုစေခြင်းဖြင့် တိုင်းရင်းသားရုပ်သံလိုင်း၏ ဗျူရို ၁၁ ခုသည် တိုင်းရင်းသားရုပ်သံအစီအစဉ်များကို အချိန်မီ ရိုက်ကူးတည်းဖြတ်ပေးပို့နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ အခြားသတင်းနှင့် အစီအစဉ်များ ပေးပို့ရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ပြီး ရုပ်သံအစီအစဉ်များပေးပို့ခြင်းလုပ်ငန်း Delivery System ပိုမိုများပြား တိုးတက်ကောင်းမွန်လာစေနိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူး ဦးလှိုင်ဝင်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် သတင်းမီဒီယာများ အားကစားကွင်းအတွင်း ဝင်ရောက် သတင်းရယူနိုင်ရေးအတွက် ဝင်ခွင့်လက်မှတ်များ ခွဲဝေထုတ်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# အရန်သားဖွားဆရာမ(မွမ်းမံ)သင်တန်းဆင်း

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်သည့် အရန်သားဖွားဆရာမ (မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနားကို စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်အောင်က အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးစိုးကြည်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်သီတာအေးသွင်က သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးတိုးလင်းက ပေးအပ်ခဲ့သည်။

ထို့နောက် မြို့မိ၊ မြို့ဖ အတွင်းရေးမှူး ဦးဇော်ဝင်းအောင်က သင်တန်းနည်းပြများကို လက်ဆောင်ပစ္စည်းများပေးအပ်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံယူခဲ့ပြီး သင်တန်းသူများအတွက် တစ်ခါသုံး မွေးဖွားအိတ်များကို ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



# အသိပေးကြေညာချက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့် ၂၂-၁၂-၂၀၁၃ရက်နေ့ မွန်းတည့် ၁၂း၀၀အချိန်မှ အခမ်းအနားပြီးဆုံးချိန်အထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဧရိယာသို့ ဝင်ရောက်နိုင်သည့် အောက်ပါနေရာ/လမ်းဆုံရှစ်ခုတွင် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) ပျဉ်းမနား-တောင်ညိုလမ်းနှင့်ဉာဏအောင်မြေလမ်းဆုံ(စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အထက-၁၁ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့်ဂိတ်(၅)ထိပ် လမ်းဆုံ(ဂိတ် ၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(အားကစားရွာထိပ်)
(၆) ပျဉ်းမနား-တောင်ညိုလမ်းနှင့်V4 လမ်းဆုံ(နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာ ဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျာဗလလမ်းဆုံ (ခရေအိမ်ရာထိပ်)တို့ဖြစ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**



# ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်စု ၇၂ အုပ်စု၊ ကျေးရွာပေါင်း ၂၇၅ ရွာတို့ကို ကွင်းဆင်းလျက် လိုအပ်ချက်များ စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းနှင့် ဝန်ထမ်းများက တရုတ်ကောအုပ်စုအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ မိမိတို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်/ကျေးရွာ အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံဆွေးနွေး၍ ကျေးရွာအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံထောက်ပံ့

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းမြို့မရဲတပ်ဖွဲ့ ရဲရင့်ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်ကျော်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့ပေါ်ရပ်ကွက် ၁၈ ရပ်ကွက်နှင့် ကျေးရွာ ၄၆ အုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ပထမအကြိမ် တစ်စုံလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ပေးသော မီးသတ်တူညီဝတ်စုံများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်ကျော်နှင့် မြို့မစခန်းမှူး ဒုရဲမှူးသိန်းဆွေတို့က မီးသတ်ဝတ်စုံပေါင်း ၁၆၆၈ စုံကို ပေးအပ်ကြသည်။

အရန်မီးသတ်ဝတ်စုံများကို ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ၊ မီးဘေးနှင့် သဘာဝဘေးကျရောက်သောအခါများ၌ ကျေးရွာပြည်သူများနှင့်အတူ ဆောင်ရွက်ရာတွင် စနစ်တကျဝတ်ဆင်အသုံးပြုကြရန်ဖြစ်ကြောင်း သိရသည်။ **(၁၃၃)**

**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ**

# စစ်ကိုင်းမြို့၌ တရားမဝင်တမလန်းသစ်တားရှေတုံးများ သိမ်းဆည်းရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်(၂)၊ စစ်ကိုင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဖုန်းဝေ၊ တောအုပ် ဦးဝင်းနိုင်၊ ဦးရဲလတ်၊ ဦးမျိုးနိုင်၊ တောခေါင်း ဦးစန်းသက်နိုင်၊ ဦးသန်းဇော်၊ ဦးအောင်စိုးမိုး၊ ဦးညွန့်ဝင်းထွန်း၊ ဦးကျော်မင်းနိုင်တို့ ပါဝင်သော သစ်တောအဖွဲ့နှင့် သတင်းတပ်ဖွဲ့မှ ဒုရဲအုပ်ဝင်းကိုကို၊ ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်အာကာမင်း၊ (စရဖ)တပ်ဆွယ်မှ တပ်ကြပ်အောင်ကိုကို၊ ကံတလူရဲကင်းမှ ရဲတပ်ကြပ် ကျော်သူအောင်နှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် ည ၁၀ နာရီခွဲက စစ်ကြောင်းအသွင်ဖြင့် တရားမဝင်သစ် ရှာဖွေဖမ်းဆီးရေး ဆောင်ရွက်စဉ် ကံတလူဘုရားအနီးတွင် ကလေးဝမြို့မှ ယာဉ်မောင်း ဦးကျော်မြိုင်(၃၁နှစ်) အောင်သစ္စာရပ်ယာဉ်နောက်လိုက် ဦးအောင်အောင် (၂၂နှစ်)ပင်ကုန်ရပ် ကလေးမြို့နေသူတို့ မောင်းနှင်လာသော ၁၂ ဘီးကား



ယာဉ်အမှတ် ၃စ/ ---- နီဆန်း ဒီဇယ်ကားကို ရပ်တန့်စစ်ဆေးရာ ပုလင်းခွံများ၊ ဖွဲအိတ်များဖြင့် ဖုံးအုပ် တင်ဆောင်လာသော တရားမဝင်တမလန်းခားရှေတုံးများ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိသဖြင့် ပိုးတန်း သစ်တောရုံးသို့ မောင်းနှင်ပြီး ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ယာဉ်ပေါ်ပါ ပစ္စည်းများကို ချတိုင်းစစ်ဆေးရာ တရားမဝင် တမလန်းသစ်ခားရှေတုံး ၇၀၊ ၅ ဒသမ ၈၁၄၆ တန်ကို ဖမ်းဆီးရမိပြီး ယာဉ်မောင်းကျော်မြိုင်၊ ယာဉ်နောက်လိုက် အောင်အောင်တို့ကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိသောပစ္စည်းများကို ပိုးတန်းသစ်တောရုံးဝင်းတွင် သိမ်းဆည်းထားရှိပြီး ယာဉ်ကို စစ်ကိုင်းမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**

# ကွန်ပျူတာ၊ အင်တာနက် နည်းပညာအခမဲ့သင်တန်းဖွင့်

**ရွှေဘို ဒီဇင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာ A.B.C ကွန်ပျူတာသင်တန်းခန်းမတွင် ကျေးလက်လူငယ် ၂၀ တို့ကို ကွန်ပျူတာ၊ အင်တာနက်နည်းပညာ အခမဲ့သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းမှူး ဆရာဦးစိုးဝင်းမောင်က နည်းပညာပိုင်းဆိုင်ရာဘာသာရပ်များကို မိတ်ဆက်ပြောကြားသည်။ အထက်ပါကဲ့သို့သော သင်တန်းများကို ရွှေဘိုခရိုင်အတွင်း ကျေးရွာများ၌ ကနဦးအနေဖြင့် သင်တန်းသား ၃၀၀ အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ၊ ရပ်မိရပ်ဖများ၊ စိတ်ဝင်စားသူပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၅၀)**

**တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းအတွက် အဆောက်အအုံများနှင့် ကျောင်းတွင်း ရေ/မီးလုပ်ငန်းတို့အား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** | - ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့)မှ စတင်၍ ရုံးချိန်အတွင်း |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၃-၁-၂၀၁၄ရက်(သောကြာနေ့) (၁၆း၀၀)နာရီ |
| **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - ၆-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(သစ်)၊ ကမ်းနားလမ်း၊ ထားဝယ်မြို့။ |

**တင်ဒါခေါ်ယူရေးကော်မတီ**

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဆရာဝန်အသင်း**
**အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**နှိုးဆော်စာ**

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆)ရွေးချယ်တင်မြှောက်ပွဲအား ၂၈-၁၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၅နာရီအထိနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆) ရွေးချယ်တင်မြှောက်ပွဲအား ၁၁-၁-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(B)တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆရာဝန်အသင်း အသင်းဝင်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်မဲပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

# အမေနေ့ နွားထိုးကြီး၌ ကျင်းပမည်

**နွားထိုးကြီး ဒီဇင်ဘာ ၂၀**

နွားထိုးကြီး ဒါနပါရမီအဖွဲ့ကဦးစီး၍ ဒုတိယအကြိမ်မြောက် အမေနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် အထူးဓမ္မသဘင်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင် နွားထိုးကြီးမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၁၁ ရက်ညတွင် ရွှေမန္တလေးဂီတဖျော်ဖြေမှု၊ ဇန်နဝါရီ ၁၂ ရက်ညတွင် စာပေဟောပြောပွဲ၊ ဇန်နဝါရီ ၁၃ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တွင် တရားပွဲများဖြင့် အမေနေ့တရားဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **ဌေးမြင့်**

# ခါးပိုက်နှိုက်စွန့်ပစ်ထားသောပိုက်ဆံအိတ် အမှိုက်သိမ်းသမားက ပိုင်ရှင်ထံသို့ပြန်လည်အပ်နှံ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ခါးပိုက်နှိုက်ခံရသော ပိုက်ဆံအိတ်၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ E-Pension ကတ်များကို အမှိုက်ပုံး



တွင် စွန့်ပစ်ထားရာမှ အမှိုက်သိမ်းဆည်းသူတစ်ဦး ကောက်ယူရရှိပြီး ပိုင်ရှင်လိပ်စာကို အဆင့်ဆင့်စုံစမ်းပြန်လည်ပေးအပ်ခဲ့ရာ ပစ္စည်းပိုင်ရှင်က ဝမ်းမြောက်ကျေနပ်စွာ ဂုဏ်ပြုငွေ ပြန်လည်ပေးခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ဒုတိယပတ်အတွင်း တာမွေလေး သံလမ်းမှတ်တိုင်မှ ဘုရင့်နောင်သို့ အဓိပတိစံပြဈေး အဝိုင်းပတ်အပြာ ယာဉ်တစ်စီးပေါ် တက်ရောက်စီးနင်းရာ ရုံးဆင်းချိန်ဖြစ်၍ လူသွားလမ်းတွင် မတ်တတ်ရပ်စီးရကြောင်း၊ တာမွေဈေးရောက်ချိန်တွင် လူပိုမိုကျပ်ခဲ့ကြောင်း၊ လက်ကိုင်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ဇစ်ဖွင့်ပြီး ပြန်ပိတ်ထားခဲ့၍ ရန်ကုန်မြို့လယ်အရောက် ထိုင်ခုံနေရာရပြီးသော်လည်းမသိဘဲ ဘုရင့်နောင်ပွဲရုံဝင်းသို့ရောက်မှ သိခဲ့ရကြောင်း၊ ငွေသား ၅၀၀ ကျပ်တန် လေးရွက် တန်ဖိုးအားဖြင့် ငွေကျပ် ၂၀၀၀ သာ ပါရှိသော်လည်း ဇနီးမောင်နှံနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်များ၊ E-Pension ကတ်များ ပါသွားသဖြင့် ပြန်လည်လျှောက်ထားရန် စီစဉ်နေချိန် ခါးပိုက်နှိုက်ခံရပြီး တစ်ပတ်အကြာ ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ပြန်လည်ရရှိခြင်းဖြစ်ကြောင်း ကာယကံရှင် အမျိုးသမီးက ဆိုသည်။

ယင်းခါးပိုက်နှိုက် ခံရချိန်တွင် ပါသွားသော စာရွက်စာတမ်းများမှာ တန်ဖိုးအားဖြင့် နည်းသော်လည်း ပိုက်ဆံအိတ်အဟောင်းနှင့် အတူ ကျောက်မြောင်းဈေးအနီး အမှိုက်ပုံတစ်ခုတွင် လွှင့်ပစ်ထားရာမှ အမှိုက်သိမ်းသူတစ်ဦးက ကောက်ယူရရှိခြင်းဖြစ်သည်ဟု သိရသည်။

မျက်မှောက်ကာလတွင် လက်ကိုင်ဖုန်းသုံးစွဲမှု များပြားသကဲ့သို့ မေ့ကျန်မှုများလည်း ဖြစ်ပွားတတ်ရာ ကောက်ရသူများထံမှ ငွေပေးရွေးမှုများ ရှိနေကြောင်း၊ ဖုန်းဆင်းကတ်အပျောက် သက်ဆိုင်ရာတွင် ပြန်လည်လျှောက်ထား ထုတ်ယူရာတွင် အထောက်အထားစာရွက်များ တင်ပြရပြီး ပြည့်စုံလျှင် ငွေကျပ် ၂၀၀၀၀ ပေးသွင်းရကြောင်း၊ ဟန်းဆက်တန်ဖိုးကြောင့် ကောက်ရသူများအနက် အချို့ထံတွင် ငွေပေးရွေးရာ၌ ငွေကျပ်သောင်းချီပေးနေရကြောင်း၊ မေ့ကျန်မှု၊ ခါးပိုက်နှိုက်မှု၊ အလစ်သုတ်မှုတို့ကြောင့် ငွေသားနည်းတူ ဖုန်း၊ စာရွက်စာတမ်းများ ဆုံးရှုံးမှုများကြောင့် ကာယကံရှင်များအတွက် ပိုမိုသောကရောက်ရသဖြင့် သွားလာရာတွင် အထူးဂရုပြုသွားလာရန် လိုအပ်နေသည်ဟု ဖုန်းပျောက်ခဲ့သူ လမ်းမတော်မြို့နယ်တွင် သတင်းစာ၊ ဂျာနယ်ရောင်းချသူတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**



# နိုင်ငံခြားသားခရီးသွားများ ဆိုင်ကယ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**မြဝတီ ဒီဇင်ဘာ ၂၀**

ALL Asia Exclusive Travels & Tours Co.,Ltd ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသား ဧည့်သည်လေးဦး၊ ဂျာမနီနိုင်ငံသားဧည့်သည် ခြောက်ဦး၊ ဩစတြေးလျနိုင်ငံသား ဧည့်သည်တစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည်တစ်ဦး၊ အမေရိကန်နိုင်ငံသားဧည့်သည်တစ်ဦး စုစုပေါင်း ဧည့်သည် ၁၃ ဦးသည် ဒီဇင်ဘာ ၃ ရက်က မြဝတီမြို့သို့ ရောက်ရှိလာပြီး မော်တော်ဆိုင်ကယ် ၁၂ စီးဖြင့် မြဝတီ-ကျိုက်ထီးရိုး-ပဲခူး-ပြည်-ပုဂံ-မန္တလေး - အင်းလေး - ညောင်ရွှေ-တောင်ငူ-ဘားအံမြို့များသို့ သွားရောက်လည်ပတ်ခဲ့ပြီး အပြန်ခရီးတွင် ကုမ္ပဏီဧည့်လမ်းညွှန် ဦးကျော်မျိုးသူလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက်က မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

# လွယ်ဂျယ်မြို့နယ်ခွဲ၌ သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်း

**လွယ်ဂျယ် ဒီဇင်ဘာ ၂၀**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းအကြောင်း သိကောင်းစရာများကို ပြည်သူများအား အသိပေးဟောပြောခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ အောင်သစ္စာရပ်ကွက် တရုတ်စာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လွယ်ဂျယ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ခွဲဦးစီးမှူး ဦးကျော်မိုးက လူဦးရေ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်ရမည့် အချက်အလက်များ၊ သန်းခေါင်စာရင်းကောက်ယူမည့် အချိန်ကာလနှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုခြင်း၊ မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အချက်များကို ဆွေးနွေးခဲ့သည်။

မြို့မိမြို့ဖဖြစ်သော ဦးလောဟိုက်က တိုင်းရင်းသားဘာသာနှစ်မျိုးဖြင့် ထပ်မံရှင်းလင်းတင်ပြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်က စာဖတ်ရှိန် မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ရပ်မိရပ်ဖ ၁၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မြို့ဦးစေတီ မြေထိန်းနံရံပြုပြင်

**ပန်ဆိုင်း(ကြူကုတ်) ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၌ တည်ထားကိုးကွယ်ထားသည့် ဉာဏ်တော်အမြင့် ၂၇ တောင်မြင့်သော လေးကျွန်းဒီပါဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးသည် မြေထိန်းနံရံပြုလုပ်ထားခြင်းမရှိသဖြင့် ကုန်စည်များပို့ဆောင်ရာတွင် အသုံးပြုသည့် ကုန်တင်ကားကြီးများ၏ ဖြတ်သန်းသွားလာမှု၊ တုန်ခါမှုဒဏ်မှ ကာကွယ်ရန်အတွက် အရှည် ပေ ၃၀၀၊ အမြင့် ၅၃ ပေရှိသော မြေထိန်းနံရံကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင် ဦးဆောင်၍ စေတနာရှင် ပြည်သူများက လှူဒါန်းငွေကျပ် သိန်း ၂၅၀ ဖြင့် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး**(iprd)

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွှေဟသ်ာအဆင့်မြင့်တာဝါ၊ ငွေလရောင်တာဝါ (B)၊ အခန်းအမှတ် ၈၀၆၊ အဌမထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားရှိပြီးဖြစ်သည့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်၊ ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်ဝင်းဝင်းတင့် ၁၂/လသန(နိုင်)၀၀၁၅၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်၊**
**အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ အမှတ် ၁၂၊ မြင့်မိုရ်လမ်း၊ ခြောက်ထပ်တိုက်အဆောက်အအုံ၏ အကျယ်အဝန်း(၁၅ ပေ×ပေ ၅၀)ရှိ ဆဌမထပ်(ခြေရင်းခန်း)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဝေ ၇/သကန(နိုင်)၀၂၈၂၀၃ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးကျော်မောင်မောင်မင်း**
**အထက်တန်းရှေ့နေ (စဉ်-၂၉၁၄၃)**
LL.B,D.B.L
**အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၆၉၁၅**








## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများအတွက် e-Government ဆိုင်ရာ Server များအား မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာနအတွက် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့်လည်းကောင်း ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာနနှင့် တက္ကသိုလ်တွင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| ဆက်စပ်လုပ်ငန်းများ | |
|---|---|
| (က) | **ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန**<br>ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း |
| (ခ) | **နည်းပညာတက္ကသိုလ်(မှော်ဘီ)**<br>(၁) သုံးထပ်ဆောင်အဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၂) မြေနီလမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၃) သုံးထပ်စာသင်ဆောင်ထောင့်ချိုးကျောက်ခင်းလမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၄) အခြားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ(၈)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ပြည်တွင်းသတင်း

# စားအုန်းဆီ၊ ကြက်သွန်နီ/ဖြူ၊ သကြား၊ ငရုတ်ဈေးကျ

**ရန်ကုန်    ဒီဇင်ဘာ    ၂၀**

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် စားအုန်းဆီ၊ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ သကြား၊ ငရုတ်ဈေးကျနေကြောင်း၊ ကြက်သွန်နှင့် သကြားများ အသစ်ထွက်ချိန်ဖြစ်၍ ဈေးကျခြင်းဖြစ်ပြီး စားအုန်းဆီမှာ ကမ္ဘာ့ဈေးကျ၍ဖြစ်ကြောင်း၊ ကြက်သွန်ဖြူနှင့်ငရုတ်မှာ ပြည်ပအဝယ်မရှိ၍ ဈေးကျသည်ဟု ကုန်သည်များက ဆိုသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် စားအုန်းဆီ FOB ပြည်ပဈေး တစ်တန်လျှင် ၈၄၅ ဒေါ်လာ ပြည်တွင်းပို့ကုန်ရငွေလဲလှယ်နှုန်း ၈၇၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၅၆၃ ကျပ်ဖြစ်ပြီး ရန်ကုန်ဈေးကွက်တွင် လက်ကားတစ်ပိဿာ ၁၅၆၃ ကျပ်ဖြင့် ရောင်းချကြောင်း သိရသည်။ ဒီဇင်ဘာ ၉ ရက်က FOB တစ်တန် ၈၈၀ ဒေါ်လာဖြင့် တစ်ပိဿာအရင်းဈေး ၁၆၁၉ ရှိပြီး ရန်ကုန်ဈေးကွက်တွင် ရောင်းဈေးတစ်ပိဿာ ငွေကျပ် ၁၆၀၀ နှုန်းရှိခဲ့သဖြင့် တစ်ပတ်ကျော်အကြာ ဆီတစ်တန် ၃၅ ဒေါ်လာ ဈေးကျပြီး ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာ ၃၇ ကျပ် ဈေးကျလာကြောင်း သိရသည်။

ဈေးကွက်သို့ဝင်ရောက်လာသော ကြက်သွန်နီအသစ်များမှာ ဝယ်သူလက်ခံနိုင်သော အရည်အသွေးရှိသော်လည်း ကြက်သွန်နီအဟောင်းများမှာ အမြိတ်ထွက်ခြင်း၊ အရောင်မှိန်ခြင်း၊ ရှုံ့တွလာခြင်းဖြစ်၍ အသစ်သည်အဟောင်းထက် ဈေးနှုန်းပိုရနေကြောင်း ကြက်သွန်ရောင်းသူများက ဆိုသည်။ ကြက်သွန်နီအသစ်များမှာ မြင်းခြံ-နွားထိုး အသစ်တစ်ပိဿာ ငွေကျပ် ၃၅၀၊ ၇၀၀၊ ၈၅၀၊ ၉၅၀၊ ၁၀၀၀ နှုန်း၊ မြစ်သားကြက်သွန်နီအသစ် တစ်ပိဿာငွေကျပ် ၆၀၀၊ ၈၅၀၊ ၉၅၀၊ ၁၀၅၀ နှုန်းရှိကြောင်း၊ မြင်းခြံအဟောင်း တစ်ပိဿာငွေကျပ် ၂၀၀၊ ၅၅၀၊ ၈၅၀၊ ၉၅၀ နှုန်း၊ ဆိပ်ဖြူတစ်ပိဿာ ငွေကျပ် ၄၅၀၊ ၇၀၀၊ ၈၅၀၊ ၉၇၅ ကျပ်နှုန်းရှိကြောင်း၊ ကြက်သွန်နီအဟောင်းများမှာ ကုန်စည်ဒိုင်ဖွင့်ဈေးနှုန်းထက် ပစ္စည်းအရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ငွေကျပ် ၁၀၀၊ ၂၀၀ ဈေးလျှော့ရောင်းခြင်းဖြစ်ကြောင်း ကြက်သွန်နီအဝယ်တော်များက ဆိုသည်။

ယခုနှစ်တစ်နှစ်လုံး ပြည်ပအဝယ်မရှိခြင်း၊ အသစ်ထွက်ချိန်လှောင်လက်များ၍ဈေးနှုန်းမြင့်နေခြင်းတို့ကြောင့် ရှမ်းကြက်သွန်ဖြူဈေး သိသာစွာမြင့်တက်ခြင်းမရှိကြောင်း၊ ပြည်ပမှ တင်သော ကြူကုတ်ကြက်သွန်ဖြူမှာလည်း ဈေး အနိမ့်တွင်သာရှိနေကြောင်း၊ ယခုရက်ပိုင်း ဒီဇင်ဘာ ၁၉ ရက်တွင် ဈေးနှုန်းကျဆင်းမှုရှိရာ ရှမ်းကြက်သွန်ဖြူက တစ်ပိဿာငွေကျပ် ၁၀၀၀၊ ၁၄၀၀၊ ၁၆၅၀၊ ၁၈၅၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာငွေကျပ် ၁၁၀၀၊ ၁၁၂၅ နှုန်း သာရှိကြောင်းသိရသည်။

ကြံခုတ်သိမ်းချိန်ဖြစ်ပြီး သကြားစက်များ စတင်လည်ပတ်နေပြီဖြစ်၍ ပြည်တွင်းသကြားဈေးနှုန်း လက်ကား တစ်ပိဿာ ငွေကျပ် ၉၆၀၊ ၉၇၀ နှုန်း သာရှိကြောင်း၊ ယခင်လများက သကြားတစ်ပိဿာ ငွေကျပ် ၁၀၀၀၊ ၁၀၅၀ အတွင်းရှိခဲ့ကြောင်း၊ ငရုတ်များမှာ ပြည်ပဝယ်လက်မရှိခြင်း၊ ငရုတ်ရှည်များ ပြည်ပမှပြန်လည်တင်သွင်းရောင်းခြင်းတို့ကြောင့် ဈေးကျလာကြောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ပျော်ဘွယ်မိုးထောင် ငရုတ်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၂၅၅၀၊ ၂၇၀၀ နှုန်း၊ ဝါးခယ်မ ငရုတ်ရှည်တစ်ပိဿာ ငွေကျပ် ၂၄၀၀၊ ပြည်ပငရုတ်ရှည် တစ်ပိဿာငွေကျပ် ၂၉၀၀ သာရှိကြောင်း၊ ငရုတ်ဈေးကွက်မှသိရသည်။ ဒီဇင်ဘာ ၆ ရက်တွင် ပျော်ဘွယ်မိုးထောင်ငရုတ်တစ်ပိဿာငွေကျပ် ၂၇၀၀၊ ၂၇၅၀နှုန်း၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၅၀၀၊ ပြည်ပငရုတ်ရှည် (ခြောက်ပိဿာဝင်အိတ်များ) တစ်ပိဿာ ငွေကျပ် ၃၁၀၀ နှုန်း ရှိခဲ့ကြောင်း ငရုတ်ရောင်းသူတစ်ဦးက ဆိုသည်။

ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် ကုန်စည်ဈေးနှုန်းများ ကျဆင်းမှုကြောင့် စားသုံးသူများ ဈေးနှုန်းသက်သာမှုနှင့် ကြုံတွေ့နေရကြောင်း၊ လှောင်လက်တို့ ရောင်းချိန်မဟုတ်ဘဲ ပစ္စည်းသိုလှောင်စုဆောင်းချိန်ဖြစ်၍ ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁၂-၂၀၂၃

### ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၄၅၀၀၀-၆၁၇၁၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၄၆၀၀၀-၆၁၁၅၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၇-၉၈၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၆၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၃-၇၈၅ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၆-၃၀.၉ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၃-၁၆.၅ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၉-၁၆၅ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၀-၂၉၃ | ကျပ် |

### စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၇၀၀-၄၃၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၄၀၀-၃၅၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၇၀၀-၆၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၁၈၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၅၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။အမဲ | တစ်ပိဿာ | ၄၀၀၀-၇၅၀၀ | ကျပ် |
| ၁၁။ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| ၁။ နေ့ဆန် | တစ်အိတ် | ၁၉၀၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၆၀၀၀ |
| ၃။ ပေါ်ဆန်း (ယဉ်အသစ်) | တစ်အိတ် | ၂၁၀၀၀-၂၃၅၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၈ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၅၀-၉၇၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၁၂၅ |
| ၉။ အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၄၇၀-၇၂၀ |
| ၁၀။ ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၄၀၀ |
| ၁၁။ ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၅၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၅၀-၉၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**



# ပွင့်လင်းရာသီ ရခိုင်ပြည်သို့ ဆင်တံဆိပ်ဘိလပ်မြေအိတ်များ တင်ပို့ရောင်းချ

**ရန်ကုန်    ဒီဇင်ဘာ    ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေတွင် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ဆူးလေဆိပ်ကမ်း အမှတ်(၆)ကုန်ကူးသင်္ဘောမှ ရန်ကုန်-စစ်တွေပြေးဆွဲနေသော အန်ဗွီရာဇာမင်းသင်္ဘောပေါ်သို့ ဆင်တံဆိပ်ဘိလပ်မြေအိတ် ၃၂၀၀၀ တင်ဆောင်လျက်ရှိပြီး ၎င်းဘိလပ်မြေအိတ်များကို ရခိုင်ပြည်နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ရာ ဝါးတန်းဆိပ်ကမ်းနယ်မြေတာဝန်ကျ Mobile Team အဖွဲ့ဝင်များက ၎င်းသင်္ဘောပေါ်သို့ သွားရောက်စစ်ဆေးခဲ့သည်။

**ဖြန့်ဖြူးရောင်းချ**

ယင်းဘိလပ်မြေအိတ်များကို ရခိုင်ပြည်နယ်၌ တစ်အိတ်လျှင်ကျပ် ၅၅၀၀ ကျော်ဝန်းကျင်ဖြင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြင့်အေး**


## ကံကောင်း

### အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉**
**၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**



## ရောင်းမည်

Chatrium Hotel အနီးရှိ ဖိုးစိန်ကွန်ဒို
3300 Sqft (P.H) အဆင့်မြင့်ပြင်ဆင်ပြီး
**ဖုန်း-၀၉-၅၅၀၆၅၄၈၊ ၀၉-၅၀၇၄၁၄၅**


## တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

မြေးလေးဟိန်းသုဝန်းရဲကျော်၏ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှသည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပြီး တိုင်းပြည်အကျိုး၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ပါစေ-

**ဘိုးဘိုး - ဗိုလ်မှူးကြီးခင်မောင်ချို၊**
**ဘွားဘွား - ဒေါ်အေးမိစံ**
**ဘိုးဘိုး - ဗိုလ်မှူးထိန်လင်းအောင်(ငြိမ်း)**
**ဘွားဘွား - ဒေါ်ဝင်းမာချို**
**ဖေဖေ ဗိုလ်ဘုန်းမြတ်ကျော်-မေမေ မသူသူချိုစံ**


## LPG Daihatsu Hijet Mini Truck ရောင်းရန်

2006/ 2 WD/AC/PS/MT
ပုဂ္ဂလိက LPG Pump တွင် အလွယ်တကူဖြည့်နိုင်သည်။
**ဖုန်း-၀၉-၇၃၀၃၃၇၁၄**


## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊ အမှတ် ၁၈၂/၁၈၄၊ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၃E/၂၊ မြေကွက်အမှတ် Southern ၁/၂ of III 36 နှင့် Northern ၁/၂ of III 36၊ မြေအမျိုးအစား မြေပိုင်မြေ အမည်ပေါက် Sheikh Mohamed Iqbal Wally မြေအား ရန်ကုန်တိုင်းတရားရုံး ၁၉၈၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၀၊ (ကျောက်တံတား)အမှုအရ မစ္စတာဝဆီးအာမက် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း မွက်ဟဒီကရီ၊ နှစ်ဖက်ကျေအေး ညှိနှိုင်းသဘောတူစာချုပ် ၆၈၈၁/၂၀၁၂ နှင့် ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးတရားမကြီးမှုအမှတ် ၁၂၆၂/၂၀၁၁၏ (၉-၃-၂၀၁၂) ရက်စွဲပါ အမွေဆက်ခံခွဲဝေခံစားခွင့်ရှိကြောင်း ကျေအေးဒီကရီ တို့ကိုတင်ပြ၍ (၁) ဦးတင်မောင်ထွေး ၁၂/တမန(နိုင်)၀၇၆၅၆၇၊(၂)ဒေါ်မြင့်မြင့်ဆွေ ၁၂/မဂတ(နိုင်)၀၅၆၈၇၅၊ (၃) ဦးတင်မောင်လတ် ၁၂/တမန(နိုင်)၀၇၆၅၆၆၊ (၄) ဒေါ်ခင်မာရီ ၁၂/လမန(နိုင်)၁၀၂၆၇၁၊ (၅) ဒေါ်သီတာခင်လတ် ၁၂/မဂတ(နိုင်)၀၆၇၁၈၆ တို့က အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အေးရိပ်ငြိမ် မြို့ကွက်သစ်(မြို့ပြ)ပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေနှင်းဆီ (၄) လမ်း၊ အိမ်အမှတ် (၉၀စီ)နေ ဒေါ်မြင့်မြင့်သန်း ၁၂/တမန(နိုင်)၁၁၉၃၇၄ ပိုင်ဆိုင်သည့် မြေကွက်အမှတ် ၁၅၅၂၊ ၁၅၅၃၊ ၁၅၅၄မြေကွက် သုံးကွက်အား မူလမြေပေးမိန့် ပျောက်ဆုံးခဲ့ပါသဖြင့် မြေပေးမိန့်ရရှိရေး ပြန်လည်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြို့နယ်ရုံးများတွင် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်တင်ပြသော ကန့်ကွက်မှုများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း ၁၂/တမန(နိုင်)၁၁၉၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ Star Light Co., Ltd. တန်ဖိုးနည်းအိမ်ရာအတွင်းရှိ မြေနေရာများအတွက် လယ်သမားဖြစ်သော ဦးတင်ဝင်း ၁၂/လသယ(နိုင်)၀၀၃၈၀၁ အား ကရုဏာကြေးပေးချေမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း၊ စာချုပ်စာတမ်းများနှင့် ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက နယ်မြေပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ရှေ့မှောက်တွင် ဥပဒေနှင့်အညီ ကရုဏာကြေးပေးအပ်မည်ဖြစ်ပါသည်။

**Star Light Co., Ltd.**
**အမှတ် ၁၂၀/၁၀၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၆၁၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းထိုက်ဦး ၁၂/ကမတ(နိုင်)၀၇၀၉၄၁ CDC-75247 ၏ 4 ticket လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၆၉၄၉၈**

## အမည်မှန်

ဦးနေလင်းထိုက် ၁၀/မလမ(နိုင်)၁၈၆၃၈၅၏သမီး မော်လမြိုင်မြို့ အထက (၁၀) (GRADE-9)(A) မှ မရွှေဇင်လင်းထိုက်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မရွှေစင်လင်းထိုက် ဖြစ်ပါကြောင်း။

**မရွှေစင်လင်းထိုက်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၄-က)၊ အမှတ် ၁၃၅ နေ ဦးမွတ်တား(ခ)ဦးမြင့်သိန်း-ဒေါ်မူစိန်တို့၏သမီး မမြင့်မြင့်အေး (ခ)မချော ၁၃/တကန(နိုင်)၀၅၁၂၅၉ သည် မိဘနှစ်ဦး၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မမြင့်မြင့်အေး(ခ) မချောနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့ကို မိဘ၊ မောင်နှမများမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးမြင့်သိန်း-ဒေါ်မူစိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၅၀၀၊ (A/B) နေ ဦးမျိုးအောင် ၁၂/သဃက(နိုင်)၀၀၀၈၇၂ ပိုင်ဆိုင်သော အမှတ် (၄၀၃) ဒါဘာ(ခေါင်းရင်း)ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးဝေမောင် ၇/ရတန(နိုင်)၀၀၀၇၅၃၊ အမှတ် ၇၄၊ စိုက်ပျိုးရေးပဒေသာလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေသူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အထက်ပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)ပြသ၍ ဦးဖြိုးဝေမောင်နှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်မည့်သူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဆုံးခန်းတိုင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဖြိုးဝေမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သန်း LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇/၈၅)**
**အမှတ် ၉၁၈၊ အင်းဝ (၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**


**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကျေးဇူးတင်လွှာ

## နိုင်ငံတကာအဆင့်မီ TRISTAR TYRE နှင့် အရည်အသွေးပြည့်ဝသော အဆင့်မြင့် ပြည်တွင်းထုတ်ကုန်များ

## ကုန်စည်ပြပွဲ

အား၊ ၁၈.၁၂.၂၀၁၃ ရက်နေ့မှ ၂၁.၁၂.၂၀၁၃ ရက်နေ့အထိ တပ်မတော်ခန်းမတွင်ကျင်းပပြုလုပ်ခဲ့ရာ ပြပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်** နှင့်တပ်မတော် အရာရှိကြီးများ။ ပြပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ။ ၁၉.၁၂.၂၀၁၃ ရက်နေ့ Myanmar Mobile Money ငွေကြေးဝန်ဆောင်မှုလုပ်ငန်း မိတ်ဆက်ကြော်ငြာပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ။ လာရောက် အားပေးကြသော စီးပွားရေးလုပ်ငန်းရှင်များ။ Myanmar Mobile Money Agent များ။ အစရှိသည့်ဧည့်သည်တော်များ။ MRTV, MITV, MRTV4, MWD ၊ သတင်းဂျာနယ်၊ စာနယ်ဇင်းအဖွဲ့များ။ Live Show ဖျော်ဖြေ ဆောင်ရွက်ပေးသော ဒါရိုက်တာ [illegible] နှင့်အဖွဲ့၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် နှင့် အဆိုတော်များ။ သရုပ်ပြသကြော်ငြာပေးပါသော HELLOW MADAM MEDIA GROUP,SUPER STAR MODEL AGENCY နှင့် FAMAR POYAZAR MODEL AGENCYတို့မှ သရုပ်ဆောင် MODEL များ။ မျက်လှည့်ပညာရှင် Mr.TOP နှင့်အဖွဲ့၊ မြန်မာ့ရိုးရာသဘင်အဖွဲ့၊ ကြော်ငြာ DESIGN များကို တီထွင် ဖန်တီးပေးပါသော ဦးဇော်ဦးမြင့်နှင့်အဖွဲ့၊ ခန်းဝင်းDecoration ဆောင်ရွက်ပေးပါသောCRAB အဖွဲ့၊ အမြင့်မိုးဦး ၊ ဝတ်စုံလှပ်ပြင်နှင့်အခြားအခမ်းအနားများ ပြင်ဆင်ပေးပါသောစိုးဝင်းနှင့် ညီအကိုများအဖွဲ့၊ PYI KO PAING SOE အဖွဲ့၊ တိုးချဲ့ဘူးနှင့်အဖွဲ့၊ အသံပိုင်းဆိုင်ရာ၊ လျှပ်စစ်/မီး/ ဓာတ်ပုံဆိုင်ရာကူညီ ပေးပါသော ပုဂ္ဂိုလ်များ၊ ပြခန်းများအားလုံးတင် အဆင်ပြေပြေညီညွတ်စွာ တာဝန်ယူ ပြသ ပေးပါသော မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ တာဝန်ရှိ အရာထမ်း/အမှုထမ်းများ၊ ပြပွဲဖြစ်မြောက်ရေးအတွက် တပ်မတော်ခန်းမမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကုန်စည်ပြပွဲကြီးအောင်မြင်အောင်အဓက်ဝင်မှ ကူညီပံ့ပိုးပေးပါသော ပုဂ္ဂိုလ်အဖွဲ့အစည်း အားလုံးနှင့်လာရောက် ကြည့်ရှု ဝယ်ယူအားပေးကြပါသော ပြည်သူအပေါင်းတို့အား

**အထူးကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်းတင်အပ်ပါသည်။**

**ကုန်စည်ပြပွဲ မိသားစု**

TRISTAR TYRE
SUPER STAR
MECTEL
Myanmar Mobile Money
SIGMA
DAGON
Myanmar
Mandalay
Gandamar wholesale
NAY PYI TAW
MOON
SEVEN 7
Jasmine
RUBY MART

# မန်ကျည်းတစ်ပင်လုံး ဆေးအသုံး

မန်ကျည်းပင်ကို မြန်မာနိုင်ငံအနှံ့အပြားတွင်တွေ့ရပြီး အပူပိုင်းဒေသများတွင် ပိုမို၍ ပေါများစွာတွေ့ရသည်။ စိန်ပန်းမျိုးရင်းဝင်ဖြစ်ပြီး ဒေသအလိုက် အခေါ်အဝေါ်များ ကွဲပြားမှုရှိသည်။

မန်ကျည်းသားကို ယောက်မ၊ စဉ်းတီတုံးစသည်ဖြင့် မီးဖိုချောင်သုံးကိရိယာပစ္စည်းအဖြစ် အသုံးပြုနိုင်ကြောင်း လူတိုင်းသိပြီးဖြစ်သည်။ မြန်မာ့ တိုင်းရင်းဆေးပညာတွင် မန်ကျည်းသီးအမှည့်တစ်မျိုးတည်းသာမက မန်ကျည်းပင်၏ ပဥ္စင်းပါး (အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်နှင့် အစေ့) တို့ကို ဆေးဝါးဓာတ်စာအဖြစ် သုံးစွဲနိုင်ကြောင်း သိရသည်။

**အသီး**

မန်ကျည်းသီးကို အိမ်ရှင်မများ မီးဖိုချောင်သုံး ဟင်းခတ်ပစ္စည်းအဖြစ်အသုံးပြုကြသည်။ မန်ကျည်းသီးတွင် အင်တီအောက်ဆီးဒင့်၊ ဗီတာမင်ဘီ၊ စီ၊ အီး၊ ကေ၊ မီးစုန်းဓာတ်၊ သွပ်ဓာတ်၊ သကြားဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ သိုင်ယာမင်၊ ရိုင်ဘိုဖလာဗင်၊ သန်းနစ်အက်စစ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်၊ ဆိုဒီယမ်စသည်ဖြင့် ပါဝင်ပါသည်။ မန်ကျည်းသီးသည် အအေးမိခြင်းကို ကာကွယ်နိုင်ခြင်း၊ အဖျားကျစေခြင်း၊ အစာကြေစေခြင်း၊ သွေးတွင်းမကောင်းသော ကိုလက်စထရောကို လျော့ကျနိုင်ခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ဝမ်းမှန်စေခြင်း၊ ကိုယ်ခံစွမ်းအားကောင်းစေခြင်း၊ ကင်ဆာရောဂါတွန်းလှန်နိုင်ခြင်း၊ သည်းခြေ၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေခြင်း၊ သွေးတိုးကျစေခြင်း၊ အရေပြားရောင်ရမ်းမှုကို သက်သာစေခြင်း၊ အနာကျက်မြန်စေခြင်း စသည်တို့တွင် အသုံးဝင်ပါသည်။ မန်ကျည်းသီးသည် အပူငြိမ်းစေတတ်သော အစွမ်းသတ္တိရှိခြင်းကြောင့် အပူကြောင့်ဖြစ်သောရောဂါများအတွက် ဆေးဖက်ဝင်ပစ္စည်းများနှင့် တွဲဖက်၍လည်း အသုံးပြုနိုင်သည်။

မန်ကျည်းသီးအစိမ်းသည် ချဉ်၊ ချို၊ ပူ၍ သည်းခြေနှင့် သလိပ်ကိုဖြစ်စေသည်။ အသီးစိမ်းနုသည် အဖန်အရသာ ပိုများပြီး တွဲဖက်အစာများနှင့် သုံးစွဲနိုင်ပြီး အသီးမှည့်သည် ချို၊ ချဉ်အရသာရှိကာ ဝမ်းမီးကိုတောက်စေသည်။ အေးသောအရသာဖြစ်၍ အပူကိုငြိမ်းစေကာ အပုပ်ကိုကြေစေသည်။ အနည်းငယ်ဝမ်းသက်စေသဖြင့် သလိပ်နှင့် လေကိုနိုင်သည်။ အမှည့်အနှစ်ကို ဟင်းလျာများ ချက်ပြုတ်စားသောက်ရာတွင် အအီပြေစေရန်နှင့် အချဉ်အရသာ



ပေါ်လွင်စေရန်ထည့်၍ချက်ပြုတ်စားသောက်ကြသည့်အပြင် ထန်းလျက်နှင့် တွဲဖက်၍ ဖျော်ရည်အဖြစ်သောက်သုံးနိုင်သည်။ မန်ကျည်းသီးမှ ထုတ်ယူရရှိသောအနှစ်ကို စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။

**ဆေးဖက်ဝင်**

အနှစ်သားကို ဝမ်းနုတ်ဆေး၊ အားဆေးနှင့် ခံတွင်းကောင်းစေရန် ဆေးဖော်စပ်ရာတွင် အသုံးပြုသည်။ အမှည့်ကို ထန်းလျက်၊ ဆားတို့ဖြင့် ဖျော်ရည်စိမ်သောက်ခြင်းဖြင့် ကိုယ်တွင်အေး၍ အားကို ဖြစ်စေသည်။ ရေငတ်ဝမ်းကျဖြစ်ပါက မန်ကျည်းဖျော်ရည်တိုက်ပေးခြင်း၊ ထုံးရည်ကြည်နှင့် မန်ကျည်းမှည့်ရော၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ပန်းကန်တစ်လုံး တစ်နေ့သုံးကြိမ် သောက်သုံးပါက သက်သာနိုင်ကြောင်းမှတ်သားမိပါသည်။ မန်ကျည်းမှည့်အနှစ်ကို ဆားအနည်းငယ်ဖြင့် သကြားဆတူရော၍ လည်းကောင်း၊ ထန်းလျက်သုံးဆရောစပ်၍ လည်းကောင်း၊ နံနက်၊ ညတစ်ကြိမ်လျှင် လက်ဖက်စားဇွန်း နှစ်ဇွန်းခန့်စားပေးပါက အပူလွန်ခြင်း၊ နှလုံးသည်းခြေပူလောင်ခြင်း၊ သတိမေ့လျော့ခြင်း၊ စိတ်ပျံ့လွင့်ခြင်းတို့ကို သက်သာပျောက်ကင်းစေပြီး ခွန်အားကိုဖြစ်စေသည်။ မန်ကျည်းသီးကို အရှေ့တောင်အာရှနိုင်ငံများတွင် ခေါင်းအုံ ခေါင်းကိုက်ခြင်းများ၌သုံးကြောင်း သိရသည်။ မန်ကျည်းသီးကို ရေတွင်အရည်ဖျော်ပြီး အာလုတ်ကျင်းပေးပါက လည်ချောင်းနာခြင်းကို သက်သာစေကြောင်း သိရသည်။

**အရွက်**

မန်ကျည်းရွက်သည် အေး၊ ချဉ်၊ ဖန်သောအရသာရှိ၍ ခံတွင်းမြိန်စေကာ အစာကို ကြေညက်စေသည့်အပြင် အပုပ်အခိုးကင်း၍ သွေးလေကောင်းစေသည်။ ရောင်တင်းခြင်း၊ သွေးဖောက်ပြန်ခြင်း၊ နားရောဂါ၊ မျက်စိရောဂါနှင့် မွေ့ဆိပ်သင့်ခြင်းကို နိုင်သည်ဟု မြန်မာ့ဆေးကျမ်းတွင် ဖော်ပြထားပါသည်။ အပူလွန်ကဲ၍ အရေပြားယားယံခြင်းဖြစ်ပါက အရွက်သတ္တုရည်ကိုလိမ်းပေးပါလျှင် သက်သာပျောက်ကင်းကြောင်း သိရသည်။ ဆီးပူခြင်း၊ ဆီးမကြာခဏသွားချင်ခြင်းဖြစ်နေပါက အရွက်သတ္တုရည်ကို သောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။ အရွက်ရည်ကို နှမ်းဆီနှင့်ရောချက်၍ နားတွင် အနည်းငယ်ခတ်ပေးသော် နားကိုက်နားနာပျောက်သည်။ မန်ကျည်းရွက်နှင့် ကလိန်စေ့ရောစားပါက ချွေးထွက်လွန်ခြင်း၊ ချွေးနံ့မကောင်းခြင်း ပျောက်သည်။

**အပွင့်၊ အစေ့**

မန်ကျည်းပွင့်၏ အရသာသည် အနည်းငယ်ဖန်၍ချဉ်ပြီး အစာကိုကြေညက်စေပါသည်။ မန်ကျည်းစေ့ကို ရေ၌တစ်ညစိမ်၍ နံနက်တွင် အစေ့ဆံထုတ်ပြီး နွားနို့နှင့်ကြိတ်သောက်ခြင်းဖြင့် မီးယပ်ဖြူဆင်းခြင်း၊ ဆီးလွန်ခြင်းတို့ ပျောက်ကင်းစေသည်ဟုဆိုကြသည်။ မန်ကျည်းစေ့အဆံကိုအမှုန့်ပြုလုပ်၍ လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ပမာဏဖြင့် နွားနို့ပျစ်ပျစ်နှင့် သောက်သုံးပါက မီးယပ်အဖြူဆင်းခြင်းနှင့် ဆီးများခြင်းကို သက်သာပျောက်ကင်းကြောင်းသိရသည်။ မန်ကျည်းစေ့ဆံကိုသွေး၍ သောက်သော် ဝမ်းသွားခြင်း၊ ဝမ်းကိုက်ခြင်း ပျောက်စေသည့်အပြင်ကင်းကိုက်သော ဒဏ်ရာတွင်လိမ်းပေးခြင်းဖြင့် အဆိပ်ပြေစေသည်။

**အခေါက်**

ဆီးနှင့်ဆိုင်သော ရောဂါ၊ သွေးမြင်းသရိုက်ရောဂါ၊ ကိုယ်ရေဝါရောဂါနှင့် ဝမ်းဗိုက်အောင့်နာသောရောဂါများတွင် အခေါက်ကိုအသုံးပြုသည်။ အခေါက်ကိုအပွေးနှင့်တကွ ပြာချပြီး အစာစားတိုင်း ရေနှင့်ရောသောက်သော်လေချဉ်တက်ခြင်း၊ အန်ခြင်းတို့ ပြေပျောက်သည်။ အခေါက်ပြာကို ပျားရည်ဖြင့်ဖျော်၍လျက်သော် ဝမ်းဗိုက်ထိုးအောင့်နာကျင်ခြင်း ပျောက်စေသည်။ ပင်စည်၏အပွေးကို ကျွမ်းအောင်မီးဖုတ်ပြီး အမှုန့်ပြုလုပ်၍ ရေနွေးနှင့်သောက်သော် အစာမကြေခြင်း ပျောက်သည်။ မျက်စိနာခြင်း၊ မျက်စိအောင့်ခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ အသားပူခြင်း၊ သွေးကြောင့် ယားယံခြင်း၊ မိတ်ဖု၊ အနာဖုများ၊ အဆိပ်ရှိသောသတ္တဝါများ ကိုက်သောနေရာများတွင် အခေါက်ကိုရေနှင့်သွေး၍ လိမ်းပေးနိုင်သည်။မြန်မာ့လူ့ဘောင်ပတ်ဝန်းကျင်တွင် မန်ကျည်းပင်တစ်ပင်ရှိလျှင် စားရန်မှအစ ဆေးဘက်ဆိုင်ရာ သုံးစွဲရန်အထိ အသုံးတည့်လှသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့်အနေဖြင့် သစ်တောသစ်ပင်စိုက်ပျိုးသည့်နည်းတူ မိမိတို့စားသုံးမှု အဆင်ပြေစေရေးအတွက် တစ်အိမ်လျှင် အနည်းဆုံး မန်ကျည်းတစ်ပင် စိုက်ပျိုးသင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

**လပြည့်သော်တာ**

## ဆောင်းပါးနှင့်နယ်သတင်း



## ကျေးရွာစာကြည့်တိုက်များသို့ မီဒီယာပစ္စည်းနှင့် သုတ၊ ရသစာအုပ်စာစောင်များလှူဒါန်း

**ကျွန်းလှ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်းနှင့် သုတ၊ ရသစာအုပ်စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းတို့က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ မီဒီယာပစ္စည်းနှင့် သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်များအတွက် တီဗွီသုံးလုံး၊ EVD အောက်စက် သုံးလုံး၊ ရေဒီယို ၁၂ လုံးနှင့် သုတ၊ ရသစာအုပ်စာစောင် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထိုသို့ ကျေးရွာစာကြည့်တိုက်များသို့ မီဒီယာပစ္စည်းနှင့် သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းပေးသည့်အတွက် ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတရရှိမည်ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာကြောင်း ကျေးရွာစာကြည့်တိုက်ကော်မတီတစ်ဦးက ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

## ခမောက်ကြီးမြို့နယ်ခွဲ အထကကျောင်းတွင် စာပေဟောပြော

**ခမောက်ကြီး ဒီဇင်ဘာ ၂၀**

ခမောက်ကြီးမြို့နယ်ခွဲ အထကကျောင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့က ကြီးမှူးပြီး စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမင်းမြတ်ကိုက အမှာစကားပြောကြားသည်။ ထို့နောက် ကော့သောင်းခရိုင် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မဇင်မာစိုးက ပြန်လည်သရုပ်ပြကျပန်းစကားပြောသည်။

ယင်းနောက် စာပေဟောပြောပွဲကျင်းပရာ ဒေသခံစာရေးဆရာများဖြစ်သည့် ဆရာကော့သောင်းရွှေပြည်စိုးက တပည့်ကောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဦးကံကောင်း(ပျဉ်းမနားမောင်နေသွေး)က ပညာလိုအိုသည်မရှိ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပညာပေးဟောပြောကြရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ နားထောင်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
## နိုင်ငံခြားဘာသာစကား သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ပြင်သစ်(ဘာသာပြန်၊ စကားပြန်)၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့်မြန်မာ (နိုင်ငံခြားသားများအတွက်သီးသန့်) ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** | - | ၃၀-၁၂-၂၀၁၃ ရက် |
| **လျှောက်လွှာစတင်လက်ခံမည့်ရက်** | - | ၂၄-၁၂-၂၀၁၃ ရက် |
| **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်** | - | ၂၇-၁၂-၂၀၁၃ ရက် |
| **အင်္ဂလိပ်ဘာသာအတွက်** | - | သတ်မှတ်ထားသည့် သင်တန်းသားဦးရေ ပြည့်သည့်ရက် |
| **လျှောက်လွှာလက်ခံမည့်နေရာ** | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| **သင်တန်းပို့ချမည့်နေ့ရက်** | - | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ |
| **သင်တန်းပို့ချမည့်အချိန်** | - | ညနေ ၅:၂၀-၇:၀၀ နာရီ |
| **ပညာအရည်အချင်း** | - | တက္ကသိုလ်ဝင်စာမေးပွဲအောင် |
| **တင်ပြရန်စာရွက်စာတမ်းများ** | - | တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ(သို့မဟုတ်)အမှတ်စာရင်းမူရင်းနှင့် မိတ္တူ(သို့မဟုတ်) ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ ဓာတ်ပုံသုံးပုံ |
| **စုံစမ်းရန်ဌာန** | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၅၁၄၃၇၂-လိုင်းခွဲ (*၈၀၉) |

သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လျှောက်လွှာလာရောက်တင်သွင်းရမည်။



## ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)အားငှားရမ်းရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)သည် မကွေးတိုင်းဒေသကြီး၊ ပရပ်ကြယ်ကျေးရွာအနီးတွင်တည်ရှိပြီး အကျယ်အဝန်းမှာ စက်ရုံ ၆၁ဒသမ ၉၀ဧကနှင့် စိုက်ကွင်း(၈၄၈)ဧကရှိ၍ လျှပ်စစ်နှင့် ရေအထူးကောင်းမွန်ပါသည်။

၂။ ယင်းစက်ရုံခွဲအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉:၀၀ နာရီ။

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**

**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)တွင် အောက်ဖော်ပြပါအဆောက်အအုံများ၏ ခေါင်မိုးများပြင်ဆင်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ကြေညာအပ်ပါသည်။

(က) G စာသင်ဆောင် (၁၆၈ပေ×၃၂ပေ) (ဂ) N5 စာသင်ဆောင် (၄၅ပေ×၃၁ပေ)

(ခ) N1စာသင်ဆောင် (၆၆ပေ×၃၈ပေ) (ဃ) N6 စာသင်ဆောင် (၁၀၅ပေ×၂၁ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး၊ ၁၀-၁-၂၀၁၄ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)၊ ရုံးဖုန်း-၀၅၃-၂၈၆၄၇ နှင့် ၀၉-၃၁၂၂၆၅၁၀တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၈၃၁ KTS Yar Zar / Jeep ယာဉ်လက်ဝယ်ရှိသူ ရွှေဥမင် ဘုန်းတော်ကြီးကျောင်းတိုက် ၉/အမရ(သ)၀၀၀၉၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၉၈၇၈၊ AMA AUNG, MYAN;ASIA L/T, PICK UP(4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင် ၅/မမတ(နိုင်)၀၀၁၂၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**



## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အိန္ဒုကျေးရွာ၊ ရွာမ(၅)ရပ်ကွက်နေ ဒေါ်မိမေသဇင်(ခ)ဒေါ်ရှင်၏ သမီးကြီးဖြစ်သော မိယုယုမော် ၃/ဘအန(နိုင်)၂၆၉၃၁၀ သည် မိဘအပေါ် စိတ်ဆင်းရဲအောင် လုံးဝသည်းမခံနိုင်သော မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူသွားပြီး နေအိမ်မှ မိမိသဘောဆန္ဒဖြင့်ဆင်းသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံးသည် ကျွန်မ ဒေါ်မိမေသဇင်(ခ)ဒေါ်ရှင်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်မိမေသဇင်(ခ)ဒေါ်ရှင်**

**၃/ဘအန(နိုင်)၀၅၀၁၈၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အခြေခံစက်ပြင်သင်တန်းဖွင့်

**လပွတ္တာ ဒီဇင်ဘာ ၂၀**

ဒေသတွင်း စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရန်နှင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန စက်မှုလက်မှုပညာ သင်တန်းကျောင်း လပွတ္တာမြို့တွင် အခြေခံစက်ပြင်သင်တန်းအမှတ်စဉ်(၄/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို အဆိုပါသင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းဌေးဦးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍သင်တန်းအလုပ်ရုံတွင်သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအကျိုးပြုအဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများနှင့် သင်တန်းသား၇၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**



# မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ လူကုန်ကူးမခံရရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

**ညောင်လေးပင် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ညောင်လေးပင်မြို့)နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းကျင်းပသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး မြန်မာအမျိုးသမီးတို့ လူကုန်ကူးမှုမခံရရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အထက(၂) ညောင်လေးပင်မြို့၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ညောင်လေးပင်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ဆိုးကျိုးများကို ရှင်းလင်းဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဆရာမဒေါ်လှမြတ်နွယ်က မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုစံနှုန်းခေါင်းစဉ်ဖြင့် အမျိုးသမီးတို့၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရမည့်ယဉ်ကျေးမှု၊ လူကုန်ကူးမှုမခံရရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်လှကြည်က သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ဆရာမတစ်ဦးက လက်ခံယူပြီး မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံဒုရဲအုပ်စန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းဟောပြောကာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေသည်။

**နေလင်း(ညောင်လေးပင်)**

# ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ရွာသွန်းမြဲခန့်ရွာနိုင်သည်။

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နှစ်ရက်ခန့်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် သုံးရက်မှလေးရက်ခန့်ရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှလေးရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သည်။ **(မိုး/ဇလ)**

# မော်ကျွန်းချမ်းမြေ့ဘိုးဘွားရိပ်သာ၌ အာဟာရဒါနကျွေးမွေးလှူဒါန်း

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာအာဟာရဒါနကျွေးမွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ကျင်းပသည်။

ယင်းတစ်နေ့တာ ကျွေးမွေးလှူဒါန်းပွဲတွင် အလှူရှင် ဦးထွန်းထွန်းဦး-ဒေါ်အေးအေးကျော် မိသားစု(ပန်မြတ်သူဆောက်လုပ်ရေးအဖွဲ့)က ဘိုးဘွားများအား နံနက်စာ၊ နေ့လယ်စာနှင့် ညနေစာတို့ကို ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ ချမ်းမြေ့ဘိုးဘွားရိပ်သာ တစ်နေ့တာကျွေးမွေးအလှူရှင်၊ လစဉ်ကျွေးမွေးအလှူရှင်၊ ဆေးဝါးအလှူရှင်များနှင့် တိုးချဲ့ဆောက်လုပ်မည့် ဘိုးဘွားဆောင်များအတွက် ပါဝင်လှူဒါန်းလိုပါက ဦးအောင်မောင်း ချမ်းမြေ့ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၄၂-၅၀၃၇၀၊ ဦးစန်းရီ ချမ်းမြေ့ဘိုးဘွားရိပ်သာ ရိပ်သာမှူး ဖုန်း-၀၉-၂၅၀၁၂၁၁၅၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၁-၁၂-၂၀၁၃ ရက်တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒေါပုံ၊ သာကေတ၊ ပုဇွန်တောင်၊ တာမွေ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ လှိုင်၊ ပန်းဘဲတန်း၊ ကမာရွတ်၊ စမ်းချောင်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ အင်းစိန်၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ မှော်ဘီ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များ၏ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀နာရီမှ ၁၇း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ၂၂-၁၂-၂၀၁၃ ရက်တွင် ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ လှည်းကူး၊ ဖောင်ကြီး၊ ဒါးပိန်၊ ရွှေပြည်သာ၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၇း၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ် သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**


## ဖြူးမဟာစည်ရိပ်သာ (ရန်ကုန်)
## ဆောင်းရာသီ တရားစခန်းဖွင့်မည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြုသီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊အမှတ်(၅)ရပ်ကွက်၊ ကမာရွတ် ဘူတာအနီး၊ လှိုင်မြို့နယ်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော်ဘုရား စံလွန်တော်မမူခင် ထားရှိတော်မူခဲ့သော သာသနာပြုဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော **(၂၅)ကြိမ်မြောက် ဆောင်းရာသီ မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၅ရက်တရားစခန်းပွဲ**ကို ၁၃၇၅ခုနှစ် ပြာသိုလဆန်း ၉ရက်မှ ပြာသိုလပြည့် ကျော်၈ရက်အထိ(၉-၁-၂၀၁၄ရက်မှ၂၃-၁-၂၀၁၄ရက်အထိ) ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ (M.A, Ph.D (Thesis) INDIA အရှင်သူမြတ်ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့်ဓမ္မကထိကသံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဓမ္မပူဇာအလှူ၊ ဆွမ်းပဒေသာပင်အလှူ၊ မီး၊ ရေ၊ ဝေယျာဝစ္စအလှူတို့ကို လှူဒါန်းလိုသူများသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## စတုတ္ထအကြိမ်
## သန်လျင်တောရ ဝိပဿနာတရားစခန်းကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး စက်မှုဓမ္မာရုံတွင် ဝိပဿနာ(၁၀)ရက် တရားစခန်းကို ဇန်နဝါရီ ၁ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ညွှန်ကြားပြသတော်မူသော နည်းအတိုင်း သန်လျင်တောရ ယင်းတော်မင်းကျောင်း ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တနိပုဏနှင့် သန်လျင်တောရ ယင်းတော်မင်းကျောင်းတိုက်အုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ(BA.Buddhism)အရှင်သူမြတ်တို့က ဝိပဿနာတရားတော်များကို ဟောကြားပြသသွားမည်ဖြစ်ပါ၍ ယောဂီများ ၃၁-၁၂-၂၀၁၃ရက် ညနေအရောက်လာကြပါရန်နှင့် ငွေပေး သွင်းရန်မလိုကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တရားစခန်းဝင်လိုသော ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၀၂၇၃၆၀၇၉၊ ၀၉-၇၃၁၉၆၃၁၇၊ ၀၉-၅၁၁၅၁၃၃၊ ၀၆၄-၄၉၆၉၅၊ ၀၉-၅၁၅၈၀၇၂၊ ၀၉-၅၀၅၅၈၃၃၊ ၀၉-၇၃၁၂၆၀၅၃၊ ၀၉-၇၃၉၀၂၃၃၀၊ ၀၉-၄၂၁၁၃၁၅၆၀**

## ၁၉၈၅-၁၉၉၂ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ
## ကျောင်းသား ကျောင်းသူဟောင်းများ၏
## စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ

၁၉၈၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ စတင်တက်ရောက်ခဲ့သူများနှင့် ၁၉၉၂ခုနှစ်တွင် ဘူမိဗေဒဘွဲ့ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ ဆရာမကြီးများအား ကိုယ်တိုင်ကိုယ်ကျပူဇော်ကန်တော့နိုင်ပါရန်နှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ရန် မပျက်မကွက် တက်ရောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလှူငွေများထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**နေ့ရက်** - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၅း၀၀ နာရီ
**နေရာ** - ဆီဒိုးနားဟိုတယ်(ရန်ကုန်) မင်းတုန်းခန်းမ

| | | | |
|---|---|---|---|
| အောင်သွင် | ဖုန်း-၀၉-၇၃၄၅၅၅၅၅ | ဝင်းနိုင်ထွန်း | ဖုန်း-၀၉-၅၁၉၆၇၅၈ |
| သက်ဦး | ဖုန်း-၀၉-၅၀၀၅၂၆၀ | ကျော်စွာထွန်း | ဖုန်း-၀၉-၅၁၇၇၅၃၁ |
| မြင့်ကြည်ထွန်း | ဖုန်း-၀၉-၅၁၄၉၅၁၈ | ဝင်းမောင်မောင် | ဖုန်း-၀၉-၇၃၀၇၅၈၈၆ |
| မောင်မောင်စိုး | ဖုန်း-၀၉-၅၀၄၀၄၈၉ | ဇော်နိုင်ဦး | ဖုန်း-၀၉-၅၃၇၆၃၈၂ |
| စိုးသူရထွန်း | ဖုန်း-၀၉-၅၁၄၄၀၀၅ | စန္ဒာညွှန့် | +၆၅-၉၀၂၉၇၇၂၆(စင်ကာပူ) |

**Geo-friends Co.,Ltd. -ဖုန်း-၀၁-၅၆၁၄၃၁၊ ၀၉-၄၂၀၁၀၇၇၅၇**

## မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အထက အလူးလေး
## သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ ဂါရဝပြုတွေ့ဆုံပွဲနှင့် ပူဇော်ကန်တော့ပွဲကို ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဂါရဝပြုတွေ့ဆုံပွဲ** - ၄-၁-၂၀၁၄ ရက် (ညနေ ၆း၀၀ နာရီ)
**ပူဇော်ကန်တော့ပွဲ** - ၅-၁-၂၀၁၄ ရက် (နံနက် ၉း၀၀ နာရီ)
**နေရာ** - အထက အလူးလေးခန်းမဆောင်
**ဆက်သွယ်လှူဒါန်းရန်**
ဦးဝင်းသိန်း ဖုန်း-၀၉-၂၅၅၇၀၃၂၆၄၊ ကိုမင်း(ကဖီး) ဖုန်း-၀၉-၂၅၅၇၁၄၇၅၈၊ စောဟန်ဖြိုးလင်း(ရန်ကုန်) ဖုန်း-၀၉-၃၁၀၆၇၀၆၇

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်မောင်တင်ရွှေ ၁၂/မဂတ(နိုင်)၀၆၃၁၄၈၏ မြန်မာနိုင်ငံကူးလက်မှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၅၈၂၁၉၉**

**မြန်မာ့အလင်းသတင်းစာ၏ ၁၃-၁၂-၂၀၁၃ ရက်ပါ ဦးစန်းအေး AA-၁၁၀၂၇၇၊ ဦးခင်မောင်ကြီး ၇/ပခန(နိုင်)၁၈၂၀၈၇နှင့်အများသိစေရန်ကြေညာခြင်းအား**

## ပြန်လည်ရုပ်သိမ်းခြင်း

အထက်ပါကြေညာစာပါ အကြောင်းအရာများကို ယခုအခါ နှစ်ဦးနှစ်ဖက်ကျေနပ်ပြီးဖြစ်ပါ၍ ပြန်လည်ရုပ်သိမ်းခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် LL.B, H.G.P**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ် ၁၅၊ နံ့သာကုန်း ၂ လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၉၅၇၄၂၀၂**

## မှုခင်းသတင်းနှင့်ကြော်ငြာ

# ဆူဒိုအက်ဖီဒရင်းဆေးပြား ငွေကျပ်သိန်း ၁၉၂၀ ဖမ်းဆီးရမိ

**ကလေး ဒီဇင်ဘာ ၂၀**

ကလေးမြို့တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၉၂၀၀၀၀၊ ၁၉၂ ကီလို ကာလတန်ဖိုးငွေကျပ် ၁၉၂၀ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲက ကလေးမြို့ တပ်ဦးသီတာရပ်ကွက် နယ်မြေ(၁) စန္ဒာလမ်း၌ သတင်းအရ မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြင့်စိုး ဦးစီးသော နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှဟန်နှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၅)မှ တပ်ကြပ်ကြီး သောင်းအေးတို့သည် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် ၇၀/---- အဖြူရောင် (ဟာရီယာ)ကားတစ်စီး မောင်းနှင်လာသည်ကိုတွေ့ရှိသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်ပေါ်မှ ခင်ထွန်းမှာ ဆင်းပြေးသွားပြီး ယာဉ်ပေါ်တွင် မနိုတင်ပါးနှင့် ဒေါ်တင်တို့အား တွေ့ရှိရှာဖွေရာ ယာဉ်နောက်ခန်းတွင်းမှ ပီနံအိတ်ခုနစ်အိတ်၊ ပလတ်စတစ်အိတ်တစ်အိတ်တို့ဖြင့် ထည့်ထားသော ဆူဒိုအက်ဖီဒရင်းဆေးပြား စုစုပေါင်း ၁၉၂၀၀၀၀ကို ဖမ်းဆီးရမိခဲ့သည်။

ထွက်ပြေးသူခင်ထွန်းကို လိုက်လံဖမ်းဆီးရာ တပ်ဦးသီတာရပ်ကွက် ဗိုလ်ချုပ်လမ်းတံတားဦးအနီး ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စစ်ဆေးချက်အရ စန္ဒာလမ်းနေ ထန်ဆွမ်းပေါင်၏ နေအိမ်မှ ၎င်းဆေးပြားများသယ်ဆောင်ခဲ့ကြောင်း သိရသဖြင့် ထန်ဆွမ်းပေါင်၏နေအိမ်ကို သွားရောက်စစ်ဆေးရှာဖွေရာ ထန်ဆွမ်းပေါင်၊လန်ဆွမ်းလျန်၊ ရှန်ဇန်းခမ်၊ ပေါင်ဂင်ဒါးလ်နှင့် ဇမ်ခေါ်ထွန်းတို့အား ဖမ်းဆီးရမိခဲ့သည်။

**သယ်ဆောင်**

ဖမ်းဆီးရမိ ဆူဒိုအက်ဖီဒရင်းဆေးပြားများကို အိန္ဒိယနိုင်ငံ အိုက်ဇော၊ ချင်းပြည်နယ် ရိဒ်-တီးတိန်ကားလမ်းအတိုင်း ကလေးမြို့သို့ ဆိုင်ကယ်များဖြင့် သယ်ဆောင်ပြီး ထန်ဆွမ်းပေါင်နေအိမ်သို့ သယ်ဆောင်လာကြောင်း၊ ၎င်းမှတစ်ဆင့် တောင်ဇလပ်ရပ်ကွက်နေ ဒေါ်တင်၏ နေအိမ်သို့ ကားဖြင့်သယ်ဆောင်စဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သိန်းစိုး(ကလေး)**



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့သော အသက်(၇၅)နှစ်ပြည့် အဖွဲ့ဝင်ငါးဦးတို့ကို ထပ်ဆင့်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အဖွဲ့ ဥက္ကဋ္ဌ ဦးကိုလေးက အဖွဲ့ဝင်ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့စဉ်။ စစ်ကြည်(စလင်း)

# ကျည်စက်ဖြင့် ငါးခိုးဖမ်းသူအား ဖမ်းဆီးရမိ

**ထီးချိုင့် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အမှတ်(၃)ရပ်ကွက် သရက်မှော်ရပ် အရှေ့တောင်ကျွန်းတွင် ကျည်စက်ဖြင့်ငါးခိုးဖမ်းသူကို ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်မိုးနှင့်အဖွဲ့သည် ဧရာဝတီမြစ်အတွင်း ဘက်ထရီရှော့ခ်တိုက်(ကျည်စက်)ဖြင့် ငါးဖမ်းခြင်းများကို ရှောင်တခင်လှည့်လည်စစ်ဆေးရာ ထီးချိုင့်မြစ်ရိုး အလယ်ပိုင်း သရက်မှော်ရပ်အရှေ့တောင်ကျွန်းတွင် ကန့်ဘလူမြို့နယ် မလည်ကျေးရွာနေ လှမြင့်(ခ) ပိုက်ထွေးအား လှေတစ်စင်း၊ အင်ဂျင် ၁၆ ကောင်အား ရှပ်တန်းပါတစ်လုံး၊ ၁၂ ဗို့ ဘက်ထရီသုံးလုံး၊ ဒီစီကွိုင်ထုပ်တစ်ထုပ်၊ လှော်တက်နှစ်ချောင်း၊ ငါးစိုငါးမျိုးစုံ သုံးပိဿာခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး လှမြင့်နှင့် တစ်ရွာတည်းနေ အောင်နိုင်ဆိုသူမှာ ထွက်ပြေး လွတ်မြောက်သွားသဖြင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးက လှမြင့်နှင့် အောင်နိုင်တို့ကို ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

**အရေးယူ**

သို့ဖြစ်ပါ၍ ကျည်စက်ဖြင့် ငါးခိုးဖမ်းသူ လှမြင့်(ခ)ပိုက်ထွေး (၂၇ နှစ်) မလယ်ကျေးရွာ ကန့်ဘလူမြို့နယ်နေသူနှင့် အောင်နိုင် (၃၅ နှစ်) မလယ်ကျေးရွာ ကန့်ဘလူမြို့နယ်နေသူတို့ကို အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကောလင်းမြို့၌ ချဲထီလောင်းကစားပြုလုပ်သူ ဖမ်းဆီး

**ကောလင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ဥက္ကံရွာသွား ကားလမ်းမပေါ် တဲကြီးကုန်းရွာအနီးတွင် ချဲထီလောင်းကစားပြုလုပ်သူကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲက ကောလင်းရဲစခန်းမှ ဒုရဲအုပ်တင်မိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ကောလင်း-ဥက္ကံသွားကားလမ်းမပေါ် တဲကြီးကုန်းရွာအနီးတွင် စောင့်ဆိုင်းနေစဉ် ပလတ်စတစ်ရောင်စုံဆွဲခြင်းတစ်လုံးကိုလက်မှဆွဲ၍ လမ်းလျှောက်သူ ဒေါ်တင့်အား မသင်္ကာ၍ ရှာဖွေစစ်ဆေးရာ ချဲဂဏန်းများရေးသွင်းထားသည့် လယ်ဂျာစာအုပ်တစ်အုပ်၊ ချဲထီ ဘောက်ချာစာအုပ် လေးအုပ်၊ အဖြူရောင်လက်ခံဘောက်ချာစာအုပ်သုံးအုပ်၊ ဖြတ်ပိုင်းစာရွက်ကိုးရွက်၊ ကာဗွန်စာရွက် ၂၀၊ ဘောပင်သုံးချောင်းနှင့်အတူ ငွေစက္ကူရောရာ ငွေကျပ် ၁၂၅၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ ချဲထီလောင်းကစားပြုလုပ်သူ ဒေါ်တင့် (၅၄ နှစ်) တဲကြီးကုန်းရွာ နန္ဒင်းတောအုပ်စု ကောလင်းမြို့နယ်နေသူကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ရေစကြိုမြို့နယ် ငါးလံရွာ၌မီးလောင်

**ရေစကြို ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငါးလံရွာ၌ ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီက ဒေါ်နုနုနေအိမ်မှ မီးလောင်မှုဖြစ်ပွားရာ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ ကျေးရွာမှတာဝန်ရှိ သူများနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၅ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုအတွက် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ မြို့နယ်တာဝန်ရှိသူများက မီးဘေးဒုက္ခသည်များအတွက် လိုအပ်သော ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၀၂)**

# မော်တော်ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**ဂန့်ဂေါ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် လယ်မကျေးရွာနှင့် မဲကျေးရွာကြား ဂန့်ဂေါ-ပုလဲကားလမ်းပေါ်တွင် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက ဂန့်ဂေါမြို့နယ် လယ်မကျေးရွာနှင့်မဲကျေးရွာ အကြား ဂန့်ဂေါ-ပုလဲ ကားလမ်းပေါ်တွင် အဆိုပါလမ်းအတိုင်း အရှေ့မှအနောက်သို့ ဂန့်ဂေါမြို့နယ် မဲကျေးရွာနေ ဦးတင်ထွေး (၃၈နှစ်) မောင်းနှင်ပြီး နောက်ထိုင်ခုံမှ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ ဦးအောင်ဆန်းဝင်း (၄၅နှစ်) လိုက်ပါစီးနင်းလာသော နယူးအန်ဘို- ၁၂၅ (ရုပ်ဆိုး) အနက်ရောင်မော်တော်ဆိုင်ကယ်နှင့် ယင်းလမ်းအတိုင်း အနောက်မှအရှေ့သို့ ဂန့်ဂေါမြို့နယ် သာစည်ကျေးရွာနေ ဦးသိန်းဖေ(၅၀နှစ်) မောင်းနှင်သော ဖီကွန်-၁၂၅ အနက်ရောင် မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြသဖြင့် ဦးတင်ထွေးနှင့် ဦးအောင်ဆန်းဝင်းတို့ ဒဏ်ရာများရရှိခဲ့သည်။

ထိုဖြစ်စဉ်အပေါ် ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

# ကုန်ဈေးတန်းကားမှတ်တိုင်၌ ခါးပိုက်နှိုက်နှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဒီဇင်ဘာ ၁၆ ရက်က ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ ကုန်ဈေးတန်းကားမှတ်တိုင်၌ ခါးပိုက်နှိုက် နှစ်ဦးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီ ၃၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်များ ဖမ်းဆီးရမိရေးအတွက် ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ ကုန်ဈေးတန်းကားမှတ်တိုင်၌ အသွင်ယူစောင့်ဆိုင်းနေစဉ် အမှတ်(၃၉) ယာဉ်လိုင်းပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ သက်အောင်(ခ)ကာစင် စံပြရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေသူနှင့် ခင်မောင်ဦး(ခ)လက်ကပ် (၁၀၅)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူတို့ နှစ်ဦးကိုတွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ သက်အောင်(ခ)ကာစင်ထံမှ ငွေကျပ် ၂၇၀၀၀ တွေ့ရပြီး ယာဉ်ပေါ်ပါ အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ အင်္ကျီအိတ်ကပ်အတွင်းမှ နှိုက်ယူစဉ် ခင်မောင်ဦး(ခ)လက်ကပ်က လူကာပေးပြီး သက်အောင်(ခ)ကာစင်က နှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

**လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**


**ဝန်ထမ်းအမြန်အလိုရှိသည်။(ပြည်တွင်း၌သာခန့်ထားရန်)**

**MGY Construction Co.,Ltd.**

၁။ **Site Supervisor / Assistant Site Manager** ကျား(၅)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ၊ ဝန်ထမ်းနှင့်လုပ်ငန်းများကို ကောင်းစွာစီမံခန့်ခွဲ အုပ်ချုပ်နိုင်ရမည်။ အသက်(၃၅)နှစ်နှင့်အထက်ရှိရမည်။ စစ်တပ်မှ အငြိမ်းစားများ ဦးစားပေးမည်။

၂။ **Civil Engineer(B.E,B Tech,A.G.T.I)** ကျား(၁၀)ဦး
လမ်း/တံတားလုပ်ငန်းများ ဆောက်လုပ်ရန်အတွက်ဖြစ်ပါသည်။ (အဆောက်အအုံလုပ်ငန်းများမပါ။)

၃။ **Accountant LCCI Level I,II,III(UK)** ကျား(၃)ဦး၊ မ(၅)ဦး

၄။ **ဥပဒေဘွဲ့ရ** မ(၂)ဦး
(အထက်တန်းရှေ့နေလိုင်စင်ပါရမည်။)အသက်(၂၅)နှစ်နှင့် အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့် ရာထူးနှင့်ခန့်မှန်းလစာတို့ကို ဖော်ပြ၍ လိုင်စင်ဓာတ်ပုံသုံးပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူ များနှင့် နေပြည်တော်၊ ကလေးမြို့များတွင် ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါ လိပ်စာများတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေလက်ပံအကျိုးဆောင် အခန်း(၁/၂)၊ တိမွေးကုတိုက်တန်း၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်နှင့်အမှတ်(၄၁၂၀၊ ၄၁၂၁)ရာဇဌာနီလမ်း၊ ပေါင်းလောင်းတိုးချဲ့(၂)ရပ်ကွက်၊ ပျဉ်မနားမြို့၊ နေပြည်တော်၊ ကလေးမြို့နယ်မြေ(၈)၊ အိမ်အမှတ်(၈)၊ လမ်းအမှတ်(၇)၊ အင်ဒိုင်းကုန်းရပ်ကွက်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။ (ကျား)ဝန်ထမ်းများ မြန်မာပြည် အတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ (မ)ဝန်ထမ်းများ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရမည်။

**ဖုန်း-၀၆၇-၂၅၀၆၁(နေပြည်တော်)၊ ဖုန်း-၀၉-၂၅၄၀၇၉၆၁၉(ကလေးမြို့)**



**အမျိုးသားစာပေဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ စာပေဗိမာန်စာမူဆုရ မြန်မာ့ကျွဲ မြန်မာ့နွား ဒုတိယအကြိမ်ထွက်ပြီ**

ဖြန့်ချိရေး ဖုန်း-၀၉-၉၁၀၃၁၆၂၈ မန္တလေးနဂါးစာပေနှင့် ရန်ကုန်စာအုပ်ဆိုင်များမှာ ရပါပြီ။



**ပိုင်ရှင်ကိုယ်တိုင်ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျရောင်းပေးမည်**

- NISSAN AD VAN 1300/1500C VE GRADE
- HIJET/SUZUKI/MAZDA/SUBARU CARRY TRUCK များ
- TOYOTA BB 2008 MODEL
- SUZUKI CHEVROLET 2008
- NISSAN MARCH 2008

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၂၃၆၉၉၉၊ ၀၉-၄၂၁၁၅၃၃၄၀**



**Pretty Paragon Textile Co.,Ltd.**

**ပြည်တွင်း၌သာခန့်ထားရန်**

| | | |
|---|---|---|
| အမှတ်စဉ်(၁) လက်ထောက်စီမံမန်နေဂျာ(ဘွဲ့ရ) | ကျား/မ ၂ ဦး | (ရန်ကုန်) |
| အမှတ်စဉ်(၂) Sales Manager(Assistant) | ကျား/မ ၂ ဦး | (ရန်ကုန်၊ မင်္ဂလာဈေး) |
| အမှတ်စဉ်(၃) Senior Accountant (စာရင်းဘွဲ့ရ) | ကျား/မ ၂ ဦး | (ရန်ကုန်) |
| အမှတ်စဉ်(၄) စာရင်းစစ်(စာရင်းဘွဲ့ရ) | ကျား/မ ၃ ဦး | (ရန်ကုန်) |
| အမှတ်စဉ်(၅) အရောင်းကြီးကြပ် (ဘွဲ့ရ) | ကျား/မ ၂ ဦး | (မင်္ဂလာဈေး၊ရန်ကုန်) |
| အမှတ်စဉ်(၆) အရောင်းစာရေး(တက္ကသိုလ်ဝင်တန်းအောင်) | ကျား/မ ၄ ဦး | (မင်္ဂလာဈေး၊ရန်ကုန်) |
| အမှတ်စဉ်(၇)လက်ထောက်စာရင်းကိုင်(စာရင်းဘွဲ့ရ) | ကျား/မ ၄ ဦး | (မင်းကုန်းကျေးရွာအနီး၊ လှည်းကူးမြို့) |
| အမှတ်စဉ်(၈) လက်ထောက်စာရင်းကိုင်(စာရင်းဘွဲ့ရ) | ကျား/မ ၃ ဦး | (ရန်ကုန်) |
| အမှတ်စဉ်(၉) Marketing Executive (ဘွဲ့ရ) | ကျား/မ ၄ ဦး | (ရန်ကုန်) |
| အမှတ်စဉ်(၁၀)ယာဉ်မောင်း | ကျား ၄ ဦး | (ရန်ကုန်) |

အမှတ်စဉ်(၁/၂/၃/၄/၅/၇/၈/၉)အတွက် ဘွဲ့ရဖြစ်ပြီးအသက်(၂၅ မှ ၃၅)နှစ်ကြားဖြစ်၍ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့် အထက်ဖြစ်ရမည်။ အမှတ်စဉ်(၇)သည်အိပ်၊ စား၊ ငြိမ်းတာဝန်ထမ်းဆောင်နိုင်ရမည်။ အမှတ်စဉ်(၆)အတွက်တက္ကသိုလ်ဝင်တန်းအောင်ပြီး အသက်(၂၅ မှ ၃၀)ဖြစ်၍ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ အမှတ်စဉ်(၁၀)အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ပြီး ယာဉ်မောင်းကျွမ်းကျင်မှုရှိရမည်။ အမှတ်စဉ်အားလုံးအတွက် သက်ဆိုင်ရာမြို့နယ်များတွင်တာဝန်ထမ်းဆောင်နိုင်ရမည်။ စိတ်ပါဝင်စားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်သောစာရွက်စာတမ်းနှင့်အတူ အမှတ် ၆၄၃၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၂၂၀၃၅၇သို့ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၃၁၊ မြေကွက်တည်နေရာ ၂၃၁၊ သူရ ၈လမ်း၊ ၉ရပ်ကွက် တောင်ဥက္ကလာပ ဒေါ်သိန်းရင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းရင်နှင့်ခင်ပွန်း ဦးဘိုးမောင် ကွယ်လွန်သဖြင့် ဒေါ်တင်မြင့် ၁၂/ဥကတ (နိုင်)၀၂၉၄၄၃၊ ဒေါ်အေးမေ ၁၂/ဥကတ(နိုင်) ၀၂၆၂၅၈တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၂၁၄ (၁၆-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်မိုးမိုးလှိုင် ၁၂/ဥကတ(နိုင်)၁၃၉၀၄၁ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၉၆၀၄ (၈-၁၀--၁၃)ကို တင်ပြပြီးမြေပုံ ကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေ၊ စံပြရပ်ကွက်၊ ၃လမ်း၊ အမှတ် ၅၇နေ ဦးတင်ထွန်း-ဒေါ်ခင်ဌေးဝင်းတို့၏သား မောင်မင်းမင်းထွန်းသည် မိဘတို့ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသဖြင့် ၁၇-၁၂-၂၀၁၃ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အကြောင်း ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**ဦးတင်ထွန်း TTE -၁၄၃၂၄၉**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အောင်ဇေယျ ၄ လမ်း(ဝဲ)၊ အမှတ် ၂၁၊ မြေညီ B အလယ်ခန်းကို လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသူထံမှ ဦးဌေးဦး ၁၂/သကတ(နိုင်)၀၀၆၇၉၈ က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားပြ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ဦးဌေးဦး ၁၂/သကတ(နိုင်)၀၀၆၇၉၈၊ ဖုန်း-၀၉-၇၃၁၂၂၁၁၀၊ ၀၉-၂၅၀၀၀၂၃၆၉**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာရှိ တိုက်အမှတ်(၇၆၉)၊ အခန်းအမှတ်(၅၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ဝါချော ၁၃/တကန(နိုင်)၁၁၅၃၄၂ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမောင်ဝင်း ၁၂/သဃက(နိုင်) ၁၁၄၈၁၆က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါကကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ကမာကဆစ်၊ မြေကွက်အမှတ် ၆၇၇၊ မြေကွက်တည်နေရာအမှတ်-၅၅၊ ဗိုလ်မင်းရောင်လမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် ဒေါ်ရီ ၁၂/ဒလန(နိုင်)၀၀၁၂၉၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရီ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်စာအမှတ် -၂၇၈၆/၁၂ (၂၈-၆-၁၂) ဖြင့်ရရှိသူ ဒေါ်အေးအေးသန်း ၁၂/ဒလန(နိုင်)၀၀၁၅၁၅က ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ မြေကွက်အမှတ် ၁၆၀/ခ၊ မြေကွက်တည်နေရာအမှတ်- ၁၆၀/ခ၊ အောင်သပြေလမ်း၊ ၇/ရှေ့ ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်နှင်းရီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းရီ(မိခင်)နှင့် ဦးကျော်ဖံ(ဖခင်)တို့ကွယ်လွန်သဖြင့်သားသမီးများဖြစ်သော၁။ဦးအေးကို ၁၂/သကတ(နိုင်)၀၈၂၀၈၃၊ ၂။ ဒေါ်ခင်စန်းမြင့် ၁၂/သကတ(နိုင်)၀၈၁၉၃၆၊ ၃။ ဦးဌေးဝင်း ၁၂/သကတ(နိုင်)၁၉၄၇၉၈ တို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၈၄၇/၂၀၁၃)ရရှိသူ ဦးသက်ဇော်လတ် ၁၂/တမန(နိုင်) ၁၁၀၈၁၂မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ် ၅၅၈/ခ၊ မြေကွက်တည်နေရာအမှတ်-၅၅၈/ခ၊ မြို့မ ၄လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်သိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်သိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကွန်မီ ၁၂/သကတ (နိုင်)၀၇၆၄၅၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ ခြံအမှတ်(၁၅/က)ဟုခေါ်တွင်သည့် အလျား ၂၅ ပေ×အနံပေ ၄၀ရှိ မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသည့် အအောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးနိုင်ဦး ၁၂/ဥကတ(နိုင်)၁၁၆၆၉၂နှင့် ဇနီး ဒေါ်မြမြမူတို့ အတူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း LL.B ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၈၀)**
**ရုံး-တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ ၁၀၂/E၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ၁၆-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ပါ ဦးထွန်းအုန်းကြည် ၁၂/ဒဂတ(နိုင်)၀၀၃၈၆၀၏ အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းခြင်း

ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စစ်မှုထမ်းဟောင်းစံပြရွာ(လေးထောင့်ကန်)၊ဆင်ဖြူရှင်လမ်း၊ အမှတ် ၁/၆/၂ဟုခေါ်တွင်သည့်မြေ၏အလျားပေ၁၂၀×အနံပေ ၈၀အနက် အလျားပေ ၁၂၀ × အနံပေ ၄၀ကို ပိုင်းခြား၍ ဒေါ်ဘေဘီအုန်း ၁၂/ လကန(နိုင်) ၀၆၀၆၉၇နှင့် ၎င်း၏ညီမ မမိုးအေး ၁၂/လကန(နိုင်)၀၆၀၆၅၇ တို့ထံမှ ၂၈-၃-၂၀၁၁ရက်တွင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထား စီမံခန့်ခွဲနေထိုင်လျက်ရှိပါသည်။ ဝယ်ယူစဉ်က ဒေါ်ဘေဘီအုန်းက ရောင်းချခွင့်ရှိကြောင်း ဝန်ခံသကဲ့သို့ ဦးထွန်းအုန်းကြည်ကလည်း ၎င်းနှင့်မသက်ဆိုင်ကြောင်း၊ အရောင်းအဝယ်ကို သဘောတူကြောင်း ဝန်ခံပြောဆို၍ အချင်းဖြစ်မြေကွက်ကို ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ဦးထွန်းအုန်းကြည်၏ ကြေညာချက်ပါ အချက်အလက်များသည် ဒေါ်ဘေဘီအုန်း ၂၀၁၃ခုနှစ် နိုဝင်ဘာလအတွင်း အထက်တန်းရှေ့နေ ဒေါ်အေးအေးအောင်မှ တစ်ဆင့်ပေးပို့သည့် အကြောင်းကြားစာပါ အချက်များနှင့်လည်း ကိုက်ညီခြင်းမရှိပါ။ အဆိုပါအကြောင်းကြားစာတွင် ဒေါ်ဘေဘီအုန်းက ချေးငွေအတွက် ချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မည်ဖြစ်၍ မြေကွက်ပြန်လည်ပေးအပ်ရန် မမှန်မကန်ဖော်ပြတောင်းဆိုခဲ့ပါသည်။ ဦးထွန်းအုန်းကြည်မှ ကျွန်တော်မြေကွက်ဝယ်ယူလက်ရောက်ရပြီး သုံးနှစ်နီးပါးကြာမြင့်မှ ၎င်းမသိရှိလေဟန် မမှန်မကန်ဖော်ပြပြောဆိုလာခြင်းမှာ ဒေါ်ဘေဘီအုန်းနှင့် ပူးပေါင်း၍ မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် ပြုမူပြောဆိုလာခြင်းသာဖြစ်ပါသည်။ ၂၈-၃-၂၀၁၁ရက်စွဲပါ စာချုပ်တွင် ဒေါ်ဘေဘီအုန်းက မြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါကဝယ်ယူသူ၏ နစ်နာမှုမရှိစေဘဲ မိမိစရိတ်ဖြင့်အကုန်အကျခံ၍ ပြေလည်သည့်တိုင်အောင် တာဝန်ယူဖြေရှင်းပေးမည်ဟု ဝန်ခံကတိပြုခဲ့ပါသည်။ ထို့ကြောင့် ဦးထွန်းအုန်းကြည်၏ ကြေညာချက်မှာ မမှန်ကန်ပါကြောင်းနှင့် ကျွန်တော်မှ အချင်းဖြစ်မြေကွက်မှ ဖယ်ရှားပေးရန် အကြောင်းမရှိပါကြောင်းနှင့်ဒေါ်ဘေဘီအုန်း (ရောင်းချသူ) နှင့်သာ ရှင်းလင်းရန်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇကျော်စွာအောင်**
**၁၂/ဒဂတ(နိုင်)၀၄၈၉၂၆**
**တိုက် (၄)၊ အခန်း ၉၊**
**ပျဉ်းမပင်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅ ၊ မြေကွက်အမှတ် ၈၆၀၊ မြေကွက်တည်နေရာအမှတ်-၈၆၀၊ ၎ဝါလမ်း၊ ၄၅ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးထွန်းငွေ AC-၀၁၁၄၃၅ မည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းငွေနှင့်ဇနီးဒေါ်အေးမိ ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်ခင်စန်း ၁၂/ဥကတ(နိုင်)၀၀၄၈၂၆၊ (၂)ဒေါ်တင်တင်အေး ၁၂/ဥကတ(နိုင်)၀၀၅၈၁၇ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၇၇/၁၃(၁၄-၂-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ဥမ္မာအေး ၁၃/ကတန(နိုင်) ၀၀၁၄၀၉မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်မရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံသစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်-၇၂၂၊ မြေဧရိယာ ၀ဒသမ၀၆၇၉ကေရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၂၂)၊ မြမဥ္ဇူလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစံလွင် EF-၀၅၄၇၇၀ ၏သားသမီးများဖြစ်ကြသော (၁)ဦးဝင်းလွင်သက် ၁၂/တမန(နိုင်)၀၁၄၃၁၁၊ (၂)ဦးဟန်ထူးဇော် ၁၂/ဥကမ(နိုင်)၁၅၇၀၀၁၊ (၃) ဦးသူရလင်း ၁၂/ဥကမ (နိုင်)၁၈၀၄၁၀၊ (၄) ဒေါ်သိမ့်ဆုမြတ် ၁၂/ဥကမ(နိုင်)၁၉၁၇၆၇နှင့် (၅) ဦးပြည့်ဖြိုးကျော် ၁၂/ဥကမ(နိုင်)၁၉၀၅၈၀တို့က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံတွင် အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်လွင် (စဉ်-၇၀၉၇) တရားလွှတ်တော်ရှေ့နေ**
**ဦးနိုင်ဝင်း (စဉ်-၃၁၁၁၁) အထက်တန်းရှေ့နေ**
**အမှတ်(၂၇/ဘီ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ် (၄၈)(ပ)ထပ်နေ NTG -၀၀၅၇၄၇ကိုင်ဆောင်သူ ဒေါ်ကြင်မွှေးသည် ကျွန်ုပ်၏အမှုသည်ဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူသည် အထက်တန်းပြဆရာမအဖြစ် လုပ်ကိုင်စဉ်ကာလက နိုင်ငံတော်မှရောင်းချပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ မြေကွက်အမှတ် ၈၉၁ဟုခေါ်တွင်သော အကျယ်ပေ ၄၀×ပေ ၆၀အား မြေချပါမစ်မူရင်းနှင့်တကွ ရရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။

အဆိုပါမြေကွက်အား ယနေ့တိုင် ကျွန်ုပ်အမှုသည်မှ အခြားသူများသို့ လွှဲပြောင်းရောင်းချပေးကမ်း၊ လှူဒါန်း၊စွန့်လွှတ်ထားခြင်းမရှိဘဲ ယနေ့တိုင်ကျွန်ုပ်အမှုသည်ပိုင်ဖြစ်ပါသည်။ အဆိုပါ ကျွန်ုပ်အမှုသည်ပိုင်မြေကွက်အား အခြားသူများမှတစ်နည်းနည်းဖြင့်လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်ခဲ့ပါက မိမိ၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်အမှုသည်နှင့်သက်ဆိုင်မှုမရှိကြောင်းနှင့် ထိုသို့ပြုလုပ်သည်ဟု စုံစမ်းသိရှိရပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀)**
**ရုံး-တိုက်အမှတ် ၉/၁၁၊ ပထမထပ်၊ ၁၀၂/E၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အထက်တန်းရှေ့နေ ဒေါ်အေးအေးအောင် စဉ်-၃၉၆၇၃၊ ဦးကျော်ဇေယျ စဉ်-၃၉၆၈၆ နှင့် အများသိစေရန်ကြေညာချက်

ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)၊ စစ်မှုထမ်းဟောင်းစံပြရွာ(လေးထောင့်ကန်)၊ ဆင်ဖြူရှင်လမ်း၊ အမှတ် ၁/၆/၂ဟုခေါ်တွင်သည့် မြေအလျား ၁၂၀ပေ × အနံပေ၄၀ကို ၂၁-၃-၂၀၁၁ရက်တွင် ဒေါ်ဘေဘီအုန်း ၁၂/လကန(နိုင်)၀၆၀၆၉၇ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဝယ်ယူစဉ်က ဒေါ်ဘေဘီအုန်းမှ နှစ်၆၀မြေငှားဂရန်မှာပေါင်နှံထား၍ ရောင်းဖိုးငွေရရှိပြီးမှ ရွေးနုတ်၍ GPနှင့်တကွ မြေဂရန်မိတ္တူပေးအပ်ပါမည်ဟု ယုံကြည်အောင် ပြောဆိုခဲ့သော်လည်း ယနေ့အထိ ပေးအပ်ခဲ့ခြင်းမရှိပါ။ ၂၀၁၃ ခုနှစ်အတွင်း ဒေါ်ဘေဘီအုန်းမှ မြေဂရန်မိတ္တူနှင့် GP ပြုလုပ်ပေးရန်အတွက် ငွေကြေးတောင်းခံ၍ ကျွန်တော်မှပေးရန်သဘောတူညီခဲ့ပါသည်။ ၂၈-၃-၂၀၁၁ရက်စွဲပါ အရောင်းအဝယ်စာချုပ်၏ကျောဘက်၌ ဒေါ်ဘေဘီအုန်းက ၁၈-၈-၂၀၁၃ရက်စွဲဖြင့် ငွေလက်ခံရရှိပါသည်။ ပိုင်ဆိုင်မှုအထောက်အထားများ ပြုလုပ်ပေးပါမည်ဟု ဝန်ခံကတိပြု၍ သက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးဝန်ခံကတိပြုခဲ့ပါသည်။ အဆိုပါဝန်ခံကတိကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက တံဆိပ်တုံးနှိပ် လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါသည်။ သို့ရာတွင် ဒေါ်ဘေဘီအုန်းက သဘောတူထားသည့် ငွေကြေး၏နှစ်ဆတိုးမြှင့်၍ ထပ်မံတောင်းဆိုလာပါ၍ ကျွန်တော်မှ ငြင်းဆိုခဲ့သဖြင့် ရှေ့နေဒေါ်အေးအေးအောင်မှတစ်ဆင့် အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြောင်းကြားစာနှင့် ပတ်သက်၍ စာတိုက်မှ ပေးပို့၍ ၂၂-၁၁-၂၀၁၃ ရက်တွင် ကျွန်တော်သည် လက်ခံရရှိသော်လည်း နို့တစ်စာလက်မှတ်ရေးထိုးပေးပို့သောနေ့စွဲပါ ၂၈-၁၁-၂၀၁၃ရက် ဖြစ်နေ၍ ရက်ကြိုနို့တစ်စာဖြစ်နေခြင်း၊ ပေ ၁၂၀ × ပေ၄၀ဟုသာ ဖော်ပြထားပြီး မြေကွက်အမှတ် တည်ရှိသည့်လမ်း၊ ရပ်ကွက်၊ မြို့နယ်စသည့်ရည်ညွှန်းချက် ဖော်ပြမထားခြင်း၊ မြေအရောင်းအဝယ်ကို သုံးနှစ်နီးပါးကြာမြင့်မှ ချေးငွေအတွက် ချုပ်ဆိုသောစာချုပ်ဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မည်ဖြစ်၍ မြေကွက်ပြန်လည်ပေးအပ်ရန် မမှန်မကန် ရေးသားတောင်းဆိုခဲ့ခြင်းများကြောင့် ဖြေရှင်းခြင်းမပြုဘဲ ၃၀-၁၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်း၏ မမှန်မကန်စွပ်စွဲ ကြေညာထားသော ၁၆-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်ကို ခုနစ်ရက်အတွင်းပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံပါသည်။ အကယ်၍ ရုပ်သိမ်းခြင်းမပြုပါက ဥပဒေအရဖြစ်စေ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာအကြီးအကဲများသို့ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြခြင်းဖြင့်ဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**ဦးဇကျော်စွာအောင်**
**၁၂/ဒဂတ(နိုင်)၀၄၈၉၂၆**
**တိုက် ၄၊ အခန်း ၉၊ ပျဉ်းမပင်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး စူဠအာဘိဓမ္မိက ဝိသိဋ္ဌ ဥက္ကဋ္ဌ ကလျာဏ ဉာဏဓဇ ဆရာမကြီး ဒေါ်သန်းမြင့် အသက် (၉၄)နှစ်

ရန်ကုန်မြို့နေ (ဦးချို-ဒေါ်မမလေး)တို့၏သမီး (ဒေါ်ရင်နု)၏ညီမ၊ ဒေါ်ခင်ရှု၊ (ဦးစွမ်းရီ)၊ (ဦးအေးသန်း)တို့၏အစ်မ၊ ရန်ကုန်မြို့ (P-6) မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးညွှန့်သန်း)-ဒေါ်လှနှင်းခိုင် (M.D-International School of Myanmar) ၏ မိခင်၊ ကိုဇော်ဝင်းညွှန့်-မခိုင်ညွှန့်ဝေ (ခိုင်သဇင် ပုံနှိပ်တိုက်)၊ မခိုင်ညွှန့်ရွှေတို့၏ အဘွား၊ မခိုင်ပြုံးဝေ (ခေတ္တ USA)၊ မမိုးပွင့်ခိုင် (ခေတ္တ USA)၊ မယုဇနခိုင်ဇော် (ခေတ္တ USA)၊ မစန္ဒကူးခိုင်ဇော် (G-7, I.S.M) တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း(လယ်)၊ အမှတ် ၁၄၂ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၀၀နာရီမှ ၁၁း၀၀နာရီအထိ အမှတ် (၁၄၂-မြေညီထပ်) ၃၁လမ်း(လယ်) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ ဦးအောင်မျိုးထွန်း (ငွေခြူးမင်းဆေးလိပ်လုပ်ငန်း၊ မြင်းခြံမြို့) အသက်(၃၇)နှစ်

မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးမောင်မောင်-ဒေါ်စိမ်းယုမွန်(ခ) BARBARA (ရွှေမြန်မာသောက်ရေသန့်နှင့် ခရီးသွားလုပ်ငန်း)တို့၏ ဒုတိယသား ဦးအုန်းညွှန့်-ဒေါ်သန်းသန်း (ခြူးနဂါးဆေးလိပ်လုပ်ငန်း)တို့၏သားသမက်၊ မြင်းခြံမြို့၊ အမှတ် (၁၀)ရပ်ကွက်နေ မမြတ်သုထွေး (ငွေခြူးမင်းဆေးလိပ်လုပ်ငန်း)၏ခင်ပွန်း၊ မရွှန်းလဲ့မေဦး၊ မောင်ထွဋ်ခေါင်ယံတို့၏ဖခင်ဖြစ်သော ဦးအောင်မျိုးထွန်း မကျန်းမာစဉ်မှစ၍ မန္တလေးမြို့ နန်းတော်ဆေးရုံကြီး၌ ဂရုစိုက်ပြုစုကုသပေးခဲ့သော ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများအားလည်းကောင်း၊ မန္တလေးမြို့မှ အားပေးကူညီကြသော သူငယ်ချင်းမိတ်ဆွေသင်္ဂဟများ အားလည်းကောင်း၊ နာရေးကိစ္စတွင် မိသားစုနှင့်ထပ်တူထပ်မျှခံစားပြီး လူကိုယ်တိုင်လိုက်ပါပို့ဆောင်၍လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ သက်န်းခြင်းနှင့်လှူဖွယ်ပစ္စည်းများပေးပို့သော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ၊ ခံစားသတင်းမေးကြပါသော နိုင်ငံအသီးသီး၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ နာရေးတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃/ဝေဘာဂီ၊ မြေကွက်အမှတ် ၄၀၊ မြေကွက်တည်နေရာအမှတ် ၄၀၊ မြို့ပတ်လမ်း၊ (၃/ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ် ဦးလှရွှေ ၁၂/ဥကမ(နိုင်)၀၃၉၆၈၇ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ခင်ပွန်းဦးလှရွှေကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ဝတီအေး ၁၂/ဥကမ(နိုင်)၀၃၉၆၈၆က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅ ၊ မြေကွက်အမှတ် ၈၁၅၊ မြေကွက်တည်နေရာအမှတ်-၈၁၅၊ ၄၅ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးတင်ထွန်း AG -၀၆၃၃၅၉အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်ဦးတင်ထွန်း ကွယ်လွန်သဖြင့်ဒေါ်အုန်းမြင့်၁၂/ဗဟန(နိုင်)၀၆၄၇၆၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၄၃၊ မြေကွက်တည်နေရာအမှတ် ၂၄၃၊ သူရ ၈လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် ဒေါ်မြိုင်၊ ဒေါ်စန်းစန်းညွှန့်၊ ဦးမြအောင်၊ ဦးသိန်းရွှေ၊ ဦးစန်းမြင့်အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းရွှေ (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်များဖြစ်သော ဒေါ်မြိုင် S/OKA-၀၅၂၇၂၈၊ ဒေါ်စန်းစန်းညွှန့် S/OKA-၀၄၇၆၂၈၊ ဦးမြအောင် S/OKA-၀၄၇၅၆၇၊ ဦးသိန်းရွှေ CI-၀၃၉၄၁၅၊ ဦးစန်းမြင့် S/OKA-၀၅၉၉၅၂ တို့က မောင်နှမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃စီ၂အင်န် ၊ မြေကွက်အမှတ် V-၃၊ မြေကွက်တည်နေရာအမှတ်-၃၃၈၊ ဗညားဒလလမ်း၊ တာမွေမြို့နယ် ဦးဝင်းအောင် L/RGN -၀၂၆၇၁၆၊ မညွှန့်ညွှန့်ရီ (ခ)မီမီ L/RGN -၀၂၇၈၆၁၊ မလှမူ(ခ)မူမူ (ခ) မလှလှမူ L/RGN -၀၂၉၂၇၃ အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းအောင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဒေါ်သိင်္ဂီအောင် ၁၂/ပဇတ(နိုင်)၀၀၃၇၅၈က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲပိုင်ရှင်များဖြစ်သော ဒေါ်ညွှန့်ညွှန့်ရီ(ခ)မီမီ ၁၂/တမန(နိုင်)၀၂၃၁၃၈၊ ဒေါ်လှမူ(ခ)မူမူ(ခ)လှလှမူ ၁၂/တမန(နိုင်)၀၄၄၉၂၀တို့နှင့် အတူအမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၈၊ မြေကွက်အမှတ်၈၉၂၊ မြေကွက်တည်နေရာ အမှတ် ၈၉၂၊ ၅၈ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဝံသ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝံသထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ရရှိသူ ဒေါ်မြတ်မြတ်ဦး ၁၂/စခန(နိုင်) ၀၁၁၄၇၅က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဖခင်၊ မိခင်၊ မောင်နှမလေးဦး သေစာရင်း၊ ကျန်မောင်နှမသုံးဦး၏ သဘောတူညီကြောင်းဝန်ခံချက်၊မေတ္တာဖြင့် အပိုင်ပေးကမ်းစာချုပ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်၉၀၃/ခ၊ မြေကွက်တည်နေရာအမှတ်-၉၀၃/ခ၊ (၁၁)လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သောင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းနှင့်ခင်ပွန်း ဦးမြင့်ရွှေ ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်ရီ ၁၂/ဥကတ(နိုင်) ၁၂၁၃၉၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၇၀၈(၁၀-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးအောင်တိုး ၁၂/ဗတထ(နိုင်)၀၁၂၇၈၉က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၁၈၂ (၃၀-၉-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

21-12 (22).pmd 1 12/21/2013, 1:50 PM

# ကြော်ငြာ

## ဦးရွှေစော (နတ်မြစ်၊ မောင်တော)
**အသက်(၈၉)နှစ်**

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ် ၁၆၂နေ (ဦးဦးစံကျော်-ဒေါ်လှဝါ)တို့၏သားလတ်၊ (ဒေါ်စောညွန့်ဦး)၏ခင်ပွန်း၊ ဦးဦးကျော်ငြိမ်း (ရပ်ကွက်အုပ်ချုပ်ရေးမှူး)-ဒေါ်ဦးမြသန်း၊ (ဦးမောင်သန်းထွန်း)-ဒေါ်လှလှမြင့် (အထက၊မောင်တော)၊ ဒေါ်မြင့်မြင့်(အထက-၂၊ စစ်တွေ)၊ ဦးကျော်ခင် (လက်ထောက်အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်ရုံးချုပ်)-ဒေါ်မို့မို့နွယ်၊ ဒေါ်မြသူခင်(အထက-၆၊ စစ်တွေ)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးရှင်သည် ၂၀-၁၂-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှ စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်ညွန့်
**အသက်(၇၆)နှစ်**

ဒေါ်နှင်းရည်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇေယျာသစ်-မလှဝတ်ရည်(ခ)လီလီ(Sedona Hotel) တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်ညွန့်သည် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး**

**အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်းဆွေ M.F.T.B (ငြိမ်း)
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၁၊ အခန်း ၁၂နေ (ဦးအောင်သန်း)-ဒေါ်ကေတီတို့၏သမီး၊ (ဦးဘခင်-ဒေါ်လှရိပ်)တို့၏ချွေးမ၊ (ဦးမောင်မောင်ကြီး)-ဒေါ်အေးသန့်တို့၏ညီမ၊ ဦးပေါ်ရှိန်(ရေတပ်၊ ငြိမ်း)၏ဇနီး၊ ဦးကြည်ဦးတိုး(THACO Shipping) - ဒေါ်ဝါဝါရှိန် (I.O.M)၊ ဦးအောင်ကျော်ရှိန်(S.R.S Shipping)-ဒေါ်ဖြူပြာလွင်၊ ဦးမောင်မောင်ပြည့်စုံ (CH Shipping)တို့၏မိခင်၊ မောင်မင်းသွင်တိုး၊ မောင်သာထက်ရှိန်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၅နာရီတွင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးငြိမ်းအောင်ဖြူး (တီတီစီကျောင်းသားဟောင်း)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ (ဒေါက်တာမောင်ဖြူး)-ဒေါက်တာဒေါ်မာရီဖြူးတို့၏သား၊ ကျုံပျော်မြို့နယ်၊ အစုကြီးကျေးရွာနေ ဦးလှမြင့်-ဒေါ်မေမေဂျူးတို့၏သားသမက်၊ စန္ဒာဖြူ၊ သဇင်ထိုက်၊ ရာဇာစိုး၊ နက္ခတ်စိုး၊ မင်းခေါင်မိုး၊ ပုလဲဖြူ၊ နဝရတ်စိုး၊ ခင်ခက်ခက်ခိုင်၊ အံ့ဘွားထက်၊ ထက်ထက်ဦးတို့၏အစ်ကို၊ စမ်းချောင်းမြို့နယ်၊စမ်းတောင်ရပ်ကွက်၊အမှတ် ၄/၃ဘီ၊ ဦးဖိုးလမ်းနေ ဒေါ်ခိုင်မေဦး၏ခင်ပွန်း၊ မသီမ့်သီမ့်စံ(ဒုတိယနှစ်၊ B.Tech)၊ မောင်မင်းခက်မင်း(ခ)မင်းသုတ(တီတီစီ)၊ မချိုလှဲ့ရီ(Grade 8-A၊ အထက-၂၊စမ်းချောင်း)တို့၏ဖခင်သည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၉း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၃ရက် နံနက်၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စန်းဝေ
**အသက်(၅၀)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊(၁၄၀)ရပ်ကွက်၊ ရတနာမဥ္ဇူလမ်းနေ(ဦးအေးမောင်)-ဒေါ်သန်းမြင့်တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်အမှတ် ၁၆၊ အခန်းနံပါတ် ၅နေ (ဦးသန်းဖေ)-ဒေါ်ရှင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒွင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ် TH (1)၊ အခန်းနံပါတ် ၀၀၂နေ ဦးခင်မောင်မြင့်၏ဇနီး၊ မောင်ဇော်ဖြိုးပိုင်၊ မောင်မြတ်မိုးပိုင်၊ မခင်ချစ်စုသွေးတို့၏မိခင်သည် ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၈း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သီတာခိုင်
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၄)ရပ်ကွက်၊ ယမနေ ၄လမ်း၊ အမှတ် ၆၉၆နေ ဦးစံသိန်း-ဒေါ်တင်တင်ဝင်းတို့၏သမီး၊ ဦးဝင်းသန့်-ဒေါ်အေးအေးခိုင်၊ ဦးလှခိုင်-ဒေါ်ဝင်းမြင့်တို့၏ညီမ၊ ဦးသိန်းဝင်းထွန်း-ဒေါ်ခိုင်လတ်နွယ်၊ ဦးသိန်းသန်းထွန်း-ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်မ၊ တူ၊တူမ ငါးယောက်တို့၏အဒေါ်သည်၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၆း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် အလှူ့ဒါယကာကြီး**

## ဦးဘိုးသိန်း(ခ)ဦးသိန်းဌေး
**(မိုးလျှံဒစ္စဘီးဝွေလုပ်ငန်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ တိုက်အမှတ် ၂၊ အခန်း ၃၀၃နေ ဒေါ်မြင့်မြင့်ယဉ်၏ခင်ပွန်း၊ ဦးဖြိုးမြင့်မောင်-ဒေါ်သင်းင်းဆွေ၊ဦးမင်းနောင်-ဒေါ်အိအိမွန်၊ မသီသီဆွေ၊မောင်ကျော်မင်းသူတို့၏ဖခင်၊ မဆုမြတ်နိုးထက်၊ မောင်ဖြိုးမင်းထက်တို့၏အဘိုးသည် ၁၈-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်) ကျန်ရစ်သူမိသားစု

---

## ဦးလှမိုး
**(အထပြ၊ငြိမ်း၊ အထက-၁၊မကွေး)**

**အသက်(၇၀)**

မကွေးမြို့၊ ဆားစည်ရပ်နေ (ဦးအင်တစ်-ဒေါ်ခင်ပျ)တို့၏သားငယ်၊ (ဦးစိန်တင်-ဒေါ်မြမြသွင်)၊ရန်ကုန်မြို့နေ ဦးလှတိုး-(ဒေါ်ကြည်မြခိုင်)၊ ဒေါ်တင်တင်တို့၏မောင်၊ တောင်ကြီးမြို့၊ ကံသာရပ်၊ မင်္ဂလာလမ်း၊ အမှတ် ၂၅နေ ဒေါ်ကြူကြူ၏ခင်ပွန်း၊ ဦးစိုးသက်မိုး-ဒေါ်ယဉ်ယဉ်မေ၊ ဒေါ်ကြူမြတ်မြတ်မိုး၊ ဒုရဲအုပ်ဇော်မော်မိုး(ငြိမ်း) - မသွယ်သွယ်ဝင်း၊ ဒေါက်တာသက်နိုင်မိုး(မြို့နယ်ဦးစီးမှူး၊ မွေး/ကုဦးစီးဌာန)၊ မဝါမင်းအေးတို့၏ဖခင်၊ မောင်ကောင်းမြတ်မိုး၊ မောင်ဇွဲမြတ်မိုး၊ မကေသရီမြတ်မိုး၊ မောင်ဥက္ကာမြတ်မိုးတို့၏အဘိုးသည်၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းညွန့် (ဇလွန်မြို့)
**အသက်(၈၈)နှစ်**

ဇလွန်မြို့နေ (ဦးမောင်ခင်-ဒေါ်ဖွားခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၈-F၊ အာကာလမ်း၊ သီရိကန်သာအိမ်ရာနေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးမြင့်ဆွေ(ရုံးအဖွဲ့မှူး၊ ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါက်တာစန်းစန်းဝင်း(ခေတ္တ-မလေးရှား)၊ ဦးမြင့်ဆွေ(ဟသ်ာတခရိုင် လျှပ်စစ်ရုံး)-ဒေါ်အေးအေးမြင့်(အလပြ၊ ငြိမ်း)၊ ဦးသောင်းမြင့်(စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီမြင့်(စိုက်ပျိုးရေးဦးစီးဌာန၊ငြိမ်း)၊ ဦးစိုးတင့်(ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း)-ဒေါ်ခင်ဝင်းကြည်၊ ဦးလှမင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၃ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးခင်မောင်မြင့် (ရေနံချောင်း)
**လျှပ်စစ်အင်ဂျင်နီယာဝန်ထောက်ကြီး၊ (GE - ငြိမ်း)**

**အသက်(၇၇)နှစ်**

ရေနံချောင်းမြို့နေ ဦးမျိုးမြင့်(ခ)ဦးစိန်၊ ဒေါ်သိန်းရှင်တို့၏သား၊ (ဒေါ်ဘေဘီသန်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ခင်၊ ဦးချစ်လွင်(Green Luck Trading Co.,Ltd.)-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ ဦးအောင်မြတ်ဦး-ဒေါ်သီတာကျင်(မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဦးဝင်းမောင်-ဒေါ်သီတာဦး၊ ဦးဝဏ္ဏ-ဒေါ်တင်တင်ဆွေ၊ ဦးရဲကျော်အောင်-ဒေါ်နီလာဦး၊ (ဦးအောင်မြင့်)-ဒေါ်မိုးသူဇာ၊ (ဦးသီဟ)၊ ဒေါ်ခင်လေးငယ်တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၃ရက် နံနက် ၁း၁၅နာရီတွင် အမှတ် ၂၇၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးလှအောင်(ခ)တန်ကြတ်ဝှက်(ခ)တန်တိတ်ဝက်
**(စိန်လေးလုံး ပလတ်စတစ်ပိုက်လုပ်ငန်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ် ၂၅၊ ပထမထပ်နေ (ဦးတန်စွီးကျောင်း-ဒေါ်စန်ကျင်ပို)တို့၏သား၊ ဒေါ်ညိုညိုဝင်း၏ခင်ပွန်း၊ ဦးစိန်ဟုတ်-ဒေါ်သန်းသန်းဆွေတို့၏ညီ၊ ဦးလှမောင်-ဒေါ်သန်းသန်းမြင့်၊ တန်ဖိတ်တင်း(ခ)သန်းသန်း-ဦးခင်ဝင်း၊ ဦးတန်စွန်ဝမ်း-ဒေါ်ချောင်ပွေစိန်၊ ဦးဝင်းမြင့်-ဒေါက်တာနှင်းနှင်းယုတို့၏အစ်ကို၊ ဒေါက်တာမြတ်မြတ်ဝင်း-ကိုဇော်အောင်၊ မမြတ်မြတ်ထွန်းတို့၏ဖခင်၊ မမေမြတ်ဇော်၏အဘိုးသည် ၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး(ခ)လင်ယုန်ရီ
**Well Come စတိုး**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ၁၂၇၊ မြေညီထပ်နေ [လင်ကျင်းဟန်(ခ)ဦးအောင်မြင့် - ဒေါ်စန်းရီ]တို့၏သား၊ (စောဟုတ်လော့-ဒေါ်ကျင်ယုံ)တို့၏သားသမက်၊ ဒေါ်သန်းသန်းမြင့်(ခ)စောကွမ်းကွမ်း၏ ခင်ပွန်း၊ ဒေါ်အေးအေးသန်း-ဦးဇော်လင်းဦး၊ ဒေါ်လှလှဌေး-ဦးကိုကိုနိုင်၊ ဒေါ်မိုးမိုးအေး၊ ဒေါ်သွယ်သွယ်အေး(ခ)လင်ယွင်းယွင်း-ဦးအောင်ဝင်း(ခ)စွီအိန်ဟွား၊ ဦးမင်းမင်းဇော်-ဒေါ်ခင်ခင်စန်း၊ ဦးကျော်ကျော်လင်း-ဒေါ်အာကိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည်၁၉-၁၂-၂၀၁၃ရက် ည ၁၁း၅၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်သိန်း
**နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**

**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**

**ဂျပန်ခေတ်စစ်တက္ကသိုလ်**

**ဗိုလ်သင်တန်းဆင်း၊**

**မြန်မာ့လျှပ်စစ်ဓာတ်အား(ငြိမ်း)**

**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ် ၁၈၊ ပွဲစားတန်းလမ်းနေ (ဦးသာထွန်းအောင်-ဒေါ်စိန်)တို့၏သား၊ (ဦးဘိုးအောင်-ဒေါ်သိန်းမေ)တို့၏သားသမက်၊ (ဒေါ်မြခင်)၏ခင်ပွန်း၊ဦးမြင့်ဟန်-ဒေါ်ကျင်ဝေ၊ ဒေါ်ခင်သူဇာ (ကျောင်းအုပ်၊ငြိမ်း၊ ကော့မှူး၊ အထက)၊ ဦးအောင်မင်း-ဒေါ်အေးအေးစန်း၊ ဒေါ်မမခိုင်(ဆီအသင်း)တို့၏ဖခင်၊ ဦးမြတ်ဦး-ဒေါ်ဝင်းဝင်းသန်း၊ ဦးလှထူး၊ ကိုရဲနောင်-မအေးပုံ့ပုံ့အောင်၊ ကိုဇင်ဇော်ဇော်အောင်တို့၏အဘိုး၊ ဒေါက်တာမင်းထက်နိုင်၊ မောင်လင်းထက်နိုင်၊ မသဇင်နှင်းဆု၊ မဆုရတီအောင်တို့၏ဘိုးဘိုးကြီးသည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၄၀နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန်းမြင့်
**(လဝကဦးစီးအရာရှိ၊ ငြိမ်း)**

**အသက်(၆၆)နှစ်**

အမှတ် ၄၅၊ ရှခင်းသာလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်အေးမြင့်၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၃ရက် ည ၇း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအင်ယား(ခ)ဦးရှုဟုတ်
**အိမ်မဲမြို့နယ်အသင်းဝင်**

**လပွတ္တာမြို့နယ်၊ကန်ဘက်ကျေးရွာ**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၈၇နေ ဦးကျင်မောင်-(ဒေါ်ခင်ညွန့်)တို့၏သား၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်ဟန်၊ ဦးရှုမြင့်-ဒေါ်နန့်ထွန်းမေ၊ ဦးရှုတင့် - ဒေါ်အေးအေးသန်းတို့၏မောင်/ညီ၊ ဒေါ်ကြူကြူခင်၊ ဦးဇော်ညွန့်-ဒေါ်နန်းယုယုမော်တို့၏အစ်ကို၊ ဒေါ်ရှုယဉ်၏ခင်ပွန်း၊ ကိုတင်အောင်မှူး-မအေးမြတ်သူ၊ ကိုနေလင်းအောင်-မခင်သီတာဆင့်၊ မသန္တာဆင့်တို့၏ဖခင်၊ မောင်အောင်မင်းခန့်၏အဘိုးသည် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ**

## ဒေါ်စန်းစန်း
**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၁၉၅နေ(ဦးထွန်းလှိုင်)-ဒေါ်အုန်းမြိုင်တို့၏သမီး၊ ဦးကျော်စိုးဝင်း-ဒေါ်ရီရီမြင့်၊ ဦးမောင်မောင်စိုး-ဒေါ်ဌေးဌေးရီ၊ ဦးထင်ကျော်-ဒေါ်လီလီမြင့်၊ ဦးမြတ်စိုး(ကိုမျိုး)-ဒေါ်တင်တင်ဝင်း (မငယ်)၊ (မတင်တင်ထွေး)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ (ဦးသာလှိုင်)၏ဇနီးသည်၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၁၉၅ နဝဒေးလမ်း၊ လမုတန်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စောရီ (ကျုံပျော်)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ခန်းမဆောင်လမ်း၊ အမှတ် ၂၅နေ (ဦးလတ်-ဒေါ်မယ်သန့်)တို့၏သမီး၊ (ဦးချစ်ရွှေ-ဒေါ်ကြည်ကြည်)၊ ဒေါ်သန်းနု၊ ဦးချစ်လှိုင်-ဒေါ်မြင့်မြင့်၊ ဦးလှသိန်း-ဒေါ်သိန်းသိန်း (မင်းမင်းဆေးဆိုင်၊ ပုဇွန်တောင်ဈေး၊ အေ-ရုံ၊ ၁၉/၂၀/၂၁)၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ထွေး(Sweet Lady Fashion)တို့၏အဒေါ်၊ ဦးအောင်ကြည်-ဒေါ်မြမြသက်၊ မချိုချိုဝင်းရွှေ၊ (ဗိုလ်ကြီးတင်မောင်ကြွယ်) - ဒေါ်ညိုညိုဝင်းရွှေ၊ ကိုယဉ်မင်းအောင် - မတိုးတိုးလှိုင်၊ ကိုမျိုးသန့်လှိုင်-မသန္တာမြင့်၊ ကိုစိန်အောင်ထွန်း-မနီနီလှိုင်၊ မအေးမင်းစန္ဒာ၊ မအေးမင်းသီတာ၊ မသက်နှင်းဇာ၊ မနှင်းနုနုအောင်တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည်၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစောဦး
**(မော်လမြိုင်၊ ကျိုက်မရော)**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

**အသက်(၈၄)နှစ်**

ကျိုက်မရောမြို့နေ (ဦးထိုက်ဦး-ဒေါ်ဖွားသင်)တို့၏သား၊ ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊အမှတ် ၁၉၆နေ ဒေါ်အေးအေး၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းနိုင်၊ (ဦးမြတ်ကိုကို)၊ ဦးကျော်သူ၊ ဦးကြည်လွင်၊ (မသက်သက်စီ)၊ (မစံပယ်သင်း)၊ ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၁၂-၂၀၁၃ရက် နံနက် ၁း၂၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**

## ဦးစိုးမြင့် (ဟသ်ာတ)
**မြန်မာ့စီးပွားရေးဘဏ်၊ အာရှမနေဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် မန်နေဂျာ(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ ၅လမ်း၊ တိုက် ၄၄/၂နေ (ဦးစိန့်-ဒေါ်ကလေးမ)တို့၏သား၊ ဒေါ်သန်းစိန် (ဗဟိုစာတိုက်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်အေးအေးစိုး(အင်/ယာ၊ စကေးဗိသုကာအဖွဲ့)၊ဦးတင်အောင်စိုး (ခွဲ၊ စက်မှုလက်မှု၊ တောင်ဒဂုံ)-ဒေါ်အေးမိုးမိုးမြင့်၊ ဗိုလ်မှူးကြီးခိုင်မင်း (ရကသ-၂၊ရဲမွန်တပ်မြို့)-ဒေါ်ညိုညိုစိုး၊ ဒေါ်ယဉ်မင်းစိုး (AGD Bank-BYN) တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည်၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန့်ဇင်ဝင်း
**လ/၁-၁၉၈၆၊ ဌာနခွဲ(၁)**

**လမ်းမတော်ဆိပ်ကမ်း**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်းနေ ဦးသန်းမောင် - ဒေါ်တင်တင်ဦးတို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၃လမ်း၊ အမှတ် ၁၄၅/ကနေ (ဦးမြကြီး)-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ (ကိုသိန်းလွင်)-မသင်းသင်းဝင်း၊ ကိုမြင့်စိုး-မလဲ့လဲ့ဝင်း၊ မအေးအေးသန်း၊ မောင်ဇော်မျိုးဝင်း-မသန်းသန်းဌေး၊ မမြသီတာစိမ့်တို့၏ညီ/မောင်/အစ်ကို၊ မောင်ကျော်ဇင်ဖြိုး (အမျိုးသားစီမံခန့်ခွဲမှု)၊ မောင်သော်ဇင်ဟိဏ်းတို့၏ဖခင်၊ မောင်ကျော်ဇင်သန့်၊ မောင်ပိုင်ဇေမင်းတို့၏ဘကြီး၊ ဒေါ်ရင်ရင်သိန်း၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင်ကွယ်လွန်သွားပါ၍၂၁-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တစန္ဒောဘာသ
**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၄)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ တောရကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ ညောင်လေးပင်နယ်၊ တောရရွှေကျင်းဂိုဏ်း ဝိနည်းပြန်ဌာန၏ မဟာနာယက၊ ရွှေကျင်ဂိုဏ်းကြီး၏(ရဋ္ဌညှုမဟာနာယက) လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၄)ဝါသည်(၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်) ၂၆-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် စည်ကားသိုက်မြိုက်စွာ သာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဝိသာရဒ (တောင်ကုတ်မြို့နယ်၊ မိကျောင်းလူးရွာဇာတိ)
**အသက်(၈၉)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ တောကာကျေးရွာ၊ တောကာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝိသာရဒ သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၆)ဝါသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာမြို့၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပါမည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘုန်းတော်ကြီး ဦးဝါသဝ (ဇရပ်လှ-ပန်းပုကွင်း)
**သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြယာကုန်းကျောင်းတိုက်တွင် သီတင်သုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး ဦးဝါသဝသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မြယာကုန်းကျောင်းတိုက်မှကားများဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ
မြယာကုန်းကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဦးပညာဝံသ(ခ)ဦးမျိုးခင်
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၁၀)ဝါ**

(ခမည်းတော် ဦးယုဆိုင်-မယ်တော် ဒေါ်ခင်အေးကြည်)တို့၏သား၊ ရဟန်းအမ ဒေါ်အေးသန်း၊ ဒေါ်ကျင်စိန်၊ ဒေါ်ဆွေဆွေဌေး၊ ဦးစိန်လှ-ဒေါ်ဝင်းဝင်းတို့၏တူ၊ ဒေါ်မြမြ(ဗဟိုဘဏ်)၊ ဦးမောင်မောင်သန်း-ဒေါ်ချိုချို၊ ဦးမျိုးအေး-ဒေါ်တင်တင်အေးတို့၏အစ်ကို၊ တူမ လေးယောက်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) ၁၉-၁၂-၂၀၁၃ရက်တွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးကျော်ဝင်း (စမ်းချောင်း)
**(ငပုတောမြို့နယ်၊ ရေတွင်းကုန်း)**

**ဒု-လ/ထထွေဂျာ၊စိုက်ပျိုးရေး(ငြိမ်း)**

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်၊ စည်းရုံးရေးကော်မတီကြီး၊ အတွင်းရေးမှူး**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်း၊ တိုက် ၁၃၊ အခန်း ၆နေ (ဦးဖိုးလယ်-ဒေါ်မယ်မှန်)တို့၏သား၊ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဦးညွန့်လွင်-ဒေါ်အေးရီ(သန်လျင်)တို့၏အစ်ကို၊ (ဦးမောင်မောင်ဇော်ဝင်း)၊ဒေါက်တာခိုင်ရွှေဝါဝင်း (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ (ဦးစိုးမြင့်ဝင်း)-ဒေါ်သန်းသန်းအေး (ဘူမိဗေဒဌာန၊ ဆည်မြောင်း)၊ ဦးတိုးမြင့်ဝင်း-ဒေါ်အေးအေးမူ(မူအုပ်၊အမက-၃၃၊သဃ်န်းကျွန်း) တို့၏ဖခင်၊ မောင်မျိုးသန့်ခိုင်($2^{nd}$ M.B၊ ဆေးတက္ကသိုလ်-၁)၊မောင်အောင်အောင်မြင့်ဦး [$2^{nd}$ B.Tech (M.P) နည်းပညာတက္ကသိုလ်]၊ မောင်မြတ်ထူးကျော် (Grade-9၊ အထက-၂၊ ကမာရွတ်) တို့၏အဘိုးသည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်အေးအေးမူ
**B.Com (A.A)**

**စာရင်းစစ်(ငြိမ်း)**

**စာရင်းစစ်ချုပ်ရုံး**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဦးခိုင်-ဒေါ်မြသန်း)တို့၏သမီး၊ တောင်တွင်းကြီးမြို့နေ (ဦးလှမောင်-ဒေါ်ခင်ထွေး)တို့၏ သမီး၊ အမှတ် ၂၉၃၊ အခန်း ၅၊ သံသုမာလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏနေ ဦးရဲမြင့်၏ဇနီး၊ (ဦးတင့်လွင်-ဒေါ်သန်းအေး)၊ ဦးတင်အောင်-ဒေါ်စန်းစန်းရီတို့၏ ညီမ၊ ဇာနည်ရဲရင့်-DANA(ခေတ္တ-U.S.A)၊ အာကာရဲရင့်(Family Entertainment Group Co,Ltd.)၊ ရတနာရဲရင့်(ခေတ္တ-Singapore)တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၀နာရီတွင် ဗဟိုစည်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

## ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ရောက်ရှိ

စာမျက်နှာ-၃

## တပ်မတော်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၈

## ငွေဆောင်ဆီးဂိမ်း ရွက်လှေပြိုင်ပွဲ အိမ်ရှင်မြန်မာက ရွှေ၊ ငွေ၊ ကြေးဆွတ်ခူး



ရွှေတံဆိပ်ဆုရှင် ဆက်နိုင်အောင်နှင့် ကြေးတံဆိပ်ဆုရှင် ငုံဖူးလှိုင်တို့အား ပရိသတ်များနှင့် ရွက်လှေအားကစားသမားတို့က ကြိုဆိုဂုဏ်ပြု၍ ခေါ်ဆောင်လာစဉ်။

သတင်းနှင့်ဓာတ်ပုံ
သူဇာနွယ်(ဖျာပုံ)

**ငွေဆောင် ဒီဇင်ဘာ ၂၀**

ငွေဆောင်ပင်လယ်ကမ်းခြေတွင် ကျင်းပလျက်ရှိသော ဆီးဂိမ်းရွက်လှေပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်များ ကျင်းပပြီးချိန်တွင် အိမ်ရှင်မြန်မာက Half-Rater ရွက်လှေပြိုင်ပွဲတွင် စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့အတွဲက ရွှေတံဆိပ်တစ်ခု၊ Rs One ၁၉ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆက်နိုင်အောင်က ရွှေတံဆိပ်တစ်ခု၊ International 470 (Women)ပြိုင်ပွဲတွင် ဒေါက်တာစုမြတ်စိုးနှင့် နန်းခမ်းဆေးတို့အတွဲက ငွေတံဆိပ်တစ်ခု၊ International 420 (Women) ပြိုင်ပွဲတွင် ဝေပွင့်ဝါဘိုနှင့် သီဂီဝင်းရွှေတို့က ကြေးတံဆိပ်နှင့် Rs One ၁၉ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ငုံဖူးလှိုင်က ကြေးတံဆိပ်ဆု အသီးသီးဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်က ဒီပြိုင်ပွဲကို ပထမဆုံးဝင်ပြိုင်တာပါ။ လေ့ကျင့်ချိန်နည်းနေတော့ ပြိုင်ပွဲအစမှာ အခက်အခဲတွေ ရှိပါတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံအတွက် အားတင်းပြီး ကြိုးစားခဲ့တဲ့အတွက် ဝါရင့်ပြိုင်ဘက်တွေကို ဖြတ်ကျော်ပြီး ရွှေတံဆိပ်ရတော့ ဝမ်းသာပါတယ်"ဟု မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားသမား ရွှေတံဆိပ်ဆုရှင် ဆက်နိုင်အောင်က ပြောပြသည်။

Rs One ၁၉ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ ကြေးတံဆိပ်ဆုရှင် ငုံဖူးလှိုင်ကလည်း "လေ့ကျင့်ချိန်ကနည်းနေသေးတော့ အမှားအယွင်းတွေရှိခဲ့တဲ့အတွက် ကြေးတံဆိပ်နှင့်သာ ကျေနပ်ခဲ့ရပါတယ်။ နောင်မှာတော့ နိုင်ငံအတွက် ရွှေတံဆိပ်တွေ ယူပေးနိုင်အောင် ကြိုးစားပါမယ်"ဟု ပြိုင်ပွဲအပြီး ဝမ်းသာအားရပြောပြသည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ရွက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံ စသည့် နိုင်ငံပေါင်းခြောက်နိုင်ငံမှ ရွက်လှေအားကစားသမား ၁၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

## မြန်မာပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## ငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့နံနက် ၉ နာရီ ၃၄ မိနစ် ၃၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (Andaman Islands, India Region) ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## မြန်မာအမျိုးသမီးအသင်း ဂိုးဒါဇင်ဝက်သွင်းပြီး တတိယနေရာရယူ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်မောင်(မန္တလေး)

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပွဲစဉ် တတိယနေရာလုပွဲကို အိမ်ရှင်မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ မန္တလေးမြို့ မန္တလာသီရိကွင်း၌ ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ကျင်းပသည်။

မြန်မာနှင့်မလေးရှားအသင်းတို့ ပွဲစတင်သည်နှင့် ဦးဆောင်ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ မြန်မာတိုက်စစ်မှူးများက မလေးရှားနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်နိုင်ခဲ့သည်။ ပွဲချိန် ၁၅ မိနစ်၌ မြန်မာအသင်းက မလေးရှားအသင်း ဂိုးဧရိယာအစပ်မှ အပိုင်ကန်သွင်းရာ လွဲချော်သွားခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၁၇ မိနစ်၌ မြန်မာမှ အပိုင်သွင်းယူသည့်ဂိုးမှာ မလေးရှား ဂိုးသမားခြေထောက်နှင့် ထိပြီးဘေးထွက်သွားသဖြင့် မြန်မာတို့ နစ်နာခဲ့သည်။

မြန်မာအသင်း ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၂၁ မိနစ်တွင် မြန်မာအသင်းမှ ဂိုးဧရိယာအတွင်း မြေနိမ့်ဘောကန်သွင်းရာ မလေးရှား ဂိုးသမားကာကွယ်လိုက်ရာ လွတ်ထွက်သွား၍ တိုင်ထိပြီး ပြန်ထွက်လာသည့်ဘောလုံးကို ဂိုးသမားပြန်ဖမ်းမိသွားခဲ့သည်။

မြန်မာအသင်း အကြိမ်ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာဘဲ ဖြစ်နေရာ ပွဲချိန် ၂၄ မိနစ်၌ မြန်မာမှ ရီရီဦးက အပိုင်ကန်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။ မြန်မာအသင်း ကွင်းတစ်ဝက်ဖိကစားနေရာမှ ဂိုးသွင်းခွင့်များ ထပ်မံရရှိခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့သော်လည်း ပွဲချိန် ၃၅ မိနစ်၌ မြန်မာမှ ခင်မိုးဝေက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြန်သည်။

မလေးရှားတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အရာမထင်ဖြစ်နေရာ ပွဲချိန် ၃၈ မိနစ်၌ မြန်မာမှ သန်းသန်းထွေးက ကွင်းလယ်မှ အမြောက်ကန်သွင်း စာမျက်နှာ ၃ ကော်လံ ၆ ✳



ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပွဲစဉ် တတိယနေရာလုပွဲကို မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၄ | ၈၉ | ၇၂ | ၂၅၅ |
| ၂ | မြန်မာ | ၇၀ | ၅၅ | ၇၀ | ၁၉၅ |
| ၃ | ဗီယက်နမ် | ၆၆ | ၇၃ | ၇၄ | ၂၁၃ |
| ၄ | အင်ဒိုနီးရှား | ၆၁ | ၆၉ | ၉၇ | ၂၂၇ |
| ၅ | မလေးရှား | ၃၈ | ၃၈ | ၆၈ | ၁၄၄ |
| ၆ | စင်ကာပူ | ၃၁ | ၂၇ | ၄၀ | ၉၈ |
| ၇ | ဖိလစ်ပိုင် | ၂၆ | ၃၀ | ၃၃ | ၈၉ |
| ၈ | လာအို | ၁၀ | ၁၁ | ၃၈ | ၅၉ |
| ၉ | ကမ္ဘောဒီးယား | ၆ | ၈ | ၂၅ | ၃၉ |
| ၁၀ | တီမောလက်စ်တေ | ၂ | ၂ | ၄ | ၈ |
| ၁၁ | ဘရူနိုင်း | ၁ | ၁ | ၅ | ၇ |

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ် ၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သပိတ်ကျင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



အရောင်းရုံ ရန်ကုန်မြို့သည်

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးညွန့်ဝေ-ဒေါ်ခင်မြင့်တို့၏သားကြီး၊ ဒေါက်တာစုမြတ်ဖြိုးဝေ၏အစ်ကို

**ဗိုလ်ကြီးပြည့်ဖြိုးအောင်**

**B.Sc(DSA),M.Sc(Chemistry)**

**လက်ထောက်ကထိက၊ စစ်တက္ကသိုလ်**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်းနေ
ဦးသိန်းလှိုင်(တရားလွှတ်တော်ရှေ့နေ၊ ဥပဒေအကြံပေး-FISCA)-ဒေါ်မာလာနွယ်(ရဲအုပ်-ငြိမ်း)တို့၏သမီးငယ်၊
ကိုကျော်စွာအောင်(PCML)-မကုဋ္ဌေကုဋ္ဌာလှိုင် (PCML)တို့၏ညီမ

**မပြည့်ဖြိုးလှိုင်**

**LL.B,Diploma in Global English,DiP;in Computer Arts II.**

**(IBTC Group of Companies)**

တို့၏ ၈-၁၂-၂၀၁၃ရက်တွင် Sedona Hotel (Mindon Hall) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးသော IBTC Group of Companies မှ Executive Director ဦးတင်ဦးနှင့်ဇနီး ဒေါ်သက်သက်ဝင်း၊ မင်္ဂလာအခမ်းအနားကို ကြွရောက်ချီးမြှင့်သော ကမ္ဘာ့ဗိုလ်များမှ မန်နေဂျင်းဒါရိုက်တာများ၊ ဒါရိုက်တာများ၊ စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးရဲမင်းမြတ်နှင့် ဗိုလ်ကြီးမြတ်စိုးကျော်၊ မင်္ဂလာသတို့သမီးအရံ မလှဲ့ရည်စိုးနှင့် ဒေါက်တာစုမြတ် ဖြိုးဝေတို့အားလည်းကောင်း၊ အခမ်းအနားတွင် မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော (Brain Work) မူကြိုကျောင်းသူလေး သိမ်မွေ့ဝသန်ကျော်စွာလှိုင်၊ မင်္ဂလာပန်းများကြဲပေးသော အထက(၁)ဒဂုံမှ ကျောင်းသူလေး မဆုလှဲ့နေခြည်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများကိုင်ဆောင်ပေးပါသော မသန္တာအောင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးလှမျိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုများရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဓါတ်တော်ပေးသီချင်းသီဆိုပေးပါသော အေးအေးမြင့်နှင့် တစ်ခိုင်လုံးရွှေအဖွဲ့တို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ ၆-၁၂-၂၀၁၃ရက်က ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်၌ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ၁၅-၁၂-၂၀၁၃ရက်က ပြင်ဦးလွင်မြို့၊ ရွှေခြင်္သေ့စားသောက်ဆိုင်၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်တက္ကသိုလ် ဗျူကလိုဟာတတုဗေဒဌာနမှ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်စောနှင့် အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိတ်ဆွေသူငယ်ချင်းများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးပြည့်ဖြိုးအောင်-မပြည့်ဖြိုးလှိုင်**

**ရွှေမုဒြာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်၏

(က) (၂၀၀၄-၂၀၀၅)ခု ပညာသင်နှစ်မှ(၂၀၀၈-၂၀၀၉)ခု ပညာသင်နှစ်အတွင်း ဖွင့်လှစ်ခဲ့သော(စံပြ) အင်ဂျင်နီယာနှင့် ဇီဝကာ ပါရဂူဘွဲ့သင်တန်းနှင့် ဇီဝနည်းပညာ ပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ခဲ့ပြီး Ph.D (Engineering /Bio-Tech)ဘွဲ့အတွက် လိုအပ်သောဘွဲ့ယူကျမ်းကိုတင်သွင်းပြီး ၂၀၁၂ခုနှစ်၊ မတ် ၂၀ ရက်နောက်ပိုင်း ဘွဲ့ရစာမေးပွဲကြီးကို အောင်မြင်ခဲ့ကြသူများ။

(ခ) (၂၀၀၅-၂၀၀၆)ခု ပညာသင်နှစ်မှ (၂၀၁၂-၂၀၁၃)ခု ပညာသင်နှစ်အတွင်း ဖွင့်လှစ်ခဲ့သော(စံပြ)မဟာအင်ဂျင်နီယာ သင်တန်းတက်ရောက်ခဲ့ပြီး M.E(Engineering) ဘွဲ့အတွက် လိုအပ်သောဘွဲ့ယူကျမ်းကိုတင်သွင်းပြီး ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်းဘွဲ့ရစာမေးပွဲကြီးကို အောင်မြင်ခဲ့ကြသူများ။

(ဂ) (၂၀၁၂-၂၀၁၃)ခု ပညာသင်နှစ်အတွင်း ဖွင့်လှစ်ခဲ့သော(ပုံမှန်)မဟာအင်ဂျင်နီယာသင်တန်း၊ မဟာသိပ္ပံ(ဇီဝ)နည်းပညာသင်တန်းတက်ရောက်ခဲ့ပြီး M.E(Engineering), M.S(Bio-Tech) ဘွဲ့အတွက် လိုအပ်သောဘွဲ့ယူကျမ်းကိုတင်သွင်းပြီး ၂၀၁၃ခုနှစ်၊ ဩဂုတ် ၂၉ရက်နောက်ပိုင်း ဘွဲ့ရစာမေးပွဲကြီးကို အောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်ပါမည်။

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၁၆-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၁၀နာရီမှ ၁၁း၃၀နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | မန္တလေးနည်းပညာတက္ကသိုလ်စုဝေးခန်းမ |
| **ပေးအပ်မည့်ဘွဲ့** | - | Ph.D(Engineering )Ph.D(Bio-Tech), M.E(Engineering),M.S(Bio-Tech) |
| **ဘွဲ့နှင်းသဘင်ကြေး** | - | တက်ရောက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက် ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ) (လျှောက်လွှာနှင့်အတူပေးသွင်းရန်) |
| **အစမ်းလေ့ကျင့်ရက်** | - | ၁၅-၂-၂၀၁၄ရက် (စနေနေ့) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | ၂-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ရက်အထိ |

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်းမြန်မာတစ်ရိုက်ဖြင့် ရိုက်ကူးထားသော ၂လက်မ၊ ၁လက်မခွဲအရွယ် ဓာတ်ပုံသုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်လွှာထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ခဲ့ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ ယခင်ဘွဲ့တင်သွင်းရန် ပျက်ကွက်ခဲ့သူများသည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့အတွက် လျှောက်လွှာတင်သွင်းနိုင်သည်။

၃။ ဘွဲ့ယူမောင်မယ်များသည် (မြန်မာဝတ်စုံ)သို့မဟုတ် (တိုင်းရင်းသားဝတ်စုံ)သို့မဟုတ်(အနောက်တိုင်းဝတ်စုံ)အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၄။ ဘွဲ့ဝတ်စုံများကို ၁၂-၂-၂၀၁၄ရက် နံနက် ၁၀နာရီမှစ၍ ကျောင်းသားရေးရာဌာနတွင်ထုတ်ပေးမည်ဖြစ်ပါသည်။

မှတ်ချက်။အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းသိရှိနိုင်ပါသည်။

(ဆက်သွယ်ရန်ဖုန်း-၀၂-၅၇၃၆၃) အမိန့်အရ-

**ဒေါက်တာနီနီဝင်း**
**ဖော်ကွန်းထိန်း**
**မန္တလေးနည်းပညာတက္ကသိုလ်**

**တိုက်ခန်းရောင်းမည်**

စိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်
(၄၇)လမ်းထိပ်၊ ပထမထပ်
ပေ ၁၅×၅၅ပေ၊ အမြင့် ၁၄ပေ
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၅၁၇၈၆၄၈၊ ၀၉-၅၃၀၅၆၅၂၉၊
၀၉-၅၂၀၆၆၇၅၇

**ထွေးသည် အသက်**



Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

စိန်ရွှေရတနာဆိုင်

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



လမ်းလျှောက်ပါ သဝန္နဖွံ့ သောက်ပါ

ဆီးဝမ်းလေလှမှန် ပေါ့ပါးကျန်းမာမည်

ASTRO Video & Photo Services



**အမည်ပြောင်း**

ဦးအောင်ကျော်မင်း ၁၁/ကတန(နိုင်)၀၆၂၅၀၉၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၅)၊ ပထမတန်း (ခ)မှ မရွှန်းယမုံအောင်အား မငြိမ်းစုလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မြန်မာစာသင် မြန်မာစာ ဆရာများ၏

ဖူးပွင့်ဝေ

MAJA Japanese School ပညာသင်နှစ်သင်တန်းများ

| စဉ် | နေ့ | အဆင့် | အကြောင်းအရာ |
|---|---|---|---|
| ၁ | Mon | N-4 | Kanji |
| ၂ | Tue | N4/N5 | DVD,Listening |
| ၃ | Wed | N3 | Public Speech |
| ၄ | Thu | N3 | Essay Writing |
| ၅ | Fri | N3 /N2 | Reading & Translation |

January 6

10:00 ~ 11:30 AM

MAJA Japanese Language School

R-707, Bldg C,Pearl Condo, Bahan Township.

Ph-09-8612181

Top-Ten / All-D

NGU

COSMO

ဝန်ထမ်းအလိုရှိသည်

1 Marketing

2 Nurse

3 Customer Service

CV Form

COSMO WELLNESS CO.,LTD

LCCI-EDI (UK)

LCCI Level 1-2-3

AutoCount & MYOB Computerised Accounting

2014 June Series

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ စီမံကိန်း(၁)၊ လူနေရပ်ကွက်အမှတ်-စီမံကိန်း(၁)၊ မြေကွက်အမှတ် ၁၉၊ မြေကွက်လိပ်စာ အမှတ် ၁၉၊ ချယ်ရီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဧရိယာပေ(၆၀×၂၀)၊ စတုရန်းပေ ၁၂၀၀ရှိ ဦးကျင်လှိုင်အမည်ပေါက် နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိသူ ဒေါ်ခင်ထွေးကြည် ၁၂/ဥကတ(နိုင်)၁၀၄၁၀၆ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်လပြည့်ဝန်း** LL.B, D.I.L — **အထက်တန်းရှေ့နေ(စဉ်-၂၆၉၁၁)**

**ဒေါ်မိုးမိုးနိုင်** LL.B, D.I.L — **အထက်တန်းရှေ့နေ(စဉ်-၂၆၉၁၀)**

**တိုက်၄/၅၀၅၊ ၁၅၄လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်**

## ဂျပန်တွင်ကျောင်းတက်ရင်း အလုပ်လုပ်နိုင်မည့် အခွင့်အလမ်း

ဂျပန်နိုင်ငံ တိုကျိုမြို့မှ မိနစ်၃၀ခန့်ကွာဝေးသည့် Motoyawata မြို့တွင် တည်ရှိသည့် အိချိကာဝါ ဂျပန်ဘာသာသင်တန်းကျောင်းတွင် သက်သာသော ကျောင်းလခဖြင့် အထူးဝန်ဆောင်မှုအစီအစဉ်ကို နှစ်နှစ် Student Visa နှင့် နေထိုင်လျက် အချိန်ပိုင်းအလုပ်များ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းကို အိချိကာဝါ ဂျပန်ဘာသာသင်တန်းကျောင်းမှ ရှင်းလင်းဆွေးနွေးပါမည်။ အစီအစဉ်ကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ၃နာရီအထိ Park Royal Hotel (ပတ္တမြားခန်းမ-၃)၌ ပြုလုပ်ပါမည်။ စိတ်ပါဝင်စားသူများ တိုက်(ဘီ)၊ အခန်း၂၀၆၊ ယုဇနလမ်း၊ ဟိုက်ဝေးကွန်ပလက်၊ ကမာရွတ်မြို့နယ်၊ Email; bridgemyanmar @ gmail.com.mm, ဖုန်း-၀၁-၅၂၄၀၃၂၊ ၀၉-၇၃၀၄၈၅၈၂၊ ၀၉-၄၀၂၅၇၀၉၇၂၊ ၀၉-၃၁၈၇၂၆၃၁တို့သို့ ဆက်သွယ်စုံစမ်းပါရန်။ (ရှင်းလင်းဆွေးနွေးပွဲအတွက် အခကြေးငွေပေးရန်မလိုပါ။ တက်ရောက်ရန် လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပါရန်။)

# FAME Pharmaceuticals

## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)**

**(1) Marketing Manager**
**(2) Pharmacist**
**(3) Engineer**

**အမှတ်စဉ်(၁)**အတွက် M.B.,B.S ဘွဲ့ရဖြစ်ပြီး Marketing နှင့် ပတ်သက်သည့် Master (or) Degree (or) Diploma ရရှိထားသူဖြစ်ရမည်။ Marketing ကို စိတ်ဝင်စားသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံသည် အထက်ပါရာထူးဖြင့် သုံးနှစ်အနည်းဆုံးရှိရမည်။
**အမှတ်စဉ်(၂)**အတွက် B.Pharm ဘွဲ့ရဖြစ်ပြီး ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွင် သင့်လျော်သောတာဝန်များကို ထမ်းဆောင်နိုင်ရမည်။
**အမှတ်စဉ်(၃)**အတွက် B.E (Electronic) ဘွဲ့ရဖြစ်ပြီး လုပ်သက်သုံးနှစ်နှင့်အထက် ရှိရမည်ဖြစ်သည်။ အမှတ်စဉ်အားလုံး အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။

အလုပ်လျှောက်လွှာနှင့်အတူ (ကိုယ်ရေးရာဇဝင်)၊ ပညာအရည်အချင်းထောက်ခံစာများ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံသုံးပုံ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပူးတွဲဖော်ပြ၍ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - **FAME Pharmaceuticals**
အမှတ် ၂၀၊ မင်းကြီးမဟာမင်းခေါင်လမ်းနှင့် နဝဒေးလမ်းထောင့်၊ စက်မှုဇုန် (၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၆၈၂၁၉၉၊ ၆၈၅၀၈၃၊ ၆၈၅၆၀၉

## အမည်ပြောင်း

ဦးမိုးကျော်သူ၏သမီး ဖားကန့်မြို့၊ ၄ ကပ်ပျော်တော၊ အလက(ခွဲ)၊ ပဥ္စမတန်းမှ မဂျူလိုင်မိုးအား မကြည်ဖြူသျှင် ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်နှင့် အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(၃)၊ န၀မတန်း($B_7$)မှ မဒူးဆာဒွေ့အား မရှင်းရှင်း၀ေဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးရုံးစိန် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ)၊ ရွှေစက်၊ အဋ္ဌမတန်း(C)မှ မောင်ကျော်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးယူဆီ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/တိုးချဲ့၊ မြေကွက်အမှတ် ၁၆၈၊ မြေကွက်တည်နေရာအမှတ် ၁၆၈၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတက်စိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတက်စိုးနှင့်ဇနီး ဒေါ်စန်းစန်းရီ(သား) ဦးမိုးအောင်ကျော် (လူပျိုကြီးဘ၀ဖြင့်)အသီးသီးကွယ်လွန်သဖြင့် ဦးမင်းအောင်ကျော် ၁၂/ရကန(နိုင်)၀၃၈၈၆၈က သား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မြေကွက်အမှတ်(၇၇၁/ခ)မြေအမည်ပေါက် ဒေါ်ကြည်ကြည် CF-၀၀၉၂၈၆က မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် ၀ယ်ယူထားသူ ဒေါ်စန်းစန်းအေး၁၂/အလန(နိုင်)၀၁၀၇၉၆က အရောင်းအ၀ယ် စာချုပ်မူရင်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၈)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/စီ၊ မြေကွက်အမှတ် ၄/၂၁၁၊ မြေကွက်တည်နေရာအမှတ် ၂၇၄၊ ကာယ(၁၁)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ငယ်စာရင်းအမည်ပေါက် ဦးအောင်ခိုင် မြေကွက်အား အမည်ပေါက် ကွယ်လွန်သဖြင့်(၁) ဦးမျိုးသန့်လွင် ၁၂/တမန(နိုင်)၀၅၀၃၈၇၊ (၂)ဒေါ်လဲ့လဲ့မျိုး ၁၂/တမန(နိုင်)၀၃၃၇၂၉တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ဒုတိယအကြိမ်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပရန်ရှိပါသဖြင့် ကော့သောင်းသူ၊ ကော့သောင်းသားများနှင့်အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁နာရီတိတိ
**နေရာ** - M3 Food Center
တော်လှန်ရေးပန်းခြံရှေ့၊
ဗဟန်းမြို့နယ်အားကစားကွင်း၊ အနောက်ရွှေဂုံတိုင်၊ ရန်ကုန်မြို့။

**နာယကနှင့်အမှုဆောင်အဖွဲ့**







## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သီဂီ ၄လမ်းမြောက်၊ အမှတ် ၁၄၆ နေ ဦးဟန်ထွန်း-ဒေါ်စောသန်းတို့၏သမီး မအိအိဟန် ၁၂/သကတ(နိုင်) ၁၆၃၆၆၅ သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၄င်း၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၄င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀အားလုံးတာ၀န်ယူမည်မဟုတ်ပါကြောင်း။

**ဦးဟန်ထွန်း ၁၂/သကတ(နိုင်)၀၁၀၂၇၀**
**ဒေါ်စောသန်း ၁၂/သကတ(နိုင်)၀၁၁၄၇၂**

## အမှားပြင်ဆင်ခြင်း

၁၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကန့်ကွက်နိုင်ပါကြောင်း အချပ်ပို(ဃ)တွင် ပါရှိသော စဉ်(၈)အရ ဒေါ်ကျင်သိန်း ၁၂/သဃက(နိုင်)၀၉၄၅၄၀ အစား ဒေါ်ကျင်သိန်း ၁၂/သဃက(နိုင်)၀၉၄၅၉၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဥတုရာသီ တောကိုမှီ





မြန်မာ့အလင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးကဏ္ဍ

27th SEA Games Special

2013, December 21, Saturday

# မြန်မာအမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆွတ်ခူးနိုင်




ဓာတ်ပုံ-သူရ(တောင်ငူ)

နေပြည်တော်    ဒီဇင်ဘာ    ၂၀

အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက် ၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း ခန်းမ(B)၌ ကျင်းပရာ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအသင်းသည် ပထမရွှေတံဆိပ်ဆုရရှိသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ ပထမအကျော့ ပထမပွဲစဉ်ငယ်တွင် မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ၂၁-၁၅ မှတ်ဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်ငယ် ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် အင်ဒိုနီးရှားအသင်းဘက်မှ အကွက်ကျကျ ကစားနိုင်ခဲ့သဖြင့် ပွဲအစတွင် ၅-၅ အမှတ်တူဖြစ်နေပြီး မြန်မာအသင်းဘက်မှ စပေးခြင်းများပျက်၍ အင်ဒိုနီးရှားအသင်းဘက်သို့ ကိုးမှတ်အထိ အမှတ်များ ထပ်မံပေးခဲ့ရသည်။ မြန်မာ အသင်းဘက်မှ အမှတ်များရရှိရေးအတွက် ပြန်လည်ကြိုးစားယှဉ်ပြိုင်ရာ ၅မှတ် မှ ၁၂ မှတ်အထိ ဆက်တိုက်ပြန်ယူနိုင်ခဲ့ပြီး ဆက်လက်၍ အင်ဒိုနီးရှားအသင်းဘက်မှ ရိုက်ခုတ်ချက်များ ထိထိမိမိ ရှိသောကြောင့် အမှတ်များတက်သွားခဲ့ရာ ၁၉ မှတ်အထိရရှိသွားသည်။ ပွဲပြီးခါနီးတွင် ၁၉-၁၉ အမှတ်တူဖြစ်နေပြီး မြန်မာအသင်းဘက်မှ စပေးခြင်းနှစ်လုံး ဆက်တိုက်ပျက်ပြီး အင်ဒိုနီးရှားအသင်းကို ၂၁-၁၉မှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ တတိယပွဲစဉ်ငယ်၌ ပွဲပြီးဆုံးခါနီးအချိန်ထိ နှစ်ဖက်စလုံး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ၂၀-၂၀ အမှတ်တူနေ၍ သုံးမှတ်ထပ်တိုး ယှဉ်ပြိုင်ခဲ့ရပြီး အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းကို ၂၄-၂၂ မှတ်ဖြင့် အနိုင်ရသွားသည်။

ဆက်လက်၍ ဒုတိယအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ၂၁-၁၇ မှတ်၊ ၂၁-၁၅မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိသွားသည်။

ထို့နောက် တတိယအကျော့ပွဲစဉ်ငယ်များကို ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ပထမပွဲစဉ်ငယ်တွင် ၂၁-၁၀ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဒုတိယပွဲစဉ်ငယ်တွင် ၂၁-၁၅မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်ငယ်တွင် ၂၁-၁၄မှတ်ဖြင့်လည်းကောင်း မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကိုအနိုင်ရရှိကာ ပထမရွှေတံဆိပ်ဆု ရရှိသွားသည်။ ကစားပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာအသင်းမှ ပထမရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယ ငွေတံဆိပ်၊ ဘရူနိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့က ပူးတွဲတတိယကြေးတံဆိပ်များရရှိသွားသည်။ **ဇူလိုင်မိုး**

# မြန်မာအမျိုးသမီးဟော်ကီအသင်း စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင် နိုင်ငံ့ဂုဏ်ဆောင် ကြေးတံဆိပ်ရရှိ

ရန်ကုန်    ဒီဇင်ဘာ    ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးပြီးဆုံးရန် တစ်ရက်သာကျန်ရှိပြီး အိမ်ရှင်မြန်မာနိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများသည်လည်း ရွှေဆုအပါအဝင် ဆုအသီးသီးကိုရရှိနေကြပြီဖြစ်သည်။ ဒီဇင်ဘာ ၂၀ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ ကျင်းပလျက်ရှိသော ဟော်ကီပြိုင်ပွဲ၏ အမျိုးသမီးပွဲစဉ် နောက်ဆုံးပွဲစဉ်များဖြစ်သော အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကြရာ အင်ဒိုနီးရှားမှ ရှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၍ ခြောက်နိုင်ငံယှဉ်ပြိုင်မှုတွင် အဆင့်(၄)ရရှိခဲ့သည်။

မွန်းတည့် ၁၂ နာရီတွင် တတိယဆုအတွက် မြန်မာနှင့် စင်ကာပူအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းပြီးသည်အထိ တစ်သင်းနှင့်တစ်သင်း ဂိုးမပေးရရေးအတွက် ပိတ်ဆို့ကစားခဲ့ကြပြီး ဒုတိယပိုင်းပွဲစဉ်တွင် **စာမျက်နှာ ၃ »**



ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)




# ဆီးဂိမ်းကမ်ပိုပြိုင်ပွဲဝင် မြန်မာအားကစားသမားများ ရွှေတံဆိပ်ထပ်မံဆွတ်ခူးအောင်ပွဲခံ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ယနေ့ကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ ကမ်ပိုအားကစားပြိုင်ပွဲကို ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားရုံ(၁)၌ တတိယမြောက်နေ့ ပွဲစဉ်အဖြစ်ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တပ်မတော်မှ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံအလိုက် ၅၀ ကီလိုတန်းအမျိုးသား အတိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သန်းဝင်းက ပထမဆု ရွှေတံဆိပ်ကိုလည်းကောင်း၊ တီမောလက်စ်တေနိုင်ငံမှ JOAO FERNANDES က ဒုတိယဆု ငွေတံဆိပ်ကိုလည်းကောင်း၊ လာအိုနိုင်ငံမှ SEUA THAMMAKESONE နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ PHATSAREN တို့က ပူးတွဲကြေးတံဆိပ်ဖြစ်သည့် တတိယဆု ကြေးတံဆိပ်ကို လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ထို့နောက် ၆၀ ကီလိုတန်း အမျိုးသားအတိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကျော်လင်းဦးက ပထမဆု ရွှေတံဆိပ်ကိုလည်းကောင်း၊ လာအိုနိုင်ငံမှ DETHSAVANH XAI-YAVONG က ဒုတိယဆု ငွေတံဆိပ်ကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ RONALD HULYANTO နှင့် ဗီယက်နမ်နိုင်ငံမှ NGUYEN DUY CHUNG တို့က ပူးတွဲကြေးတံဆိပ်ဖြစ်သည့် တတိယဆု ကြေးတံဆိပ်ကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီး အမျိုးသမီးရှစ်ယောက်တွဲအပြပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ၂၆၉ ဒသမ ၅ မှတ်ဖြင့် ပထမဆု ရွှေတံဆိပ်ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံက အမှတ် ၂၆၂ ဒသမ ၀ ဖြင့် ဒုတိယဆု ငွေတံဆိပ်ကို လည်းကောင်း၊ မြန်မာနိုင်ငံက အမှတ် ၂၆၁ ဒသမ ၀ ဖြင့် တတိယဆု ကြေးတံဆိပ်ကို လည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီး နိုင်ငံအလိုက် အမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်နိုင်ထွန်းနှင့် ထွန်းလင်းအောင်တို့အတွဲက တတိယဆုကြေးတံဆိပ်ကို ရရှိခဲ့ကြကြောင်း



သိရပြီး ဆီးဂိမ်းပွဲတော်ကြီး၏ ကမ်ပိုပြိုင်ပွဲ နိုင်ငံအလိုက် ဒီဇင်ဘာ ၂၀ ရက်အထိ ဆုတံဆိပ်များ ရရှိစာရင်းအရ မြန်မာနိုင်ငံက ပထမဆု ရွှေတံဆိပ် လေးခုဖြင့် အများဆုံး စံချိန်တင်ရရှိနေပြီး ကြေးတံဆိပ် သုံးခုတို့ အသီးသီး ဆွတ်ခူးရရှိထားကြောင်းလည်း သိရသည်။

**သတင်း-စိုးဝင်း(SP)**
**ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရာဇဝင်သစ်

- ကြိုးကြိုးစားစား၊ အမျိုးသားရေး
ဆွေးနွေးညှိနှိုင်း၊ သိုင်းဝိုင်းပြင်ဆင်
ရာဇဝင်သစ်၊ စာတင်ရစ်အောင်
အရှေ့တောင်အာရှ၊ ဆီးဂိမ်းမှသည်
ရှေ့သို့ချီစို့.....။
- နိုးနိုးကြားကြား၊ ဘိုးဘွားအမွေ
ကိုယ့်မြေပေါ်မှာ၊ ယှဉ်ပြိုင်ရာတွင်
သခင်မျိုးဟေ့၊ တို့မမေ့ဘဲ
သတ္တိဖွဲ့လို့လ၊ ရိုးရှင်းလှစွာ
ပြကြပါစို့.....။
- သိုက်သိုက်ဝန်းဝန်း၊ ရွှေမိုးသွန်းရွာ
အောင်မြင်စွာနဲ့၊ တို့ရဲ့ရလဒ်
မှတ်ကျောက်တင်ရေး၊ ကြိုတင်တွေးကာ
စည်းလုံးစွာဖြင့်၊ အသင့်ပြင်ကာ
အားပေးပါစို့.....။
- ထိုက်ထိုက်တန်တန်၊ အနိုင်မခံဘဲ
အလံမလဲစတမ်း၊ စည်းကမ်းရှိစွာ
ဒါမြန်မာလို့၊ ငါတို့ပြမယ်
ညွှံ့သည်အားလုံး၊ အပြုံးဝေအောင်
စွမ်းဆောင်ပါစို့.....။
- မြတ်မြတ်နိုးနိုး၊ အဖိုးထိုက်တန်
ပုဂံမျိုးဆက် အဘက်ဘက်က
မလစ်ဟစေ၊ ဟာမနေဘဲ
အမြဲသတိရ၊ တန်ဖိုးလှဖို့
တာဝန်ကိုယ်စီကျေပါစို့.....။
လက်ခုပ်သံညီအားပေးစို့.....။ ။

**ခင်မြန်မာမျိုးနွယ်**

» စာမျက်နှာ ၄ မှ

ဗီယက်နမ်မှ Nguyen Thi Quyen Chan ကို ရှုံးနိမ့်ခဲ့သည်။ ထို့အတူ အမျိုးသား ၅၅ ကီလိုတန်းတွင် တင်ထွန်းအောင်(မြန်မာ)က လာအိုမှ Soukanh Taypanyavong ကိုရှုံးပြီး ကွာတားမှ ထွက်ခဲ့ရသည်။ ယနေ့ပြိုင်ပွဲတွင် အမျိုးသား ၅၅ ကီလိုတန်းနှင့် အမျိုးသမီး ၆၀ ကီလိုတန်းနှစ်တန်းသာ ပြိုင်ခဲ့သည်။ ဗိုဗီနမ်တွင် မြန်မာတို့အနေဖြင့် ကီလိုတန်းပြိုင်ပွဲများ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခြင်းမရှိသေးသော်လည်း ပြကွက်ကစားနည်းများတွင် အားသာချက်ရှိနေပြီး ရွှေတံဆိပ်ဆုများ ဆက်တိုက်ဆွတ်ခူးပေးလျက်ရှိသည်။

ညနေပိုင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

# မြန်မာဂျူဒိုအဖွဲ့ ငွေတံဆိပ်သုံးထပ်မံဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် ဇေယျာသီရိအားကစားရုံ၌ကျင်းပသော ဂျူဒိုအားကစားပြိုင်ပွဲ အတန်းလေးတန်းတွင် မြန်မာနိုင်ငံမှ အမျိုးသားတစ်တန်းနှင့် အမျိုးသမီးနှစ်တန်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲသုံးမျိုးစလုံး ဆီမီးဖိုင်နယ်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

အမျိုးသမီး -၅၇ ကီလိုတန်းတွင် မြန်မာဂျူဒိုအားကစားမယ် တင်ဇာစိုးက ကွာတားဖိုင်နယ်တွင် ဗီယက်နမ်မှ Ho Thi Nhu Van ကို အနိုင်ကစားနိုင်ခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ထိုင်းမှ OM PONG Chalew ကို ရှုံးနိမ့်ခဲ့သည်။

ထို့အတူ အမျိုးသမီး -၆၃ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သော အေးအေးသင်း(မြန်မာ)က လာအိုမှ Somsoudalath ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ခဲ့သည်။ သို့သော် ဗီယက်နမ်မှ Thi Hoa Bul ကိုရှုံးပြီး ဆီမီးအထိသာ တက်နိုင်ခဲ့သည်။ အမျိုးသား -၇၃ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ဇော်နိုင် ဝင်ရောက်ယှဉ်ပြိုင်ရာ မလေးရှားမှ Tong Ooi ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိ၍ အလိုအလျောက်အကြို ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ သို့သော် မြန်မာဂျူဒိုကစားသမား ဇော်နိုင်သည် အကြိုဗိုလ်လုပွဲတွင် ဖိလစ်ပိုင်မှ Ramirez နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ပွဲတွင် ရှုံးနိမ့်သော်လည်း တတိယနေရာအတွက် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ တတိယရရှိခဲ့သည်။ ထို့အတူ အမျိုးသမီးနှစ်ပွဲမှာလည်း တတိယနေရာအတွက် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဂျူဒိုအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်က စဖွင့်ခဲ့ပြီး အိမ်ရှင်မြန်မာအနေဖြင့် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်နှစ်ခုသာ ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဂျူဒိုပြိုင်ပွဲတွင် စုစုပေါင်း ရွှေတံဆိပ် ၁၈ ခုပေးမည်ဖြစ်၍ ဒီဇင်ဘာ ၂၁ ရက်အထိ ကီလိုတန်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းဂျူဒို အမျိုးသမီး -၇၀ကီလိုတန်းပြိုင်ပွဲတွင် စန္ဒာဝင်းက အိမ်ရှင်မြန်မာအတွက် ငွေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ အမျိုးသား -၇၃ ကီလိုတန်းတွင် ဇော်နိုင်က ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။

**သတင်း-မောင်ရွှေရိုး၊ ဓာတ်ပုံ-မောင်ကျော်ကြီး**



# မြန်မာအမျိုးသားဘော်လီဘော စတုတ္ထဖြင့်သာကျေနပ်ခဲ့ရ

**နေပြည်တော်　ဒီဇင်ဘာ　၂၀**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိရာ ဇေယျာသီရိအားကစားရုံ၌ ကျင်းပသော အမျိုးသားဘော်လီဘောအားကစားပြိုင်ပွဲ တတိယနေရာလုပွဲတွင် အိမ်ရှင်မြန်မာက ဗီယက်နမ်ကို သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်သွား၍ စတုတ္ထဆုဖြင့် ကျေနပ်လိုက်ရသည်။

မြန်မာအမျိုးသားဘော်လီဘောအသင်းအနေဖြင့် ယမန်နေ့က အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး အင်ဒိုနီးရှားကို နှစ်မှတ်တည်းဖြင့် ကပ်ရှုံးသွား၍ ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ရသည်။ တတိယနေရာလုပွဲအဖြစ် ယနေ့ ဗီယက်နမ်နှင့် ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာတို့ ဗီယက်နမ်ကို ရှုံးနိမ့်ပြီး စတုတ္ထအဆင့်သာ ချိတ်နိုင်ခဲ့သည်။

မြန်မာဘော်လီဘောအသင်းသည် အုပ်စုပွဲများတွင်အနိုင်ကစားနိုင်ခဲ့သော်လည်း အကြိုဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲတွင် ရှုံးနိမ့်ခဲ့ရသည်။ သို့ရာတွင် မြန်မာဘော်လီဘောအသင်းသည် ပြိုင်ဘက်များကို အမှတ်ကပ်၍ရှုံးနိမ့်ခဲ့ရသောကြောင့် တိုးတက်လာသည်ဟုဆိုနိုင်ပါသည်။ မြန်မာဘော်လီအသင်းပြန်ပေးလိုက်ရသော အမှတ်များမှာ ဆာဗင်ကြောင့်ဖြစ်ကြောင်း သိရသည်။

**အမျိုးသမီးပြိုင်ပွဲ**

အမျိုးသမီးပြိုင်ပွဲအဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲပြတ်ဖြင့်ပင်ရှုံးနိမ့်ခဲ့ရသည်။ လက်ရှိဘော်လီဘောတွင် ထိုင်းအသင်းမှာ အမျိုးသားပြိုင်ပွဲရော အမျိုးသမီးပြိုင်ပွဲမှာပါ ထိပ်ဆုံးအဆင့်၌ရှိနေပြီး အင်ဒိုနီးရှားက ဒုတိယအကောင်းဆုံးအနေအထားတွင်ရှိသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-မောင်ဝင်း**







**ဒီဇင်ဘာ ၂၀ ရက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အမျိုးသား ၇၄-၈၀ ကီလိုတန်းမှ ဝင်ထွန်းလင်းနှင့် ဖိလစ်ပိုင်ကစားသမားတို့ ယှဉ်ပြိုင်နေစဉ်။**
ဓာတ်ပုံ-စိုးညွန့်

» စာမျက်နှာ ၁ မှ

မြန်မာအသင်းမှာ အနာခံမှအသာစံရမည်ဟူသောစိတ်ဓာတ်ဖြင့် ထိုးဖောက်ကစားခဲ့ရာ ပွဲပြီးရန် ၈ မိနစ် ၄၅ စက္ကန့်တွင် ကျောနံပါတ် ၁၀ သင်းသင်းလှိုင် သွင်းလိုက်သော လျှပ်တစ်ပြက်ရိုက်ချက်ဖြင့် အဖွင့်ဂိုးရရှိခဲ့ရာ သောင်းသောင်းဖြဖြအားပေးလိုက်သော ပရိသတ်၏လက်ခုပ်သြဘာသံသည် သိမ်ဖြူအားကစားကွင်းကို ဖုံးလွှမ်းစေခဲ့သည်။ ပြိုင်ပွဲပြီးရန် ၂ မိနစ်အလိုတွင် မြန်မာအသင်းမှ ထောင့်ကန်ဘော ငါးကြိမ်ပေးခဲ့ရ၍ ပရိသတ်တို့အသက်ရှူမှားစေခဲ့ပြီး မြန်မာအသင်းမှ အသင်းလိုက်ခံစစ်ဖြင့် ကြံ့ကြံ့ခံပိတ်ဆို့ကစားနိုင်ခဲ့၍ စင်ကာပူအသင်းက ချေပဂိုးပြန်မသွင်းနိုင်ဘဲ မြန်မာအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အောင်ပွဲရ မြန်မာအမျိုးသမီးဟော်ကီအသင်းကို ပရိသတ်ကြီးနှင့်အတူ ဟော်ကီအဖွဲ့ချုပ်မှတာဝန်ရှိသူများက ပွေ့ဖက်နှုတ်ဆက်ကြပြီး သက်တမ်းနုနုမြန်မာဟော်ကီအသင်းက အာရှအဆင့်ရှိသည့် စင်ကာပူအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် အောင်ပွဲခံနေသော အမျိုးသမီးဟော်ကီအသင်းကို အပြုံးဖြင့်ကြည့်နေသော ဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော် ညာဘက်မျက်ဝန်းမှ စီးကျနေသော ပီတိမျက်ရည်စတို့သည် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်အတွက် ဝမ်းသာဂုဏ်ယူသောမျက်ရည်စတို့ပင်ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**




# ဆီးဂိမ်းပြိုင်ပွဲကြည့်ရှုအားပေးသောပရိသတ်အား မာမားခေါက်ဆွဲဘူးများ အခမဲ့ဝေ

**ရန်ကုန်　ဒီဇင်ဘာ　၂၀**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပသောနေရာများတွင် လာရောက်ကြည့်ရှုအားပေးသော ပရိသတ်အား အဆာပြေအာဟာရအဖြစ် မိုင်လို၊ ခေါက်ဆွဲ(ချဉ်စပ်၊ အချို)တို့ဖြင့် ပြိုင်ပွဲကျင်းပသည့်နေ့တိုင်း အခမဲ့ပေးဝေလျက်ရှိကြောင်း သိရသည်။

ရန်ကုန်သိမ်ဖြူအားကစားကွင်း၌ အလေးမနှင့် ဟော်ကီပြိုင်ပွဲကျင်းပလျက်ရှိရာ အလေးမပြိုင်ပွဲ ဒီဇင်ဘာ ၁၆ ရက်တွင် ပြီးဆုံးသွား၍ ဟော်ကီပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိပြီး လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များကို အသင့်စားသုံးနိုင်သော မာမားခေါက်ဆွဲဘူးများအခမဲ့ပေးဝေခြင်းကြောင့် ကျောင်းသား ကျောင်းသူများ အဆာပြေအစားအစာအဖြစ် ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

"တစ်ကာတွန်းကို ၂၄ဘူး ပါပါတယ်။ ဆီးဂိမ်းမှာ ပရိသတ်ကို နေ့စဉ်ပေးဝေရတဲ့အတွက် ကျွန်တော်တို့အဖွဲ့အားလုံးဝမ်းသာပျော်ရွှင်ကြပါတယ်။ ဆီးဂိမ်းဖွင့်ပွဲနေ့ကစပြီး ကျွေးခဲ့တာပါ။ တစ်နေ့ကို ဘူးပေါင်း ၁၈၀၀ ကျော်ကုန်ပါတယ်။ ၄၄ နှစ်ကြာမှ ကျင်းပခွင့်ရရှိတဲ့ဆီးဂိမ်းပွဲတော်မှာ မာမားအနေနဲ့ဝင်ရောက်ပူးပေါင်းဆောင်ရွက်ခွင့်ရတာဂုဏ်ယူပါတယ်။ နေပြည်တော်ရှိ ပြိုင်ပွဲနှစ်နေရာမှာလည်း အခမဲ့ခေါက်ဆွဲဘူးတွေပေးဝေနေဆဲပါ။ ပုစွန်ချဉ်စပ်ကို ပရိသတ်ကပိုပြီးကြိုက်တာတွေ့ရပါတယ်" ဟု Markating Supervisar ကိုသီဟထွန်းက ပြောကြားသည်။

**သန်းထိုက် (လှိုင်သာယာ)**

# ကမ်ပိုအားကစားကီလိုတန်း အမျိုးသားအတိုက်ပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရရှိသူနှစ်ဦး၏ ရင်ဖွင့်စကားများ

**ရန်ကုန်　ဒီဇင်ဘာ　၂၀**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသော ကမ်ပိုအားကစားပြိုင်ပွဲ ကျင်းပရာနေရာသို့ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သော ပြိုင်ပွဲများအတွင်း ရွှေတံဆိပ်များဆွတ်ခူးရရှိထားကြသော ၅၀ ကီလို အမျိုးသားအတိုက်ပြိုင်ပွဲဖိုင်နယ်ပွဲစဉ်၌ ပထမဆု ရွှေတံဆိပ်ရ သန်းဝင်းနှင့် ၆၀ ကီလို အမျိုးသားအတိုက်ပြိုင်ပွဲဖိုင်နယ်ပွဲစဉ်၌ ပထမဆု ရွှေတံဆိပ်ရ ကျော်လင်းဦးတို့ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ဆုံမေးမြန်းခဲ့သည်။

ကမ်ပိုအားကစားပြိုင်ပွဲမှ ၅၀ ကီလို အမျိုးသားအတိုက်ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်၌ ပထမဆုရွှေတံဆိပ်ရရှိထားသော သန်းဝင်းနှင့် တွေ့ဆုံရာတွင် "ကျွန်တော့်ရဲ့ ဇာတိကတော့ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ကပါ။ ကျွန်တော်က မြိတ်မြို့ရဲ့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ ဒုတပ်ကြပ် ကရာတေးအားကစားသမားပါ။ ကရာတေးကို ၁၈ နှစ်သားကတည်းက စကစားခဲ့တာပါ။ ဒီဆီးဂိမ်း ကမ်ပိုပြိုင်ပွဲအတွက် မြန်မာနိုင်ငံကရာတေး အဖွဲ့ချုပ်က ခေါ်ယူပြီး ကမ်ပိုပြိုင်ပွဲအတွက် လွှဲပြောင်းပေးလိုက်တာပါ။ နေပြည်တော်မှာ ခုနစ်လ လေ့ကျင့်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပရီဆီးဂိမ်းမှာ ဝင်ရောက်ယှဉ်ပြိုင်တာရွှေတံဆိပ် တစ်ခုဆွတ်ခူးရရှိခဲ့ပါတယ်။ ဇွန်လပိုင်းကလည်း အင်ဒိုနီးရှားဖိတ်ခေါ်ပြိုင်ပွဲမှာ ငွေတံဆိပ် ဆွတ်ခူးရရှိခဲ့ပါသေးတယ်။ ဒီပွဲမှာ အင်ဒိုနီးရှားနဲ့ ပြိုင်ရတာ အခက်အခဲရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ နည်းပြဆရာတွေဖြစ်ကြတဲ့ အင်ဒိုနီးရှားနိုင်ငံမှ နည်းပြချုပ် ချန်ဒရာ၊ လက်ထောက်နည်းပြချုပ် တိုတိုနိုရာ၊ နည်းပြအားတီနဲ့ ဖရက်တီဒီ လေးဦးစလုံး၊ နောက်ပြီး မြန်မာနိုင်ငံက ကမ်ပိုနည်းပြနဲ့ တာဝန်ခံတွေဖြစ်ကြတဲ့ ဆရာဦးဇော်ဝင်း၊ ဆရာဦးကျော်ဌေးအောင် အပါအဝင် နည်းပြ ဆရာဆရာမအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ပွဲကြည့်ပရိသတ်တွေကိုလည်း အားပေးကြလို့ အထူးကျေးဇူးတင်ရှိပါတယ်။ ၂၀၁၅ ဆီးဂိမ်းပွဲတော်ကြီးမှာလည်း အခုလို ရွှေတံဆိပ်ရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ရင်ဖွင့်ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ်ပိုအားကစားပြိုင်ပွဲမှ ၆၀ ကီလို အမျိုးသားအတိုက်ပြိုင်ပွဲဖိုင်နယ်ပွဲစဉ်၌ ပထမဆုရွှေတံဆိပ်ရကျော်လင်းဦးအား တွေ့ဆုံမေးမြန်းရာ "ကျွန်တော့်ဇာတိက မူဆယ်မြို့ကပါ။အစတုန်းက မန္တလေးအား/ကာ သိပ္ပံက တိုက်ကွမ်ဒိုကစားသမားပါ။ ကျွန်တော့်ကို ဆီးဂိမ်းကမ်ပိုပြိုင်ပွဲဝင်ဖို့ နေပြည်တော် GOLD CAMP ကနေ ခေါ်လိုက်တာပါ။ လေ့ကျင့်တာ ၁၀လလောက်ရှိပါပြီ။ ဇွန်လတုန်းက အင်ဒိုနီးရှားဖိတ်ခေါ်ပြိုင်ပွဲမှာတော့ ဘာမှမရခဲ့ပါဘူး၊ ဆရာမ ဒေါ်စိုးစိုးမြကာ ကျွန်တော်နဲ့ အသင့်တော်ဆုံးဖြစ်တဲ့ ဒီနေရာကို ရွေးချယ်ပေးတာပါ။ ဆီမီးဖိုင်နယ် ပွဲစဉ်မှာတော့ အလွန်ရင်ခုန်ရပါတယ်။ ဒါပေမယ့် အားပေးကြတဲ့ ပရိသတ်တွေအရှိန်နဲ့ အားရှိသွားပါတယ်။ ဒီပွဲမှာ ရွှေတံဆိပ်ရရှိခဲ့လို့ အတိုင်းမသိဝမ်းသာပါတယ်။ ၂၀၁၅ ဆီးဂိမ်းမှာလည်း ဝင်ပြိုင်သွားဖို့ရှိပါတယ်" ဟု ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြသော ကမ်ပိုအားကစားသမားနှစ်ဦး ရင်ဖွင့်ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**



# မြန်မာဗိုဗီနမ်အဖွဲ့ ပဉ္စမမြောက်ရွှေရယူ



သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)များ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဇေယျာသိရိအားကစားရုံ၌ ဒုတိယမြောက်နေ့အဖြစ် ကျင်းပသော ဗိုဗီနမ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာက အပြ ပြိုင်ပွဲနှစ်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာဗိုဗီနမ်အားကစားမယ် ခိုင်ဝါဖူးက အမျိုးသမီးတစ်ဦးချင်း စွမ်းရည်ပြပွဲ အမျိုးအစားတစ်မျိုးဖြစ်သည့် Dragon Tiger Form ပြကွက်တွင် ဗိုဗီနမ်ချန်ပီယံကိုကျော်ဖြတ်ပြီး ရမှတ် ၂၇၀ ဖြင့် အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးနိုင်ခဲ့သည်။

"သမီးအနေနဲ့ ဒီပြိုင်ပွဲမှာ နိုင်ငံ့အတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဂုဏ်လည်းယူပါတယ်။ သမီးတို့ကို ဗိုဗီနမ်ပညာသင်ပေးခဲ့သူတွေကတော့ မြန်မာနည်းပြတွေနဲ့ ဗီယက်နမ်မှ ဗိုဗီနမ်ပညာရှင်တွေပဲဖြစ်ပါတယ်"ဟု ရွှေတံဆိပ်ဆုရှင် မခိုင်ဝါဖူးက မြန်မာ့အလင်းသို့ ပြောသည်။ အဆိုပါ ပြိုင်ပွဲအမျိုးအစားတွင် ဗီယက်နမ်က ရမှတ် ၂၆၆ မှတ်ဖြင့် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ တတိယဆုကို ကမ္ဘောဒီးယားမှ ဆွတ်ခူးရရှိသွားခဲ့သည်။

ပြကွက်အမျိုးအစားတစ်မျိုးဖြစ်သည့် Pair Sword Form ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နွေဦးခင်နှင့် နေဇာဝင်းတို့အတွဲက ဓားကကွက်ဖြင့် အိမ်ရှင်မြန်မာအတွက် ကြေးတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ယင်းအမျိုးသမီးနှစ်ယောက်တွဲ ဓားကကွက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ ဗီယက်နမ်က ငွေတံဆိပ်ဆု ဆွတ်ခူးသွားခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့သည် ယမန်နေ့က အဖွင့်ပွဲတွင် ကကွက်အမျိုးအစားမှ ရွှေတံဆိပ်ဆုသုံးခုဆွတ်ခူးနိုင်ခဲ့သဖြင့် ယနေ့အထိ ဗိုဗီနမ်မှ မြန်မာတို့ ရွှေတံဆိပ်ဆုငါးခု ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အတိုက်ပြိုင်ပွဲ အမျိုးသမီး ၆၀ ကီလိုတန်းတွင် မြန်မာမှ ဟေမာန်စိုး အကြိုဗိုလ်လုပွဲအထိ တက်နိုင်ခဲ့သော်လည်း စာမျက်နှာ ၂ »

## (၂၇)ကြိမ်မြောက် ဆီးဂိမ်း "မွေ" ပြိုင်ပွဲ (၂၁-၁၂-၂၀၁၃) ယနေ့ဗိုလ်လုမည်

**အမျိုးသား(၉)တန်း၌ မြန်မာလေးဦး ├ ဗိုလ်လုပွဲတက်ရောက်**
**အမျိုးသမီး(၄)တန်း၌ မြန်မာသုံးဦး ├ ဗိုလ်လုပွဲတက်ရောက်**

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၇)ကြိမ်မြောက် ဆီးဂိမ်း "မွေ"အားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့(၂၁-၁၂-၂၀၁၃)တွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲ "မွေ"ပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲ အတန်း(၉)တန်းကျင်းပခဲ့ရာ လေးဦး ဗိုလ်လုပွဲတက်ရောက်ပြီး အမျိုးသမီးပြိုင်ပွဲ (၄)တန်းတွင် မြန်မာအမျိုးသမီးသုံးဦး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

**ဗိုလ်လုပွဲတက်ရောက်ခဲ့သော အမျိုးသားလက်ရွေ့သမားများမှာ-**

| | |
|---|---|
| ၁။ စောဒါပို့ | ၅၄ ကီလိုတန်း |
| ၂။ မောင်မောင်တူး | ၆၇ ကီလိုတန်း |
| ၃။ ထွန်းထွန်းမင်း | ၇၁ ကီလိုတန်း |
| ၄။ အောင်မြင့်ဝင်း<br>(ခ)စောငမန်း | ၇၅ ကီလိုတန်း |

**အမျိုးသမီးလက်ရွေးစင်များမှာ-**

| | |
|---|---|
| ၁။ လှယဉ်မေ | ၄၈ ကီလိုတန်း |
| ၂။ ဂရေ့(စ်) | ၅၁ ကီလိုတန်း |
| ၃။ သူဇာဟန် | ၆၀ ကီလိုတန်း |

ဇော်မင်းအောင်



**ဒီဇင်ဘာ ၂၀ ရက်က နေပြည်တော် ငလိုက်ဆည်၌ ပြုလုပ်သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီတာ ၅၀၀ အမျိုးသား/အမျိုးသမီး တက် ၂၀ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-ကိုစိုးညွန့်

